www.burmeseclassic.com

တံခွန်တိုင်
စာပေတိုက်



# ရာဂဝင်ကြို

အမုန်းဘုံသွားအချစ်ရထား

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
မေသစ်တည်
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
[...]လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
[...]လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၅၀၀
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
ဖေဖော်ဝါရီ၊ ၂၀၁၅

### [illegible]

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### [illegible]

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### [illegible]

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### [illegible]

- စိုက်ပျိုးရေးကို မှီခိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### [illegible]

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရာဇဝင်ကို ထိုမိန်းကလေးပြုစားတတ်သည်

ရာဇဝင်ကို၊ ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၅၊
၂၆၈ စာ၊ ၁၂၀၀ X ၁၈.၅ စင်တီ
(၁) ထိုမိန်းကလေးပြုစားတတ်သည်



ပြည်လန်း
ဗိတ်ဝိဉ်ရှာတော်တေသည်....

တံခွန်တိုင်စာပေတိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀၊ ၀၉ ၇၃၀၆၉၈၂၂၊ ၀၉ ၄၂၁၀၁၉၆၇၈

www.burmeseclassic.com

www.burmeseclassic.com


ရာဇဝင်ကို



# အမုန်းဘုံသွား အချစ်ရထား

www.burmeseclassic.com

www.burmeseclassic.com




၅

ပါန္နီတိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

ဆေးရုံဝန်းထဲသို့ လူနာတင်ကားတစ်စီးက အရေးပေါ် အချက်ပေးသံပြုကာ ဝင်လာခဲ့သည်။ နောက်တော့ ကားပေါ်မှ သွေးအလိမ်းလိမ်းနှင့် ညည်းညူနေသော နေဝန်းနီဗိုလ်အား ဆေးရုံဝန်ထမ်းများနှင့် ဆရာဝန်တစ်ယောက်က သယ်ထုတ်လာကြကာ တွန်းလှည်းတစ်ခုပေါ်သို့ ပြောင်းရွှေ့တင်ပြီး တွန်းသွားကြသည်။

တစ်ချိန်တည်းမှာပဲ ဆေးရုံဝန်းထဲသို့ ပြိုင်ကားတစ်စီးက ဝင်လာကာ ကားပေါ်မှ ဆီဇာမင်းမြတ်၊ မင်းမျိုးနှင့် ရာဇာဦးတို့ ဆင်းလာကြသည်။ သုံးယောက်စလုံးက မျက်နှာမကောင်းကြချေ။

မရှေးမနှောင်းမှာပဲ နောက်ထပ်ကားတစ်စီးရောက်လာပြန်ကာ ထိုကားပေါ်မှ လမင်းထိန်ထိန်သာ၊ ဘုန်းထက်မြတ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝေဝေလှိုင်တို့က စိုးရိမ်ပူပန်နေသော မျက်နှာများဖြင့် အပြေးအလွှား ဆင်းလာကြကာ နေဝန်းနီကိုသယ်ထုတ်သွားရာ နောက်သို့ ပြေးလိုက်သွားကြသည်။ ထိုသို့ ပြေးလိုက်သွားရင်း ရှေ့ဆုံးမှ ပြေးလိုက်သွားသည့် လမင်းထိန်ထိန်သာက သူမအရင် ရှေ့က သွားနေသည့် ဆီဇာမင်းမြတ်ကို တိုးတိုက်မိသွားသည်။

လမင်းကတော့ ကိုယ့်ဇောနှင့်ကိုယ်မို့ မသိလိုက်။ ဆီဇာမင်းမြတ်ကတော့ ကိုယ့်အသားကို လာထိလျှင် မကြိုက်သည့် ထုံးစံအတိုင်း သူ့ကိုတိုးတိုက်သွားသူအား ဒေါသစိတ်နှင့် ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

ဒါပေမယ့် လမင်းထိန်ထိန်သာရဲ့ မျက်နှာကိုအတွေ့မှာတော့ ထွက်လုဆဲဆဲဒေါသတို့က ပျောက်ကွယ်သွားကာ ကျောက်ရုပ်တစ်ရုပ်လို လိုက်ငေးကြည့်နေမိတော့၏။

လမင်းက မောင်ဖြစ်သူရဲ့လက်တစ်ဖက်အား စိုးရိမ်ပူပန်စွာဖြင့် ဆုပ်ကိုင်ပေးထားရင်းမှ. . .

"မောင်လေး. . . သတိထားနော်မောင်လေး၊ မမ ရောက်လာပြီသိလား၊ မောင်လေး ဘာမှမဖြစ်တော့ဘူး၊ နော်. . မောင်လေး၊ စိတ်ကိုတင်းထားနော်၊ မောင်လေး. . . မမ ပြောနေတာကိုကြားလား၊ မောင်လေး. . . မောင်လေး"





လမင်းက တတွတ်တွတ်အားပေးစကားပြောလာပေမယ့် တွန်းလှည်းပေါ်မှာ သတိလစ်တစ်ချက်၊ မလစ်တစ်ချက်ဖြစ်နေသည့် နေဝန်းနီကတော့ ဘာမှမသိ၊ ဘာမှပြန်မပြောနိုင်။ ဒဏ်ရာတွေကို အံကြိတ်ခံစားရင်း ညည်းညူနေရှာ၏။ သူတို့နောက်ဘက်မှာတော့ ဘုန်းထက်မြတ်နှင့် ဒေါ်ဝေဝေလှိုင်တို့က ပြေးလွှားပါလာကြသလို အဲဒီရဲ့နောက်မှာတော့ ဆီဇာမင်းမြတ်တို့အုပ်စုက ပါလာကြသည်။

Operation အခန်းနားသို့ အရောက်မှာတော့ နာ့စ်မလေးတစ်ဦးက အားလုံးကို ဝေ့ဝဲကြည့်လိုက်ကာ. . .

"မဆိုင်တဲ့သူတွေ အပြင်မှာပဲ စောင့်နေပေးပါ၊ အထဲကို လိုက်ဝင်လို့ မရပါဘူး"

ပြောကာ နေဝန်းနီကို Operation အခန်းထဲ သွင်းအပြီးမှာတော့ အခန်းတံခါးကို ပိတ်သွားသည်။ ကျန်တဲ့လူတွေပဲ အပြင်မှာ ရပ်စောင့်ကာ ကျန်ရစ်နေခဲ့ကြ၏။

လမင်းက ဆောက်တည်ရာမရဖြစ်နေကာ အနားမှာရှိသည့် ဘုန်းထက်မြတ်ကို ကြည့်လိုက်ရင်း. . .

"မောင်လေး. . . မောင်လေး ဘာမှမဖြစ်လောက်ပါဘူးနော် ကိုဘုန်း၊ မောင်လေး ကောင်းသွားမှာပါနော်၊ ဟုတ်တယ်မလား. . . မောင်လေးကောင်းသွားမှာပါနော် ကိုဘုန်း. . . အဟင့်. . . ဟင့်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထက်မြတ်က လမင်းကို ဖေးဖေးမမထွေးဖက်ပေးထားလိုက်ရင်းက. . .

"ကောင်းသွားမှာပါ လမင်းရယ်၊ နေဝန်းဘာမှမဖြစ်ပါဘူး၊ နေဝန်းကို ဘုရားက စောင့်ရှောက်မှာပါ၊ မငိုနဲ့တော့နော်၊ တိတ်တော့. . . နေဝန်းကောင်းသွားမှာပါ"

ဟု ဆိုဖြစ်သည်။

ဒေါ်ဝေဝေလှိုင်ကတော့ ရသမျှ ဘုရားစာများကို နေဝန်းနီအတွက် ရွတ်ပေးနေရှာ၏။ ဆီဇာမင်းမြတ်တို့အုပ်စုကတော့ မလှမ်းမကမ်းက ထိုင်ခုံတွေပေါ်မှာထိုင်ကာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြဘဲ ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်နေကြသည်။

ဒီလိုနှင့် အချိန်တွေအတော်ကြာသွားပြီးနောက်မှာတော့ ခွဲစိတ်ခန်းအခန်းတံခါးက ပြန်လည်ပွင့်လာကာ အခန်းထဲမှ ဆရာဝန်ကြီး ထွက်လာသည်။

လမင်းက ဆရာဝန်ကြီးဆီ အပြေးအလွှားတိုးကပ်သွားလိုက်ရင်း မျှော်လင့်တကြီးမျက်နှာဖြင့်. . .

"ဆရာ. . . မောင်လေးအခြေအနေ. . . ကျွန်မ မောင်လေးအခြေအနေ ဘယ်လိုရှိလဲဟင်. . ."





ဆရာဝန်ကြီးက ခေါင်းကိုတစ်ချက် ခါယမ်းလိုက်ရင်းမှ. . .

"စိတ်မကောင်းပါဘူးဗျာ၊ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ လူနာရဲ့အသက်ကို ကယ်ခဲ့ကြပါတယ်၊ ဒါပေမယ့် လူနာရခဲ့တဲ့ဒဏ်ရာတွေက တအားပြင်းလွန်းတော့ မအောင်မြင်ခဲ့ပါဘူး၊ လူနာ ဆုံးသွားပါပြီ"

"ရှင်. . ."

"ဘုရား. . . ဘုရား. . ."

ဆရာဝန်ကြီး၏ စကားအဆုံးမှာတော့ အာမေဍိတ်သံတွေနှင့်အတူ လမင်းက ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ကျသွားသည်။ ဆီဇာမင်းမြတ်တို့အုပ်စုလည်း မျက်နှာတွေ ပျက်သွားကြ၏။

"လမင်း. . ."

ဘုန်းထက်မြတ်က လမင်းအတွက်စိတ်ပူသွားရကာ လဲကျသွားသည့် လမင်းကို ပြေးထိန်းလိုက်သည်။

"ကိုဘုန်း. . . မောင်လေး. . . မောင်လေး. . . အိ. ."

လမင်းက အဲဒီလောက်ပဲ ပြောလိုက်နိုင်ကာ စကားက ဆက်ထွက်မလာတော့ဘဲ ဆို့နင့်နေရှာသည်။ ဒေါ်ဝေဝေလှိုင်ကလည်း မျက်ရည်ကိုအသာတို့သုတ်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်ဆိုးလိုက်တာ နေဝန်းရယ်၊ အဖြစ်ဆိုးလိုက်တာ၊ မင်းအစား ဒေါ်လေးပဲဖြစ်လိုက်ပါတော့လားကွယ်. . ."

လမင်းက အရမ်းကိုပဲ ဆို့နင့်နေဟန်ဖြင့် ဘာအသံမှကို ထွက်မလာတော့ဘဲ "အိ. . . အိ. . ."နဲ့သာ ဖြစ်နေကာ မျက်လုံးများက ပြူးကြောင်နေတော့သည်။

"လမင်း. . . သတိထားဦးလေ၊ လမင်း. . . ကိုယ်ပြောနေတာကြားလား။ သတိထားဦးလို့ . . လမင်း. . ."

ဘုန်းထက်မြတ်က လမင်းကို ကိုင်လှုပ်ကာ ခေါ်တော့မှ လမင်းက သတိပြန်ဝင်လာကာ ဆို့နင့်နေရာက အိခနဲတစ်ချက် အသံထွက်လာပြီး. . .

"အိ. . . ကို. . . ကိုဘုန်း. . . မောင်လေး. . . လမင်းရဲ့မောင်လေးကို ကယ်ပါဦး ကိုဘုန်းရယ်. . ."

"လမင်းရယ်. . ."

ဘုန်းထက်မြတ်က လမင်းကို ထွေးဖက်ထားလိုက်တော့ လမင်းက ဘုန်းထက်မြတ်၏ ရင်ခွင်ထဲမှာ နင့်သည်းစွာ အူလှိုက်သည်းလှိုက် ငိုတော့သည်။

အဲဒီလိုငိုနေတုန်းမှာပဲ ရာဇာဦးရဲ့ဖုန်းကမြည်လာကာ စကားနည်းငယ်ပြောအပြီးမှာတော့ သူက ဆီဇာမင်းမြတ်ဆီကို သူ့ဖုန်းအား ကမ်းပေးလိုက်ကာ. . .





"ဆီဇာ. . . မင်းဖုန်း၊ မင်းဦးလေးဆီက ဆက်တာ၊ မင့်ဖုန်းက ခေါ်လို့မရလို့တဲ့"

ဆီဇာမင်းမြတ်က လမင်းထိန်ထိန်သာ့ကို စိတ်မကောင်းစွာကြည့်နေရာမှ ရာဇာဦးစကားကြောင့် ရာဇာဦးလက်ထဲက ဖုန်းကို လက်လွှဲယူလိုက်သည်။

ဒါပေမယ့် အဲဒီအဖြစ်အပျက်နှင့်အတူ "ဆီဇာ" ဆိုသည့် နာမည်ကိုအကြားမှာတော့ လမင်းထိန်ထိန်သာရဲ့စိတ်ကလည်း ဆတ်ခနဲဖြစ်သွားသည်။ တစ်ဆက်တည်းလိုလိုပဲ ဝမ်းနည်းပူဆွေးနေသည့် လမင်းထိန်ထိန်သာရဲ့ မျက်လုံးတွေက ဒေါသအရိပ်အငွေ့တွေ ယှက်သိုင်းလာကာ နေရာကနေ ဆတ်ခနဲထသွားလိုက်ပြီးနောက် ဖုန်းပြောဖို့ပြင်နေသည့် ဆီဇာမင်းမြတ်ဆီကို ခြေလှမ်းကျဲကြီးတွေဖြင့် လျှောက်သွားလိုက်ကာ ဆီဇာမင်းမြတ်ရဲ့ပါးကို အားရှိသမျှ ခပ်ပြင်းပြင်း ရိုက်ချလိုက်လေသည်။

"ဟာ. . ."

အာမေဋိတ်သံတွေ ဆူညံသွားကာ ဆီဇာမင်းမြတ်ရဲ့ မျက်နှာက တစ်ဖက်ကို လှည့်ထွက်သွားသည်။

"လမင်း"

ဘုန်းထက်မြတ်က လမင်းဆီကို ပြေးသွားသည်။ လမင်းကတော့ ပါးကိုချပြီးတာတောင် အားမရသေးဘဲ ဆီဇာမင်းမြတ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့အကျီကိုရင်ဘတ်ကနေ ဆောင့်ဆွဲကာ တွန်းထိုးထုရိုက်ရင်းမှ. . .

"အယုတ်တမာကောင်. . . ငါ့မောင်သေရတာ နင့်ကြောင့်၊ နင့်ကြောင့် ငါ့မောင်သေရတာ၊ နင့်ကို ငါသတ်မယ်၊ နင့်ကို ငါသတ်မယ်. . ."

ဘုန်းထက်မြတ်က လမင်းကို ဝင်ဆွဲကာ ထိန်းသည်။ ဆိဗာမင်းမြတ်ကတော့ လမင်းကို ငေးကြောင်လို့သာ ကြည့်နေတော့၏။

"လမင်း. . . မလုပ်ပါနဲ့ လမင်းရယ်. . . မလုပ်ပါနဲ့၊ စိတ်ထိန်းပါ လမင်းရယ်. . . လမင်း. . ."

လမင်းက တွန်းထိုးရုန်းကန်လွန်းလာတော့ ဘုန်းထက်မြတ်တစ်ယောက်တည်းပင် မနိုင်တော့ဘဲ ဒေါ်ဝေဝေလှိုင်ကပါ တစ်ဖက်ကနေဖမ်းချုပ်ကာ ထိန်းထားရတော့သည်။

"လွှတ်. . . လမင်းကိုလွှတ်. . . သူ့ကိုသတ်မယ်၊ လမင်းကိုလွှတ်စမ်းပါ ကိုဘုန်းရယ်၊ ဒင်းကို သတ်ရမှ လမင်းကျေနပ်မယ်. . . လွှတ်စမ်းပါ. . ."

"လမင်း. . . စိတ်ထိန်းပါဆိုကွာ၊ လမင်း. . . ကိုယ်ပြောနေတယ်လေ. . ."



# အမုန်းဘုံသွား အချစ်ရထား

လမင်းက ဆိဗာမင်းမြတ်ကို မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် စိုက်ကြည့်ကာ သူ့အနားကို တိုးကပ်သွားရဖို့ ရုန်းသည်။ ဘုန်းထက်မြတ်နဲ့ ဒေါ်ဝေဝေလှိုင်တို့ကလည်း လွှတ်မပေးဘဲ လမင်းကိုထိန်းထားကာ ဖျောင်းဖျကြသည်။

လမင်းကတော့ ဘယ်သူပြောတာကိုမှ နားမဝင်ဘဲ အော်ဟစ်ရုန်းကန်နေ၏။

"အယုတ်တမာကောင်. . . လူယုတ်မာ၊ ခွေး. . . နင့်ကြောင့် ငါ့မောင်သေရတာ၊ နင့်ကို မုန်းတယ်၊ နင့်ကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်သိလား. . ."

အဲဒီလို အော်ဟစ်ရုန်းကန်နေရင်းကနေမှ လမင်းက ဝမ်းနည်းကြေကွဲခြင်း၊ ဒေါသထွက်ခြင်း၊ ယူကြုံးမရခြင်းစသော ခံစားချက်တွေ စုပြုံပြောင်းဆန်ကာ သတိလစ်လဲကျသွားတော့တာဖြစ်သည်။

"လမင်း. . . လမင်း. . ."

"လမင်း. . . သမီး. . . သတိလစ်သွားပြီ. . . ဆရာဝန်ခေါ်ကြပါ. . . ဆရာဝန်ခေါ်ပေးကြပါရှင်. . ."

ဘုန်းထက်မြတ်နဲ့ ဒေါ်ဝေဝေလှိုင်တို့က လမင်းကို လှုပ်နှိုးသူကနှိုး၊ ဆရာဝန်ကို အော်ဟစ်ခေါ်သူကခေါ်နှင့် ဆူညံပွက်လောရိုက်သွားကြသည်။


www.burmeseclassic.com

www.burmeseclassic.com

နောက်တော့ ဆရာဝန်ကြီးတစ်ယောက်နှင့်အတူ နာ့စ်မလေး တစ်ဦးတို့ အပြေးအလွှားရောက်လာကြကာ လမင်းကို အခန်း တစ်ခုအတွင်းသို့ ခေါ်သွင်းသွားစေသည်။

ဒီတော့မှ နေရာမှာ ငေးကြောင်နေသည့် ဆီဇာမင်းမြတ် ကို သူငယ်ချင်းတွေက ပြန်ဖို့ပြောကာ ခေါ်ထုတ်လာဖြစ်ကြ သည်။ ဆီဇာမင်းမြတ်က ကားကို အသိမှတ်မဲ့မောင်းလာရင်းမှ နောက်ကြည့်မှန်ထဲမှ ကိုယ့်ပါးကိုကိုယ် တစ်ချက်ပြန်ကြည့်သည်။ အရိုက်ခံလိုက်ရသော ပါးတစ်ဖက်က နီရဲနေ၏။

သူက သူ့ပါးကိုရိုက်ဖို့မပြောနှင့်။ သူ့ကို မျက်လုံးနှင့် မကြည့်ကြည့် ကြည့်တာကိုတောင်မှ ငြိမ်ခံနေတတ်သည့် လူစားမျိုး မဟုတ်ပါ။ တစ်ဖက်က တစ်ချက်ဆို သူက လေးငါးဆယ်ချက် လောက် ပြန်ဆော်ပစ်လိုက်ပြီးသား။ ဒါပေမယ့် အခုလို မိန်းမ တစ်ယောက်က သူ့ပါးကို လာရိုက်သည့်ဖြစ်ရပ်မှာ ဘာ့ကြောင့် သူဒေါသမထွက်သနည်း။ ဘာကြောင့် ငြိမ်ခံနေလိုက်သနည်း။ ဘာလို့လက်တုံ့ပြန်ဖို့ မကြိုးစားခဲ့သနည်းဆိုတာကိုတော့ သူ လည်း သူ့ကိုယ်သူ နားမလည်နိုင်တော့ပါချေ။



လမင်းက သတိလစ်နေရာကနေ လူးလွန့်ကာ သတိရ လာသည်နှင့် တစ်ပြိုင်နက် ပထမဦးဆုံးသတိရလိုက်သည်က မောင်လေးဆုံးသွားပြီ ဆိုတာကိုပဲဖြစ်သည်။

“ဟော. . . လမင်းသတိရလာပြီ၊ မောင်ဘုန်းထက် မြတ် . . . လမင်း သတိရလာပြီ”

ဒေါ်ဝေဝေလှိုင့်စကားကြောင့် ခေါင်းငိုက်စိုက်ကျနေ သည့် ဘုန်းထက်မြတ်ရဲ့ ဦးခေါင်းက ဆတ်ခနဲမော့လာကာ. . .

“ဟင်. . . လမင်း၊ လမင်း သတိရလာပြီနော်. . .”

“မောင်လေး. . . မောင်လေး. . .”


www.burmeseclassic.com

www.burmeseclassic.com



လမင်းက ဘယ်သူ့ကိုမှ အဖက်မလုပ်။ သူ့မခေါင်းထဲမှာ သူ့မမောင်သာရှိနေလေတော့ ခုတင်ပေါ်ကနေ ဖျတ်ခနဲခုန်ဆင်းကာ အပြင်ကိုထွက်ဖို့ လုပ်သည်။

ဒါပေမယ့် ဘုန်းထက်မြတ်က လမင်းကို သွားခွင့်မပေးဘဲ တားထားရင်းက. . .

"တရားနဲ့ဖြေပါ လမင်းရယ်၊ တရားနဲ့ဖြေပါ၊ ကိုယ်တို့တွေ ဘာတတ်နိုင်တော့မှာ မို့လို့လဲ၊ နေဝန်းအတွက် ရည်စူးပြီး ကိုယ်တို့တွေ ကုသိုလ်များများလုပ်ပေးကြတာပေါ့ကွာ. . . နော်. . . လမင်း. . . နော်. . ."

ဟုဆိုသည်။

လမင်းကတော့ အပြင်ကိုထွက်ရဖို့ ဘုန်းထက်မြတ်ကို ရှောင်ကွင်းနေရင်းက. . .

"ဟင့်အင်း. . . ဟင့်အင်း. . . လမင်း မောင်လေးကို သွားကြည့်မယ်၊ ဖယ်ပါ ကိုဘုန်းရယ်၊ လမင်း သွားပါရစေ၊ လမင်းကို သွားခွင့်ပေးပါ. . ."

"လမင်းရယ်. . . ကိုယ်တကယ်စိတ်မကောင်းပါဘူးကွာ၊ လမင်း ခံစားနေရတာကိုကြည့်ပြီး နေဝန်းရဲ့အသက်ကို ကိုယ့်အသက်နဲ့ လဲလို့ရရင်တောင် လဲပေးလိုက်ချင်ပါတယ်"





ပြောကာ ဘုန်းထက်မြတ်က တွန်းထိုးရှောင်ကွင်းသွားဖို့လုပ်နေသည့် လမင်းကို တင်းကြပ်စွာ ဆွဲယူဖက်ထားလိုက်သည်။ လမင်းက ဘုန်းထက်မြတ်ရင်ခွင်ထဲကနေ ရုန်းထွက်ဖို့ လုပ်နေရင်းကနေ. . .

"အဟင့်. . . ဟင့်. . . လမင်းရဲ့မောင်လေးက အခုမှ ငယ်ငယ်လေးပဲရှိသေးတာ၊ နေမယ်ဆိုရင် ဘဝမှာ ပျော်ပျော်ရွှင်ရွှင်နဲ့ အကြာကြီးပဲ နေရဦးမှာ၊ အခုတော့. . . အခုတော့. . . အဟင့်. . . ဒင်းကြောင့်၊ အဲဒါ ဆီဇာမင်းမြတ်ဆိုတဲ့ အယုတ်တမာကောင်ကြောင့်၊ မကျေဘူး၊ ဒင်းကို ဒီတစ်သက် လုံးဝမကျေဘူး၊ မုန်းတယ်၊ နင့်ကို အရမ်းမုန်းတယ် ဆီဇာမင်းမြတ်၊ ငါတို့မောင်နှမနှစ်ယောက်ကို နင်ခွဲလိုက်တာ၊ ငါ့ရင်ကွဲရသလို နင်လည်း ဘဝအဆက်ဆက် နင်ချစ်တဲ့သူတွေနဲ့ ကွဲကွာပြီး ရင်ကွဲနာကျပါစေလို့ ငါကျိန်စာတိုက်တယ်၊ မုန်းတယ်၊ နင့်ကိုငါသတ်ပစ်ချင်လောက်အောင် မုန်းတယ် ဆီဇာမင်းမြတ်"

လမင်းက ဒေါသတကြီးအော်ဟစ်ပြောဆိုကာ ငိုပြန်သည်။ ဒေါ်ဝေဝေလှိုင်ကလည်း မျက်ရည်တွေကို အသာသုတ်နေရင်းက တစ်ဖက်လှည့်ကာ တအိအိနှင့် ငိုပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းထက်မြတ်ကတော့ ချစ်ရသူကို ရင်ခွင်ထဲမှာ တင်းကြပ်စွာ ဖက်တွယ်ထားရင်းမှ နှစ်သိမ့်ပေးနေရသည်။ ဒါပေမယ့် သူသည်လည်း နှစ်သိမ့်ပေးရုံကလွဲပြီး ဘာများတတ်နိုင်ပါမည်နည်း။ လောကဆိုတာကြီးက ကိုယ့်ဖြစ်ချင်တာ ဖြစ်ခွင့်ရကြတာမှ မဟုတ်တာပဲ။ ဒီလိုအချိန်မှာ ဒီလိုဖြစ်ရမယ်ဆိုတာက အကြောင်းပါလာပြီးသားပဲလေ။

သူက သက်ပြင်းမောကိုသာ မွန်းကြပ်စွာနဲ့ မှုတ်ထုတ်ပစ်လိုက်မိတော့၏။

"လမင်းရယ် . . ."








www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

ဆီဇာမင်းမြတ်၊ မင်းမျိုးနဲ့ ရာဇာဦးတို့က shopping center တစ်ခုကို ဈေးလာဝယ်ကြတာဖြစ်သဖြင့် ကားကိုပါကင်ထိုးရန်အတွက် လွတ်သည့်နေရာကို ရှာကြရသည်။ လွတ်သည့်နေရာကို အတွေ့မှာတော့ ဆီဇာက လေတစ်ချက် ချွန်ထိုတ်ကာ ကားကိုနောက်ပြန်ဆုတ်ကာ ထိုလွတ်နေသော နေရာမှာ ပါကင်ထိုးဖို့လုပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ တခြားကားတစ်စီးက ထိုနေရာကို လျှောခနဲ ခေါင်းနှင့်ဦးတည်ကာ ဝင်လာသောအခါမှာတော့ ကားနှစ်စင်းပွတ်ဆွဲသံက ဗြင်းခနဲ ခပ်ကျယ်ကျယ်ထွက်လာတော့၏။

"ဟာ. . . ထိသွားပြီကွ"

ရာဇာဦးဆီက အသံထွက်လာသလို ကိုယ့်ကားကို အသက်ထက် တန်ဖိုးထားတတ်သော ဆီဇာသည်လည်း ဒေါသက ထောင်းခနဲ ထွက်သွားရသည်။

"ဟား. . . ဘာလဲကွာ၊ ဘာလိုင်းကြီး"

"ဒါသက်သက် ကြောတာကွ"

"ဒါမျိုးတော့ လာမလုပ်နဲ့၊ မရဘူး "

စကားနှင့်တစ်ပြိုင်နက် လူကလည်း အောက်ကိုဆင်းပြီး သားပင်ဖြစ်သွားကာ တစ်ဖက်လူဆီလျှောက်သွားလိုက်ရင်းမှ. . .

"ဟော့ကောင်. . . မင်းဘယ်လိုလုပ်လိုက်တာလဲ"

သူ့စကားသံအဆုံးမှာပင် ကားပေါ်မှ သူနှင့် ရွယ်တူ တန်းတူလောက်သာရှိမည့် ဘဲတစ်ဗွေနှင့်အတူ ကောင်မလေး တစ်ယောက် ဆင်းချလာသည်။ အတွဲတွေဖြစ်မည်ထင်၏





သည်။ ဒါပေမယ့် သူတို့တွေ ဘာဆိုတာက သူ့အတွက် **အရေး** မကြီး။ သူ့အတွက်အရေးကြီးတာ သူ့ကားပင်ဖြစ်သည်။

"တောင်းပန်ပါတယ်ကွာ၊ ငါက မင်းတို့ကားကို ပါကင်ထိုးမယ့်ကားလို့ မထင်ဘူး၊ ထွက်မယ့်ကားထင်လိုက်လို့ပါ"

"ဟား. . . ထွက်မယ့်ကားမှန်း ပါကင်ထိုးမယ့်ကားမှန်းတောင် မသိရအောင် မင်းစောက်လုံးက ကန်းနေလို့လား"

သူက အမြင်ကတ်ကတ်နှင့် ခပ်ရင့်ရင့်ပင် ပြောပစ်လိုက်တော့ ငတိကလည်း သူ့ကောင်မလေးရှေ့မှာဆိုတော့ အနည်းငယ် ရှူးရှူးရှားရှားဖြစ်သွားသည်။

"ဟော့ကောင်. . . မင်းစကားပြောတာ မမိုက်ရိုင်းနဲ့၊ ငါ မင်းကို ပြေရာပြေကြောင်းပြောနေတာ၊ မင်းကားပွတ်မိသွားတယ်မလား၊ ငါလျော်ပေးမယ်၊ ပြော. . . ဘယ်လောက်လျော်ပေးရမလဲ"

"ဟော့ကောင်. . ."

သူက ခပ်ဆတ်ဆတ်ပြောလိုက်ကာ ငတိနှင့် မျက်နှာချင်း ထိကပ်မတတ် တိုးကပ်သွားလိုက်ရင်းမှ. . .

"ငါမင်းကို ငွေအကြောင်းပြောနေတာ မဟုတ်ဘူး၊ မင်းကားမောင်းတာ ပုံစံမကျလို့ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . . ငါမှားသွားလို့ မင်းကို တောင်းပန်နေတယ်လေ"

တေပိုံစံကလည်း စိတ်မရှည်တော့သည့် အထာ။ သူက တေစကားကြောင့် မျက်ခုံးတွေကို တမင်ပင့်တင်ပစ်လိုက်ရင်းက. .

"ဟား. . . လုပ်ချင်ရာ လုပ်ပြီးတော့မှ အဲလိုတောင်းပန်လို့ ရတယ်ပေါ့ ဟုတ်လား၊ ဟင်း. . . ကြိုက်သွားပြီ၊ မင်း စကားနဲ့မင်းနေဉ်"

ဟုဆိုကာ သူငယ်ချင်းတွေဘက်သို့လှည့်ပြီး တစ်ခါတည်းပြောလိုက်သည်။

"ဟေ့ကောင်တွေ ကားပေါ်တက်"

သူငယ်ချင်းတွေ ကားပေါ်တက်အပြီးမှာတော့ သူက ကားကို လီဗာခပ်ပြင်းပြင်းနင်းကာ ရှေ့ဘက်သို့ အနည်းငယ်မောင်းထွက်လိုက်ပြီးနောက် ဘက်ခ်ဂီယာထိုးကာ တေရဲ့ကားကို ခပ်ပြင်းပြင်း ဝင်ဆောင့်ပစ်လိုက်သည်။

တေမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကာ ပျာပျာသလဲပုံစံဖြင့် သူ့ကားမှန်ဘေးသို့ ရောက်လာသည်။

"ဟာ. . ဟေ့ကောင်. . . မင်းမိုက်ရိုင်းလှချည်လား။ ဘယ်လိုလုပ်လိုက်တာလဲ"





တေစကားအဆုံး သူက ကားမှန်ကိုချ၊ တေကိုလည်း သရော်တော်တော်ပြုံးပြလိုက်ပြီးနောက်. . .

"ဆောရီးကွာ. . . အဟက်. . ."

ဟုဆိုကာ ကားကို ဝေါခနဲမောင်းထွက်လာခဲ့လိုက်သည်။ တေကတော့ ဒေါသတကြီးနှင့် ခုန်ပေါက်ကာ ကျန်နေခဲ့တော့သည်။ မသိရင် မှတ်ထား ချွတ်တားရဲ့။ ငါနာမည် ဆီဇာမင်းမြတ်တဲ့။ ဘယ်သူ့ကျောတာကိုမှ မခံဘူး။



www.burmeseclassic.com

www.burmeseclassic.com





Pioneer club မှာ နေဝန်းနီတို့အဖွဲ့က ကဲနေကြသည်။ dancing floor မှာ ကနေကြပြီးနောက် မောလာကြသောအခါ ဘေးနားက သူတို့ယူထားသည့် ဝိုင်းမှာထိုင်ကာ ဘီယာသောက်ရင်း အမောဖြေနေကြသည်။

အဲဒီလိုအချိန်မှာပဲ ကလပ်ထဲကို ဆိဇာမင်းမြတ်တို့အုပ်စု ဝါရောက်လာကာ ကနေတာကို နေဝန်းနီက မြင်သွားသည်။ ဒီမှာတင်ပဲ နေဝန်းနီက ဘေးနားမှာရှိနေသည့် ရှားလဲ့မေကို . .



www.burmeseclassic.com

www.burmeseclassic.com



"မေ. . . ဒီနားမှာ ခဏနေခဲ့ဦးနော်၊ ကိုယ်ခဏလောက် သွားကလိုက်ဦးမယ်"

"အိုခေ. . ."

နောက်တော့ နေဝန်းနီက သူငယ်ချင်းများဖြစ်သည့် ကျော်ကြားနှင့် ဇေယျာတို့ဘက်သို့ မျက်စတစ်ချက်ပစ်ပြလိုက်ကာ သုံးယောက်သား အကကြမ်းပြင်သို့ နောက်တစ်ခေါက် ဝင်ရောက်လာခဲ့လိုက်ကြသည်။

ဒီဂျေက "အမဲလိုက်အက" သီချင်းကို ဖွင့်ပေးနေတာမို့ ထိုသီချင်းနဲ့အတူ မြူးတူးစွာကနေကြရင်းကနေ နေဝန်းနီက ဆီဇာမင်းမြတ်အနားသို့ တိုးကပ်သွားလိုက်သည်။ ဆီဇာမင်းမြတ်အနားသို့ရောက်သောအခါမှာတော့ မတော်တဆထိသလိုလို ပုံစံမျိုးဖြင့် ဆီဇာမင်းမြတ်အား နေဝန်းနီက ကိုယ်လုံးနှင့် ခပ်ပြင်းပြင်း ဝင်ဆောင့်ပစ်လိုက်သည်။

ပြီးမှ ဘာမှမဖြစ်သည့် ပုံစံမျိုးဖြင့်. . .

"ဆောရီးကွာ. . ."

ပြောပြီးနောက် ခပ်မြူးမြူးစတိုင်လ်ဖြင့် သုံးယောက်သား ပြန်လာလိုက်ကြကာ ရှားလဲ့မေရဲ့ဘေးမှာ ဝင်ထိုင်လိုက်ကြပြီး နောက် ဘီယာခွက်တွေကို ကိုင်မြှောက်၍ အောင်ပွဲခံလိုက်ကြ သည်။





"ချီးယား. . ."

အဲဒီလိုအောင်ပွဲခံနေသည့်အချိန်မှာပဲ အကျောခံလိုက် ရသည့် ဆီဇာမင်းမြတ်က သူတို့ဝိုင်းနားသို့ရောက်ချလာကာ ဘာမပြောညာမပြောနှင့် ရှားလဲ့မေအား လက်မှဖွတ်ခနဲဆွဲခေါ် ချသွားကာ ကနေသည့်လူတွေကြားထဲမှာ အတင်းဖက်ကာ သူနဲ့အတူ လှုပ်ရှားတာ ကစေသည်။

နောက်တော့ နေဝန်းနီတို့ရောက်လာကာ တစ်ယောက် တစ်လဲ ထိုးကြကြိတ်ကြရင်းက ရှုန်းရင်းဆန်ခတ်တွေဖြစ်ကုန် ကြကာ လုံခြုံရေးတွေရောက်လာပြီး ဆွဲကြဖျန်ဖြေကြရတော့ သည်။

နှစ်ဖက်စလုံး ဒေါသအလျှောက်ထိုးကြကြိတ်ကြတာဆို တော့ ဘယ်သူမှမသက်သာ၊ အားလုံးလိုလို အထိနာကြသည်။



www.burmeseclassic.com

www.burmeseclassic.com





လမင်းထိန်ထိန်သာက နေဝန်းနီ၏မျက်နှာမှ ဒဏ်ရာတွေကို ကြုပ်ထုပ်ထိုးပေးနေရင်း ရန်ဖြစ်လာသည့်ကိစ္စကို မကျေနပ် ပြောနေသည်။

"မင်းကို လူငယ်တစ်ယောက်မို့လို့ လူငယ်တစ်ယောက်ရဲ့ အခွင့်အရေးကို အပြည့်အဝပေးထားတယ်နော်၊ ဒါပေမယ့် မမ မင်းကို ရန်မဖြစ်ရဘူးလို့ မှာထားတယ်မလား၊ အခု ကြည့်စမ်း၊ မျက်နှာတစ်ခုလုံး ရစရာကိုမရှိဘူး၊ ညိုမည်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အား. . . နာတယ်မမရဲ့၊ သာသာလုပ်ပါ၊ ကျွန်တော်လည်း ဘယ်ဖြစ်ချင်ပါ့မလဲ၊ ဒါပေမယ့် သူက သက်သက်မဲ့ ရန်လာစနေတာလေ၊ ကျွန်တော်က ဒီအတိုင်းငြိမ်ခံနေရမှာလား"

လမင်းတို့မှာက မိဘတွေမရှိတော့ချေ။ လမင်းဘွဲ့ရသောနှစ်မှာပဲ မိဘတွေက နယ်ဘက်ကို အလုပ်တစ်ခုနှင့်သွားရင်းက လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားခဲ့ကြတာဖြစ်သည်။ ထိုအချိန်ကစပြီး လမင်းတို့မောင်နှမ်သာ ကျန်နေခဲ့ရကာ နေဝန်းနီအတွက် လမင်းသာလျှင် အမေ၊ လမင်းသာလျှင် အဖေဖြစ်သည်။

သူမတို့နှင့်အတူ ဖခင်ဘက်ကတော်သည့် အဒေါ်ဖြစ်သူ ဒေါ်ဝေဝေလှိုင်က လာနေပေးလို့သာ သူမတို့မောင်နှမအတွက် အုပ်ထိန်းသူရှိနေခဲ့တာဖြစ်သည်။ ဒါပေမယ့် လမင်းက စိတ်မာသည်။ အရာရာကို ဦးစီးဦးဆောင်ပြုနိုင်သည်။ ဒေါ်ဝေဝေလှိုင်မရှိလည်း သူမကတော့ သူမဘဝကို ကောင်းကောင်းထိန်းသိမ်းနိုင်မည့်သူမျိုးဖြစ်သည်။ ဒါပေမယ့် လမင်းစိတ်ပူတာက နေဝန်းနီကိုဖြစ်သည်။ လူငယ်ပီပီပျော်တာပါးတာကို သူမ ခွင့်လွှတ်လိုက်လျောပေးလို့ရပေမယ့် လမ်းမှားသွားမှာ၊ အပေါင်းသင်းမှားပြီး ပျက်စီးသွားမှာကိုတော့ သူမ စိုးပါသည်။

ထို့ကြောင့်သာ ပြောဆိုဆုံးမနေရတာဖြစ်သည်။





"ဘာပဲဖြစ်ဖြစ် သူက ရန်လာစရင်တောင် သားက ရှောင်နေလိုက်ပေါ့သားရယ်၊ ဒါဆိုရင် သူလည်း ဘယ်လောက် ရန်စစ ရန်ဖြစ်လို့ ဘယ်ရတော့မလဲ"

"အာ. . . ဒေါ်လေးကလည်း၊ အဲဒီဆီဇာမင်းမြတ်ဆိုတဲ့ကောင်က တအားဆောင့်ကြွားကြွားနိုင်တာ၊ ငြိမ်ခံနေလိုက်ရင် ပိုဆိုးလာမှာပေါ့"

နေဝန်းနီ့ပါးစပ်က ထွက်လာသော ဆီဇာမင်းမြတ်ဆိုသည့် နာမည်ကြောင့် လမင်းထိန်ထိန်သာရဲ့မျက်ခုံးတွေက တွန့်ချိုးသွားရသည်။

"ဆီဇာမင်းမြတ်. . . လာပြန်ပြီလား၊ ဟိုတစ်နေ့က မင်းကားကိုဝင်တိုက်သွားတာလည်း အဲဒီတစ်ယောက်ပဲ မဟုတ်လား"

နေဝန်းနီက ခေါင်းတစ်ချက်ညိတ်လိုက်ကာ ဆီဇာမင်းမြတ်ကို အခုပဲ ပြေးသတ်ချင်လာသည့် မျက်နှာထားမျိုးဖြင့် ဆိုသည်။

"ဟုတ်တယ် မမရဲ့၊ သူကသက်သက်မဲ့ ကျွန်တော့်ကို ရန်လာလာစနေတာ၊ ညကဆိုရင်လည်း ကျွန်တော့်ကောင်မလေးကို ဘာလိုဖြစ်ကြီးလာကြောင်တာမမရဲ့၊ အဲဒါကို ကျွန်တော်က ငြိမ်ခံနေရမှာလား၊ မမပဲ စဉ်းစားကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝေဝေလှိုင်က သက်ပြင်းမောကို ကျိတ်ချကာ ခေါင်းတယမ်းယမ်းလုပ်လိုက်ရင်း. . .

"ဘာပဲဖြစ်ဖြစ်ပေါ့သားရယ်၊ လူမိုက်နဲ့ ထိပ်တိုက်မတွေ့တာ အကောင်းဆုံးပါပဲ၊ လူမိုက်နဲ့ပြိုင်မိုက်ရင် သားပါ လူမိုက်ဖြစ်သွားမှာပေါ့၊ နောက်တစ်ခါတွေ့ရင် သူနဲ့ ဖက်ပြီး ရန်မဖြစ်နဲ့နော်သား"

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ သား ဆင်ခြင်ပါ့မယ်"

"ဒီလိုမှပေါ့သားရဲ့၊ သားက လိမ္မာပြီးသားပါ၊ ဒါနဲ့ လမင်း အလုပ်သွားရဦးမှာမလား၊ ပြင်စရာရှိတာ ပြင်တော့လေ၊ ကြပ်ထုပ်ထိုးတာကို ထားခဲ့လိုက်၊ ဒေါ်လေးလုပ်ပေးလိုက်မယ်"

ဒေါ်ဝေဝေလှိုင့်စကားကြောင့် လမင်းက အခုမှ အလုပ်သွားရမှာကို သတိရသွားဟန်ဖြင့် နာရီကိုလည်း လှမ်းကြည့်၊ လက်ထဲက ကြပ်ထုပ်ထိုးနေသည့် အဝတ်ကိုလည်း ပန်းကန်ထဲ ချလိုက်သည်။

"ဟုတ်ကဲ့ ဒေါ်လေး၊ ဒါဆို သမီးသွားပြင်လိုက်ဦးမယ်"

ဒါပေမယ့် ထွက်သွားပြီး တစ်လှမ်းနှစ်လှမ်းလောက် အရောက်မှာတော့ လမင်းဟာ နေဝန်းနီကို စိတ်မချဟန်ဖြင့် ပြန်လှည့်ကြည့်လိုက်ရင်းက. . .



# အမုန်းတံ့သွား အချစ်ရထား

"မောင်လေး. . . မမမှာတာ မမေ့နဲ့နော်"

ဆိုတော့ နေဝန်းနီက ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်းမှ. . .

"အင်းပါ မမရဲ့၊ စိတ်ချပါ. . ."

နောက်တော့ လမင်းက ဧည့်ခန်းထဲက ထွက်သွားကာ အပေါ်ထပ်က သူမအခန်းရှိရာကို တက်လာခဲ့လိုက်သည်။ ဒီနေ့ လကုန်ရက်မို့ ကုမ္ပဏီမှာ အလုပ်တွေရှုပ်နေမှာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

နေဝန်းနီနှင့် ရှားလဲ့မေတို့ထိုင်နေကြသည့် စားသောက်ဆိုင်ထဲသို့ ဆီဇာမင်းမြတ်တို့အုပ်စုက ဝင်လာကာ နေဝန်းနီတို့အတွဲနှင့် မလှမ်းမကမ်းက ခုံမှာဝင်ထိုင်လိုက်ကြကာ စားသောက်စရာအချို့ကို မှာလိုက်သည်။

ရာဇာဦးက နေဝန်းနီတို့အတွဲ တစ်ယောက်နှင့်တစ်ယောက် ကြင်နာနေကြတာကိုကြည့်လိုက်ရင်းမှ . . .

"အဲဒီဘဲကိုကြည့်ရတာ သူ့စော်ကို တော်တော်ကျနေတဲ့ ပုံကွ၊ သည်းသည်းကို လှုပ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ"

ရာဇာဦးရဲ့စကားကို မင်းမျိုးကလည်း ထောက်ခံသည်။ ဆီဇာမင်းမြတ်ကတော့ မခိုးမခန့်ပြုံးလိုက်ရင်းမှ. . .

"ငါ. . အဲဒီလောက်သည်းနေတဲ့ကောင်ကို ဆွပေးချင်တယ်ကွာ"

"မလုပ်ပါနဲ့ကွာ၊ နောက်တစ်ခါ ရန်ဖြစ်နေရပါဦးမယ်"

"မဖြစ်ပါဘူးကွာ၊ ပါးပါးလေးပဲဆွမှာပါ၊ မင်းတို့ဒီမှာနေခဲ့"

ဆီဇာမင်းမြတ်က ပြောလည်းပြော လက်ကလည်း စားပွဲပေါ်မှာ တင်ထားသည့် ပန်းအိုးထဲမှ နှင်းဆီပန်းလေးတစ်ပွင့်ကို ဆွဲနှုတ်ယူလိုက်ကာ ထိုင်ရာမှထသွားတော့သည်။

"ဟော့ကောင်. . . ဆီဇာ. . . ဟော့ကောင်. . ."

မင်းမျိုးက ခပ်ကျိတ်ကျိတ် လှမ်းဟန့်သော်လည်း စိတ်မြန်လက်မြန်ရှိသည့် ဆီဇာမင်းမြတ်ကတော့ နေဝန်းနီတို့ အတွဲထိုင်နေသည့် စားပွဲဝိုင်းနားကို ရောက်သွားပြီဖြစ်သည်။

စားပွဲဝိုင်းအနားကို ဆီဇာရောက်သွားစဉ်မှာတော့ နေဝန်းနီက ရှားလှဲ့မေအား ခပ်တိုးတိုးနဲ့ ငုံ့မိုးစကားပြောနေရာကနေ မော့ကြည့်လာသည်။ ဆီဇာမှန်းသိသွားသည့်အခါမှာတော့ နေဝန်းနီရဲ့မျက်လုံးတွေက အရောင်တွေ ပြောင်းသွားကာ. . .





"ဟော့ကောင်. . . မင်းဘာလာလုပ်တာလဲ"

ဟုဆိုသည်။

ဆီဇာက နေဝန်းနီကို တစ်ချက်ပြုံးပြလိုက်ကာ နှုတ်ခမ်းရှေ့မှာ လက်ညိုးတစ်ချောင်းကို ကပ်ပြလိုက်ရင်းက. . .

"ရှူး. . . ငါမင်းဆီ လာတာမဟုတ်ဘူး"

ဟုဆိုကာ အကြည့်ကို ရှားလှဲ့မေထံပို့လိုက်ရင်း လက်ထဲက နှင်းဆီပန်းလေးကို ထိုးပေးလိုက်သည်။

"ဒီနေ့ အရမ်းလှနေတယ်နော်၊ ရော့. . . မင်းအတွက်"

ဆီဇာမင်းမြတ်ရဲ့လုပ်ရပ်ကြောင့် နေဝန်းနီက စားပွဲခုံကို လက်သီးနဲ့ ဘုန်းခနဲမြည်အောင်ထုလိုက်ကာ မြွေဟောက်တစ်ကောင် ပါးပျဉ်းထောင်သလို ဝုန်းခနဲထရပ်လိုက်သည်။

"ဟော့ကောင်. . . ဒါငါ့ချစ်သူကွ"

ဆီဇာမင်းမြတ်က ဘာမှမဖြစ်သည့်ပုံစံဖြင့် ရယ်ဟဟကြည့်ပေးလိုက်ကာ. . .

"သိသားပဲ၊ ချစ်သူဆိုတာ လက်ထပ်ရသေးတာမှ မဟုတ်တာ၊ မင်းတို့လက်မထပ်ရသေးသရွေ့ သူ့ကိုလူတိုင်းလိုက်ခွင့်ရှိတယ်၊ မင်းမကြားဖူးဘူးလား၊ ချစ်သူရည်းစားဆိုတာ အချိန်မရွေး အပြောင်းအလဲလုပ်လို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆီဇာက နေဝန်းနီကို ထိုသို့ပြောပြီးနောက် သူ့ကိုကြောင်ကြည့်နေသည့် ရှားလဲ့မေအား ချိုမြစွာ ပြုံးပြလိုက်ပြီးနောက်. . .

"ရော့. . . ယူလိုက်"

ဟုဆိုကာ ပန်းကို ထိုးပေးလိုက်သည်။ ဒီတစ်ခါမှာတော့ နေဝန်းနီက ဒေါသပိုထွက်လာကာ ဆီဇာမင်းမြတ်လက်ထဲက နှင်းဆီပန်းကိုလုယူကာ ကြမ်းပြင်ပေါ် ပစ်ပေါက်လိုက်ရင်းဆိုသည်။

"ဟေ့ကောင်. . . မင်းတရားလွန်လာပြီနော်"

"အဟက်. . . ပန်းပေးတာလေကွာ၊ ပန်းပေးတာ တရားလွန်တာလားကွ"

"ဟာကွာ. . . မင်း. . ."

နေဝန်းနီက ဆီဇာမင်းမြတ်ကို ထိုးဖို့ပြင်လိုက်သည်။ ဒါပေမယ့် ရှားလဲ့မေက ထိုင်ရာမှထကာ နေဝန်းနီကိုဆွဲလိုက်တာကြောင့် ရည်ရွယ်ချက်က အထ,မမြောက်လိုက်။

"မောင်. . . ဆိုင်ထဲမှာ မောင်ရယ်၊ လူမြင်လို့ မကောင်းပါဘူး၊ လာလာ. . . ရှားတို့သွားရအောင်နော်၊ အဆင်မရှိတဲ့ဟာတွေနဲ့ဖက်ပြီး ရန်ဖြစ်မနေပါနဲ့"

"မဟုတ်ဘူးကွာ. . . ဒီကောင်"

"အာ. . . လာပါမောင်ရယ်. . နော်. . လာလာ. . ."





ရှားလဲ့မေက ရန်မဖြစ်ရန်အတွက် နေဝန်းနီကို ဆိုင်ပြင်ဘက်ကိုထွက်ဖို့ ဆွဲခေါ်သည်။ နေဝန်းနီက နီးစပ်ရာ ခုံတစ်လုံးကို ဝုန်းခနဲ ဆောင့်ကန်ပစ်လိုက်ရင်းမှ ဆီဇာမင်းမြတ်ကို စားတော့ဝါးတော့မတတ်ကြည့်ကာ. . .

"ဟေ့ကောင်. . . မင်းကြပ်ကြပ်သတိထားနေ"

ဟုဆိုတော့ ဆီဇာမင်းမြတ်က ဘာမှမပြော။ မချိုမချဉ် မျက်နှာထားမျိုးဖြင့် ပခုံးနှစ်ဖက်ကိုသာ ဟန်ပါပါ တွန့်ပြလိုက်သည်။ နေဝန်းနီတို့အတွဲ အပြင်ရောက်သွားတော့မှ လေတစ်ချက်ချွန်ကာ သူက သူ့နေရာမှာ ပြန်လာထိုင်သည်။

"သူ့ဘာသာနေတာကိုကွာ၊ မင်းကလည်း. . .၊ သွားစ,နေသေးတယ်"

မင်းမိုးစကားကြောင့် သူက အောက်နှုတ်ခမ်းကို အပေါ်နှုတ်ခမ်းနှင့်ဖိစုပ်ကာ "ပျှစ်" ခနဲလုပ်လိုက်ရင်းမှ. . .

"ကြည့်မရလို့ပါကွာ၊ သူ့ဆော်ကို အထိမခံ ရွှေပန်းကန်ဖြစ်နေတာ"

"ဒါကတော့ ချစ်တာကိုးကွ"

"ချစ်တာ. . . ဟင်း. . . ချစ်တာက အဲလောက်သည်းစရာ လိုလို့လား၊ မျက်စိထဲမှာ cross ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

# ရာခင်ကို

သူ့စကားအဆုံး မင်းမျိုးက သဘောတကျပြုံးလိုက်ရင်းမှ သူ့ကို အဓိပ္ပာယ်တစ်မျိုးဖြင့်ကြည့်ကာ ဆိုလာသည်။

"ဒါကတော့ မင်းကမှ မချစ်ဖူးသေးတာကို၊ မင်းချစ်တတ်လာရင်လည်း အဲလိုပဲနေမှာပါ"

မင်းမျိုးစကားကြောင့် သူက ကမ္ဘာ့အရယ်ရဆုံး ပြက်လုံးတစ်ခုကို ကြားလိုက်ရသလို သဘောတကျရယ်လိုက်မိပြီးမှ အဲဒီလိုရယ်နေတာကို အဆုံးထိမရယ်ဘဲ တစ်ဝက်တစ်ပျက်ဖြင့် တိခနဲရပ်ချပစ်လိုက်ကာ ဆိုမိသည်။

"အချစ် . . . ဟုတ်လား၊ ဟက် . . . နားစမ်းပါကွာ၊ စောက်ပိုတွေ"



လမင်းထိန်ထိန်သာက ကျော်ကြားနှင့် ဖေယျာတို့ရှေ့မှာ အအေးခွက်တွေကို ချပေးလိုက်ရင်းမှ . . .

"အအေးသောက်ကြဦး၊ မင်းတို့သူငယ်ချင်းကတော့ ရေချိုးနေတုန်း"

ဟု ဆိုကာ သူတို့နှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"ဟုတ်ကဲ့ မမ"



www.burmeseclassic.com

www.burmeseclassic.com



လမင်းက သူတို့နှစ်ယောက်ကို ဝေ့ဝဲကြည့်လိုက်ကာ. . .

"ဒါနဲ့ အခုက ဘယ်ကိုသွားပြီး ဘာလုပ်ကြမှာလဲ၊ ပြောပါဦး"

"ရုပ်ရှင်သွားကြည့်မလို့ မမရဲ့၊ နေပြည်တော်မှာ သရဲကား အသစ်တင်နေလို့၊ အဲဒါသွားကြည့်မလို့"

"အဲဒီက ပြီးရင်ရော. . ."

လမင်းစကားအဆုံး ကျော်ကြားနှင့် ဇေယျာတို့က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိကြသည်။ ပြီးတော့မှ ကျော်ကြားက ရယ်ကျဲကျဲပုံစံမျိုးဖြင့်. . .

"ဟို. . . အဲဒီက ပြီးရင်တော့ ဟို. . . ၁၉ လမ်းထဲ သွားပြီးတော့ တရုတ်မလေးတွေ သွားကြည့်မလားလို့. . . အဟဲဟဲ. . ."

ဟု ဆိုလာသည်။ လမင်းမှာ ကျော်ကြားတို့နှစ်ယောက်ကို မျက်စောင်းတစ်ချက် ဝေ့ထိုးလိုက်သည်။

"ဟင်း. . . လာသေးတယ်၊ ဘီယာသွားသောက်မယ်ဆိုလဲ သွားသောက်မယ်ပေါ့"

"အဟဲ. . . မမကလည်း သိရဲ့သားနဲ့"

"မမက မင်းတို့ကို လူငယ်ဖြစ်လို့ ဘီယာသောက်တာတို့ ကလပ်တက်တာတို့ကို ဘာမှမပြောချင်ပါဘူး၊ ဒါဝေ





မယ့် ရန်ဖြစ်တာကိုတော့ မကြိုက်ဘူး၊ ရန်မဖြစ်ကြပါနဲ့ကွယ်၊ ရန်ဖြစ်ပြီဆိုကတည်းက ခံရတဲ့သူလည်း မကောင်းဘူး၊ လုပ်တဲ့သူလည်း မကောင်းဘူး"

"ဟို. . . မဖြစ်ပါဘူးမမရဲ့၊ ကျွန်တော်တို့ အရင်တုန်းကဆို ဘယ်တုန်းက ရန်ဖြစ်သံကြားဖူးလို့လဲ၊ ဟိုတလောက ဖြစ်တယ်ဆိုတာကလည်း ဟိုဆီဇာမင်းမြတ်ဆိုတဲ့ကောင်က သက်သက်မဲ့ ရန်လာစလို့ ဖြစ်ရတာ"

ဇေယျာ့စကားကြောင့် လမင်းထိန်ထိန်သာရဲ့ မျက်ခုံးတွေက တွန့်ချိုးသွားရကာ. . .

"အေး. . . ဆီဇာမင်းမြတ်ဆိုလို့ မေးရဦးမယ်၊ အဲဒီတစ်ယောက်က တော်တော်ပဲ ဆိုးလို့လား၊ သူ့အကြောင်း မင်းတို့သိသလောက် မမကို ပြောပြစမ်းပါ"

"ဒီလိုမမရဲ့၊ အဲဒီကောင်က ရွှေတောင်ကြားမှာနေတာ၊ သူ့မိဘတွေက အိမ်ထောင်ကွဲနေပြီးတော့ နိုင်ငံခြားမှာ နောက်အိမ်ထောင်ကိုယ်စီနဲ့ မမရဲ့၊ သူကကျတော့ သူ့ဦးလေးနဲ့ နေတာ၊ ရှိုင်းတာကတော့ ဘာရှိုင်းသလဲ မမေးနဲ့၊ ရပ်ကွက်ထဲမှာဆိုရင်လည်း တစ်ရပ်ကွက်လုံးနဲ့တစ်ယောက်၊ သူ့ဦးလေးကလည်း သူ့ကို ပြောမနိုင်လို့ လွှတ်ထားရတယ်ကြားတယ်၊ ပြိုင်ကားတစ်စီးနဲ့ ဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်းချင်တိုင်း သောင်းကျန်းနေတော့တာ၊ ကျွန်တော်တို့နဲ့ ရန်ဖြစ်တယ်ဆိုတာကလည်း သူက နေဝန်းကောင်မလေးကို ဘေးမှာ နေဝန်းတစ်ယောက်လုံးရှိနေရဲ့သားနဲ့ လိုက်ကြောင်နေလို့လေ၊ ကားကိစ္စတုန်းကလည်း နေဝန်းက ပြေရာပြေကြောင်းပြောနေတာကို သူက လက်မခံဘူး၊ သူ့ကားနဲ့ နေဝန်းကားကို ပြန်တိုက်ခဲ့တာလေ၊ ဒါတောင် တစ်နေ့တုန်းက စားသောက်ဆိုင်မှာ နေဝန်းနဲ့ နေဝန်းတောင်မလေးထိုင်နေတာကို သွားရန်လာစသေးတာ၊ မမက ရန်မဖြစ်နဲ့မှာထားလို့ နေဝန်းက ထိပ်တိုက်မတွေ့အောင် ရှောင်လာခဲ့တာ မမရဲ့၊ နို့မို့ဆို အဲဒီနေ့ကလည်း ပွဲကြီးပွဲတောင်းပဲ"

လမင်းက ဇေယျာပြောပြသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် လိုက်နားထောင်နေပြီးမှ ဆီဇာမင်းမြတ်ဆိုသည့် သူမ မမြင်ဖူးသော်လည်း မောင်လေးနှင့်ပတ်သက်ပြီး ရင်းနှီးနေမိသည့် နာမည်ပိုင်ရှင်ကို အတော်ပဲ အမြင်ကတ်လာရသည်။

"ဒါဆို အဲဒီတစ်ယောက်က နေဝန်းကို သက်သက်အငြိုးထားနေတဲ့ပုံကြီးပေါ့"

"ဟုတ်တယ် မမရဲ့၊ ဒါပေမယ့် မမစိတ်ချပါ၊ နေဝန်းက မမစကားကို နားထောင်ပါတယ်"



# အမုန်းဘုံသွား အချစ်ရထား

ဒီအချိန်မှာပဲ နေဝန်းနီက အားလုံးပြင်ဆင်ပြီးသွားပြီဖြစ်သဖြင့် အပေါ်ထပ်မှ ဆင်းလာသည်။

"ဟော့ကောင်တွေ သွားရအောင်"

"အေး. . . သွားမယ်လေ၊ မမ သွားခွင့်ပြုပါဦး"

ကျော်ကြားက နေဝန်းနီကိုလည်းပြော၊ လမင်းထိန်ထိန်သာ့ကိုလည်း တစ်ဆက်တည်း နှုတ်ဆက်လိုက်သည်။ လမင်းက အားလုံးကို ခြုံကြည့်လိုက်ကာ. . .

"အေးအေး. . . ရန်မဖြစ်ကြနဲ့နော်၊ မမ ဘာအသံမှ မကြားချင်ဘူး၊ မောင်လေးလည်း ကားကို ဖြည်းဖြည်းမောင်းဦး၊ မရမ်းနဲ့"

"စိတ်ချပါ မမရဲ့. . ."

နေဝန်းနီတို့ထွက်သွားတော့မှ လမင်းက အအေးခွက်နှစ်ခွက်ကို လင်ဗန်းထဲပြန်ကောက်ထည့်ကာ ထမင်းစားခန်းထဲသို့ ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





မီးပွိုင့်မိနေသည့် နေဝန်းနီ၏ ကားဘေးကို ဆီဇာမင်းမြွတ်ဆို့အုပ်စုမောင်းလာသည့် အနက်ရောင်ပြိုင်ကားက ရှောခနဲဘေးချင်းကပ် ထိုးရပ်လာသည်။ အစတော့ နှစ်ဦးနှစ်ဖက် မမြင်ကြသေးဘဲ မီးပွိုင့်က ကြာနေသောအခါမှာတော့ စောင့်ဆိုင်းခြင်းကို စိတ်မရှည်တော့သည့် နှစ်ယောက်သားက ကားမှန်တွေကို ချပစ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ တစ်ယောက်နှင့်တစ်ယောက်က မြင်သွားကြတာဖြစ်သည်။ ဆီဇာမင်းမြတ်က နေဝန်းနီအား မထိတထိနှင့် ခပ်လှောင်လှောင်ပြုံးပြလိုက်ပြီးနောက် မီးပွိုင့်စိမ်းသွားစဉ်မှာတော့ ကားကို ဦးအောင်မောင်းထွက်လိုက်ပြီးနောက် နေဝန်းနီအား လက်ခလယ်တစ်ချောင်းကို ထောင်ပြခဲ့လိုက်သည်။

ထိုလုပ်ရပ်ကြောင့် နေဝန်းနီ့စိတ်ထဲမှာ ထောင်းခနဲ ဖြစ်သွားရကာ. . . .

"တောက်. . . မိုက်ရိုင်းလိုက်တာ. . . "

ဟု ရေရွတ်ပြီးနောက် မခံချင်စိတ်ဖြင့် ရှေ့က မောင်းထွက်သွားသည့် ဆီဇာမင်းမြတ်၏ ကားနောက်သို့ လီဗာကိုခပ်ပြင်းပြင်းနင်းကာ လိုက်သည်။ ဆီဇာမင်းမြတ်၏ကားကို ပြန်ကျော်တက်နိုင်စဉ်မှာတော့ နေဝန်းနီက ဆီဇာမင်းမြတ်တို့ကားလက်ခလယ်ပြန်ထောင်ပြလိုက်သည်။

"ဝိုး. . . အလာကြီးပါလား. . . "

ဆီဇာမင်းမြတ်က ထိုသို့ရေရွတ်ကာ ကားကိုဂီယာပြောင်းချိန်းလိုက်ပြီးနောက် နေဝန်းနီရဲ့ကားကို ပြန်ကျော်တက်လိုက်သည်။ ဒါကိုမကျေနပ်သည့် နေဝန်းနီကလည်း ဆီဇာမင်းမြတ်၏ကားကို ပြန်ကျော်တက်သည်။



# အမုန်းတုံ့သွား အချစ်ရထား

အဲဒီလိုတစ်ဦးရဲ့ကားကို တစ်ဦးကကျော်တက်ရင်းနဲ့ တစ်ချက်မှာတော့ နေဝန်းနီရဲ့ကားက ဆီဇာမင်းမြတ်ရဲ့ကားကို ကျော်အတက်မှာ လမ်းချိုးတစ်ခုဆီသည်းကနေ လန်ခရူဆာကားတစ်စီးက ရုတ်တရက်ထွက်လာသည်။

အဲဒီကားကိုအမြင်မှာတော့ နေဝန်းနီရဲ့မျက်လုံးတွေက ပြာဝေသွားရကာ ကားကိုအရှိန်လျှော့ကာ ရပ်ဖို့လုပ်ရသည်။ ဒါပေမယ့် အရှိန်ခပ်ပြင်းပြင်းနင်းထားသည့်ကားက ရုတ်တရက်အရှိန်လျှော့ဖို့က မဖြစ်နိုင်သည့်အဆုံးမှာတော့ ရှေ့က လန်ခရူဆာကို လွတ်ဖို့အတွက် နေဝန်းနီက ကားကို လမ်းဘေးတစ်ဖက်သို့ ဆွဲလှည့်ချလိုက်သည့်အခါ. . . ။

နေဝန်းနီ၏ကားက လမ်းဘေးရှိ ဓာတ်တိုင်တစ်ခုဆီကို ဦးတည်ပြီး ပြေးထွက်သွားသည်။

ကားနှင့် ဓာတ်တိုင်တို့ အရှိန်ပြင်းပြင်းထိခတ်သံက ပတ်ဝန်းကျင်မှာ ကြောက်မက်ဖွယ်ကောင်းစွာ ထွက်ပေါ်လာသည်။ နေဝန်းနီသည်လည်း ပွင့်သွားသည့်ကားတံခါးမှတဆင့် အပြင်ကို လွင့်စင်ထွက်သွားတော့၏။



www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

နေဝန်းနီရဲ့အုတ်ဂူပေါ်မှာ နှင်းဆီပန်းလေးတစ်စည်းက ကြေကွဲဖွယ်ကောင်းစွာ နေရာယူနေခဲ့သည်။ လမင်းကတော့ ...ာင်ဖြစ်သူ လဲလျောင်းနေသည့် အုတ်ဂူကိုကြည့်ကာ မျက်ရည် ...ွ တသွင်သွင်စီးကျနေခဲ့သည်။ ဘုန်းထက်မြတ်ကတော့ ...ခင်းရဲ့လက်တစ်ဖက်ကိုဆုပ်ကိုင်ကာ ဖေးမနှစ်သိမ့်ပေးနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရအောင်ပါ လမင်းရယ်. . . နော်၊ ညီလေး နေဝန်းလည်း ကောင်းရာဘဝရောက်မှာပါ၊ လမင်းလည်း ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူးလေ၊ ပြန်ရအောင်ပါနော်. . ."

"ကိုဘုန်းရယ်. . . လမင်း မောင်လေးကို အရမ်းသနားတာပဲ"

"ဘယ်တတ်နိုင်ပါ့မလဲ လမင်းရယ်၊ သူ့မှာ ဒီလိုဖြစ်ဖို့ ကံတရားက ပါလာပြီးသားပဲလေ၊ ကိုယ်တို့တွေလည်း သူ့အတွက် တတ်နိုင်သမျှ ကောင်းမှုကုသိုလ်တွေ ရည်စူးပြီး လုပ်ပေးခဲ့ပြီးကြပြီပဲ၊ ပြန်ရအောင်နော်. . ."

ပြောကာ ဘုန်းထက်မြတ်က လမင်းကို ပခုံးတစ်ဖက်မှ ဖေးမဖက်တွယ်ကာ ကားဆီကိုသွားဖို့ လှည့်လိုက်သည်။ ဒီအချိန်မှာပဲ သူမတို့အနားကို လျှောက်လှမ်းလာနေသည့် ဆီဇာမင်းမြတ်ကို တွေ့လိုက်ရတာဖြစ်သည်။

"ဟင်. . . မင်း. . . မင်း ဒီကို ဘာလာလုပ်တာလဲ"

လမင်းက အံ့ဩတကြီးနဲ့ မေးလိုက်မိတော့ ဆီဇာမင်းမြတ်က ဘာမှဖြစ်မထားသည့်ပုံစံဖြင့်. . .

"မ. . . ဒီကိုသွားတယ်ဆိုလို့ လိုက်လာတာ"





ဟုဆိုလာသည်။

"ဘာလဲ. . . အခုမှလာတောင်းပန်မလို့လား၊ သွား. . . ဘာမှ လာမတောင်းပန်နဲ့၊ မင်းတောင်းပန်တော့ရော ငါ့မောင်က ပြန်ရှင်လာမှာတဲ့လား၊ ဟမ်. . . သွား. . . ထွက်သွား၊ နင့်မျက်နှာကို ငါမမြင်ချင်ဘူး၊ သွား. . . ."

ဆီဇာမင်းမြတ်က သူမကိုကြည့်ကာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီးနောက်. . .

"ဘယ်သူက တောင်းပန်မယ်ပြောလို့လဲ"

"ဘာ. . ."

"ဟုတ်တယ်၊ သူသေရတာ ကျွန်တော့်ကြောင့်မှ မဟုတ်တာ၊ ကျွန်တော်က ဘာကိစ္စတောင်းပန်ရမှာလဲ၊ အခုလာတယ်ဆိုတာက အဲဒါကိုလာရှင်းပြတာ၊ လာတောင်းပန်တာ မဟုတ်ဘူး"

ဆီဇာမင်းမြတ် စကားအဆုံး သူမက ဆီဇာမင်းမြတ်အနားသို့ ဒေါသတကြီး ခြေလှမ်းကျဲကြီးများဖြင့် လှမ်းသွားလိုက်ကာ သူ့ရင်ဘတ်ကို ဆောင့်တွန်းထည့်လိုက်မိသည်။

"ခွေး. . . အယုတ်တမာကောင်၊ နင့်ကို ငါသတ်မယ်. . . နင့်ကို ငါသတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



လမင်းက ဒေါသတွေ တအားထွက်လာကာ အနီးအနားမှာရှိသည့် အုတ်ခဲကျိုးတစ်ခုကိုကောက်ကာ ထုဖို့လုပ်လိုက်သည်။ ကိုယ့်မောင်တစ်ယောက်လုံး အသက်ဆုံးရှုံးထားရတာကို ဒင်းက သူ့မှာ အပြစ်မရှိပါဘူးတဲ့။ လာပြောတဲ့ ပုံစံကလည်း မျက်နှာထိမျက်နှာထားနဲ့ဖြစ်သည်။

"လမင်း. . . မလုပ်ရဘူးလေ၊ လွှန်မယ် လမင်းရယ်"

သူမက အုတ်ခဲကျိုးနဲ့ ထုမယ်အလုပ်မှာပဲ ဘုန်းထက်မြတ်က သူမကို အတင်းဝင်ဆွဲသည်။

"လွှတ်. . . လွှတ်စမ်းပါ၊ ဒီခွေးတိရစ္ဆာန်ကောင်ကို မှတ်လောက်သားလောက်အောင် လုပ်ချင်လို့ပါ၊ လွှတ်စမ်းပါ"

သူမက ပြောလည်းပြော အတင်းလည်း ရုန်းကန်နေမိပေမယ့် ဒင်းကတော့ တစ်ချက်ကလေးမဖြုံ၊ မျက်နှာတစ်ချက်မပျက်။ သူမ ဖြစ်နေတာကိုတောင် မမှိတ်မသုန်ဖြင့် မျက်လုံးများကိုမှေးကာ အရသာခံကြည့်နေသည်ဟု သူမစိတ်မှာ ထင်လာရလေသည်။

"လမင်း. . . ကိုယ်ပြောနေတယ် လမင်းရယ်၊ စိတ်ထိန်းပါ လမင်းရယ်. . ."



## အမုန်းဘုံသွား အချစ်ရထား

သူမက ဘုန်းထက်မြတ်လက်ထဲကနေ လွတ်အောင် ရုန်းမရသည့် အခါမှာတော့ ဒေါသတကြီးဖြင့် ဒင်းကို အော်ဟစ်ဆဲရေးတိုင်းထွာမိတော့သည်။

"ဟဲ့အကောင်. . နင့်မှာ လူစိတ်မရှိဘူးလား၊ ဟမ်. . . နင့်မှာ စာနာစိတ်မရှိဘူးလား၊ မိမဆုံးမ ဖမဆုံးမကောင်ရဲ့"

ဒီတစ်ခါတော့ သူမပြောလိုက်သည့် စကားတစ်ခွန်းက ဆိုဇာမင်းမြတ်၏ အရှိုက်ကိုထိသွားကာ သူ့မျက်နှာက ချက်ချင်းဆိုသလို မည်းညိုသွားရကာ. . .

"ခင်ဗျား. . . ကျွန်တော့်ကို ကြိုက်သလိုပြောလို့ရတယ်၊ မိမဆုံးမ ဖမဆုံးမလို့တော့ မပြောနဲ့၊ ကျုပ်မကြိုက်ဘူး"

ဟုဆိုလာသည်။ ဒီတော့မှ သူမက သူ့ရဲ့ အထိနာမည့်နေရာကိုသိသွားရကာ ဖိပြောမိတော့သည်။

"သေလိုက်လေ၊ အဲဒီနေရာမှာတင် လဲသေလိုက်၊ မိမဆုံးမ,ဖမဆုံးမမို့လို့ နင်ဒီလောက်ရိုင်းနေတာပေါ့၊ မျိုးမစစ်ကောင်ရဲ့"

ဒီတစ်ခါမှာတော့ သူ့ပုံစံက ရှုံ့ရှုံ့ရှားရှားတွေပါဖြစ်လာကာ သူမကိုလည်း စားကော့ဝါးတော့မတတ်မျက်လုံးများဖြင့် ကြည့်လာကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို အဲလို မပြောနဲ့လို့ ကျုပ်ပြောနေတယ်နော်"

"ပြောမယ်၊ မှန်တာကိုပြောတာပဲ၊ မျိုးမစစ်ကောင်၊ မိမဆုံးမ,ဖမဆုံးမ ကောင်ရဲ့"

"အာ. . . ဒီလောက်ဖြစ်လှတာ"

သူက ဒေါသတကြီးဖြင့် အနီးအနားမှာရှိသည့် အုတ်ခဲကျိုးတစ်ခုကိုကောက်ယူလိုက်ကာ သူမကို ထုဖို့ပြင်လာတော့ သူမလည်း တစ်ချက်တော့ တုန့်ခနဲဖြစ်သွားရသည်။ ဒါပေမယ့် ခင်ကိုကြောက်မနေတာတော့ ကိုယ့်ကိုကိုယ် ယုံသည်။ ဘုန်းထက်မြတ်ကလည်း သူ့လက် အပေါ်ကိုမြောက်တက်လာပြီဆိုတာနဲ့ သူမရှေ့ကနေ ကာထားပေးလိုက်သည်။

ဒါပေမယ့် သူ့လက်ထဲက အုတ်ခဲကျိုးက သူမဆီကိုရောက်မလာခဲ့။ လေထဲမှာတင် ရပ်တန့်နေကာ အုတ်ခဲကျိုးကိုကိုင်ထားသည့် သူ့လက်တွေက တဆတ်ဆတ်တုန်နေပြီး သူ့မျက်နှာတစ်ခုလုံးကလည်း တင်းမာခက်ထန်ကာ ပေါက်ကွဲထွက်တော့မတတ်ရှိ၏။

နောက်တော့ သူက စိတ်ကိုလျှော့လိုက်ဟန်ဖြင့် အုတ်ခဲကျိုးကို ခပ်ဝေးဝေးသို့ ဒေါသတကြီးလွှင့်ပစ်လိုက်ကာ. . .

"တောက်. . . ဒီနေရာမှာ ဒီစကားကိုပြောတာ ခင်ဗျားဖြစ်နေလို့နော်၊ တခြားသူသာဆိုရင် ကျုပ်သတ်ပစ်လိုက်ပြီ"





ဟုပြောကာ ချာခနဲလှည့်ထွက်သွားလေသည်။ ထွက်သွားရာ လမ်းမှာရှိသည့် အရာဝတ္ထုအချို့ကိုလည်း ကန်ကျောက်သွားသေး၏။

လမင်းကတော့ သူ့ကို ဒေါသတကြီးဖြင့် အော်လည်းအော် ငိုလည်းငိုမိတော့သည်။

"နင့်ကိုငါ သိပ်မုန်းတယ်၊ သတ်ပစ်ချင်လောက်အောင်မုန်းတယ်သိလား၊ နင့်ကို ဒီတစ်သက်မကျေဘူး လူယုတ်မာရဲ့၊ အဟင့်. . . ဟင့်. . ."



www.burmeseclassic.com

www.burmeseclassic.com





မနက်စာဝိုင်းကို သူရောက်တော့ ဦးလေးဖြစ်သူက သူ့ထက်အရင် ကြိုရောက်နေနှင့်ပြီ။ သူ့ကိုမြင်တယ်ဆိုရင်ပဲ ဦးလေးဖြစ်သူက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်းမှ . . .

"နိုးပြီလား၊ ညက ဘယ်အချိန်ပြန်ရောက်လဲ"

"မနက်နှစ်နာရီ"

သူ့စကားအဆုံး ဦးလေးဖြစ်သူက ပြုံးသည်။ သဘောကျသော အပြုံးမျိုးတော့မဟုတ်၊ မဲ့ပြုံးသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . မင်းကိုလည်း ငါလုံးဝ မပြောချင်တော့ဘူး၊ လိမ်လိမ်မာမာနေစမ်းပါ ဆီဇာရာ"

"ဦးလေးကလည်း ကျွန်တော်က ဘာတွေလုပ်နေလို့လဲ"

"ဘာလုပ်နေလဲဆိုတာ မင်းကိုယ်မင်းသိပါတယ်ကွာ၊ ငါ ပြောနေစရာမလိုပါဘူး၊ ရုပ်ကွက်ထဲ တစ်ပတ်လောက် လမ်းလျှောက်ကြည့်လိုက်တာနဲ့ မင်းသတင်းက မကြားချင်မှအဆုံး၊ နားထဲကို မွှေနေတာပဲ၊ လူအမြင်ကတ်အောင် မနေစမ်းပါ ဆီဇာရာ၊ ရပ်ကွက်ထဲမှာ ရန်ပွဲမဖြစ်လိုက်နဲ့ တစ်ဖက်လူကသာ ပြောင်းသွားတယ်၊ မင်းကတော့ ဒိုင်ခံပဲ၊ တစ်နေ့ကဆို လူသေတဲ့အထိဖြစ်သွားပြီ မဟုတ်လား၊ အဲဒါတော့ မကောင်းဘူးပေါ့ကွာ"

သူက စားမလို့လက်ထဲမှာကောက်ယူထားသည့် ကိတ်မုန့်ကို ပန်းကန်ထဲသို့ ပြန်ပစ်ချလိုက်မိသည်။

"ဟား. . . ဦးလေးကလည်း၊ သူ့ဘာသာ ကားအက်ဆီးဒင့်ဖြစ်ပြီးဆုံးတာ ကျွန်တော်နဲ့ဘာဆိုင်လို့လဲ"

"မဆိုင်ဘူးဆိုပေမယ့် မင်းပယောဂတော့ ပါနေတာပဲ မဟုတ်လား"

"ကျွတ်. . ."





သူက စိတ်ပျက်သွားသဖြင့် ကော်ဖီသောက်ဖို့ကိုပင် စိတ်မပါတော့ဘဲ အင်္ကျီအိတ်ကပ်ထဲမှ ဆေးလိပ်ဘူးကိုထုတ်ကာ ဆေးလိပ်တစ်လိပ်ကို မီးညှိလိုက်သည်။ ဒါကိုလည်း မကြိုက်သည့် ဦးလေးဖြစ်သူက ခေါင်းယမ်းယမ်း လုပ်လာပြန်ရင်းမှ. . .

"ဆေးလိပ်တွေလည်း လျှော့သောက်ဦး၊ ရောဂါရနေဦးမယ်ကြာရင်. . ."

သူက ဘာမှပြန်မပြောမိ၊ ဆေးလိပ်ကိုသာ တစ်ချက်ရှိုက်လိုက်ကာ မီးခိုးငွေ့များကို တစ်ဖက်သို့လှည့်ကာ မှုတ်ထုတ်လိုက်သည်။

"ဒါနဲ့ မင်းဖွင့်ထားတဲ့ ကော်ဖီဆိုင်ကိုရော ရောက်ဖြစ်ရဲ့လား၊ ဆိုင်တော့ ဖွင့်ထားတယ်၊ လူက မရောက်ဖြစ်ဘူးဆိုရင် ဘာလို့ဖွင့်နေမှာလဲ၊ ရေစက်ချပြီး လှူလိုက်တာကမှ မင်းအတွက် ကုသိုလ်ရဦးမယ်၊ မင်းကိုငါ တွေ့နေတာတော့ ပြိုင်ကားတစ်စီးနဲ့ မင်းသူငယ်ချင်းတွေကို တင်ပြီး လျှောက်လွှင့်နေတာချည်းပဲ"

မနက်စောစောစီးစီး ဆုံးမစာလာသင်ပေးခြင်းကို ခံနေရသဖြင့် ညက မပြယ်သေးသည့်အရှိန်က ပြန်တက်လာသလို ခံစားလာရလေသည်။

"ရောက်ပါတယ်၊ မရောက်တော့ရော ဘာဖြစ်လဲ၊ မန်နေဂျာငှားထားတာပဲဟာ၊ ကိုယ်က တစ်ချက်လောက်သွား



www.burmeseclassic.com

www.burmeseclassic.com



စစ်ဆေးပေးလိုက်ရင် ရပြီပဲ၊ အချိန်ပြည့်ဆိုင်မှာ တငုတ်တုတ်တုတ်ထိုင်နေစရာမလိုပါဘူး၊ သူ့ဟာနဲ့သူ လည်ပတ်နေတာပဲဟာ၊ ကျွန်တော့်ဆိုင်က အရှုံးပေါ်တယ်လို့ကြားဖူးလို့လား”

ပြောကာ သူက ထထွက်လာခဲ့လိုက်တော့သည်။ မနက်စာလည်း စားချင်စိတ်မရှိတော့ချေ။ သူငယ်ချင်းတွေကို လှမ်းခေါ်ကာ ကိုယ့်ကော်ဖီဆိုင်မှာ နှပ်နေတာပဲ ဖိမ်ကျမည်ထင်ပါသည်။

ပြီးတော့ သူ့မှာ သူငယ်ချင်းတွေကို ရင်ဖွင့်စရာကိစ္စတစ်ခုလည်း ရှိနေခဲ့သည်မဟုတ်ပါလား။



သူ့စကားအဆုံး မင်းမျိုးနဲ့ရာဇာဦးတို့ရဲ့ ပါးစပ်တွေက အဟောင်းသားဖြစ်သွားတော့သည်။ ကိုယ်ကိုယ်တိုင်ပင်လျှင် ထိုသို့နှလုံးသားကို အံ့ဩခဲ့ရသေးသည်မဟုတ်ပါလား။ အခြားသူတွေ နေရာကဆိုလျှင် ပိုလို့တောင် အံ့ဩကြပေတော့မပေါ့။

“မင်း. . . တကယ်ပြောနေတာလား ဆီဇာ၊ ဒါမှမဟုတ် နောက်နေတာလား”

သူက ခပ်ဟဟ တစ်ချက်ပြုံးလိုက်ရင်းမှ. . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါတကယ်ပြောနေတာ၊ မ,ကို ငါချစ်မိသွားပြီ၊ ဆေးရုံမှာ ငါ့ကို တိုးတိုက်သွားကတည်းက ငါသူ့ကိုစိတ်ဝင်စားသွားတာ၊ ငါ့ပါးကိုရိုက်လိုက်တဲ့အချိန်မှာ ငါ သူ့ကိုချစ်သွားမိတာပဲ၊ ငါက ငါ့အသားကိုထိရင် ဆတ်ဆတ်ခါနာတတ်တယ်ဆိုတာ မင်းတို့သိပါတယ်၊ ဒါပေမယ့် သူ ငါ့ကိုပါးရိုက်လိုက်တဲ့ အချိန်မှာ ငါခွင့်လွှတ်ပေးလို့ရနေတယ်၊ ငါသူ့ကို စိတ်မဆိုးဘူးကွာ"

ရာဇာဦးက ခေါင်းတညိတ်ညိတ်လုပ်သည်။ နောက်တော့မှ သူ့ကို မော့ကြည့်လာရင်းက. . .

"မင်းဆီက မိန်းမတစ်ယောက်ကိုချစ်တယ်လို့ ကြားရတာ ဒါပထမဆုံးပဲနော်၊ ဒါပေမယ့်ကွာ. . . ချစ်မယ့်ချစ်တော့လည်း. . ."

ဟုဆိုကာ စကားကို ဆက်မပြောသေးဘဲ ဖြတ်ထားလိုက်သည်။ ဒါပေမယ့် ရာဇာဦးမဆက်လာသည့် စကားကို မင်းမျိုးက ဆက်ပြောလာ၏။

"မင်းသူ့ကို ချစ်မိသွားတာ သေချာရင်တော့ မင်းကံဆိုးပြီ ဆိုဇာ"

သူက စကားအဆန်းကိုကြားလိုက်ရတာမို့ မျက်ခုံးတွေကို ပင့်တင်ပစ်လိုက်ရင်းက မင်းမျိုးကို တစ်ချက်ကြည့်ပေးလိုက်ကာ. . .





"ဘာလို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီ မလမင်းထိန်ထိန်သာမှာက ချစ်သူရှိပြီးသားလေကွာ၊ ပြီးတော့ နေဝန်းနီကိုစွနဲ့ ပတ်သက်ပြီးတော့ သူက မင်းကို အသေမုန်းနေတာလေ"

သူက ကွွတ်ခနဲ စုတ်သပ်လိုက်မိသည်။ ဘာကိစ္စနှစ်ခုကိုလာရောရတာလဲ၊ နေဝန်းနီကိစ္စက သူ့ယောဂ မကင်းဘူးပဲထား၊ သူနှင့်က ဘာမှမဆိုင်ချေ။ သူ့ဘာသာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးတာမဟုတ်လား။ ပြီးတော့ မ,ကို သူချစ်သွားတာကလည်း နေဝန်းနီနှင့် ဘာမှမဆိုင်။ ကိုယ့်နှလုံးသားနှင့်သာ အချိုးကျသည်။ ဘာမှမဆိုင်သည့် ကိစ္စရပ်တွေကို ရောထွေးမပစ်သင့်ချေ။

"နေဝန်းနီကိစ္စက ငါနဲ့မှမဆိုင်တာ၊ သူ့ဘာသာ ကားအက်ဆီးဒင့်ဖြစ်တာပဲ၊ အချိန်တန်ရင် သူနားလည်သွားမှာပါ၊ ပြီးတော့ ချစ်သူရှိတာကရော ဘာပြဿနာရှိလို့လဲ၊ သူ့ချစ်သူထက်ငါက သူ့ကို ပိုချစ်ပြလိုက်မှာပေါ့၊ ဒါဆို သူလည်း ငါ့ကိုပြန်ချစ်လာမှာပဲ မဟုတ်လား"

ရာဇာဦးက မင်းမှားနေပြီသူငယ်ချင်းဆိုသည့် အကြည့်မျိုးဖြင့် ကြည့်လာရင်း. . .

"ဟာ. . . အချစ်ဆိုတာက အဲလို အပြောင်းအလဲလုပ်ယူလို့မှမရတာ"



www.burmeseclassic.com

www.burmeseclassic.com

သူလက်မခံချင်။ ခေါင်းကို ခပ်သွက်သွက်ပင် ခါယမ်းပြလိုက်မိသည်။

"အဲဒါက တခြားလူတွေအတွက်ဆိုရင်တော့ မှန်ချင်မှန်လိမ့်မယ်၊ ငါ့အတွက်တော့ ချစ်သူရည်းစားဆိုတာ အချိန်မရွေး အပြောင်းအလဲဖြစ်နိုင်တဲ့အရာပဲ၊ တကယ်ချစ်ဖို့တော့ လိုတာပေါ့။ မင်းတို့စောင့်ကြည့်နေ၊ မ,အချစ်ကို ငါရအောင်ယူပြမယ်၊ မ,ဟာ ငါ့အတွက်ပဲဖြစ်စေရမယ်"

ပြောကာ သူက ဆေးလိပ်တစ်လိပ်ကို ဘူးထဲက ထုတ်ကာနှုတ်ခမ်းမှာ တေ့လိုက်ပြီးနောက် ဘောင်းဘီအိတ်ကပ်ထဲက ဇစ်ပိုမီးခြစ်ကို ထုတ်ယူခြစ်လိုက်သည်။ သူငယ်ချင်းတွေကတော့ သူ့ကို နားမလည်နိုင်သလိုအကြည့်များဖြင့် ကြည့်နေကြ၏။ ဘာပဲဖြစ်ဖြစ် သူ ဂရုမစိုက်။ သူ့ဆို့နားလည်အောင်လည်း ရှင်းပြချင်စိတ်မရှိ။ ကိုယ့်အချစ်ကို မ,တစ်ယောက်နားလည်ဖို့ပဲ ကြိုးစားမှာဖြစ်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အိပ်ယာထဲမှာ လဲလျောင်းရင်း အိပ်ပျော်လုဆဲဆဲ အချိန်မှာပင် ဖုန်းကမြည်လာသဖြင့် သူမ ပြန်နိုးလာရသည်။ ပေါ်နေသည့် နံပါတ်ကိုကြည့်တော့ သူမ မသိသည့် ဖုန်းနံပါတ် အစိမ်းတစ်ခု၊ သူမက မျက်မှောင်တစ်ချက်ကုပ်လိုက်မိပြီးမှ ဖုန်းကိုလက်ခံနားထောင်လိုက်သည်။

"ဟယ်လို. . ."

"ကျွန်တော်ပါ. . . မ၊ ဆီဇာ"

ဆီဇာဆိုသည့် နာမည်ကိုကြားလိုက်ရစဉ်မှာတော့ အိပ်ရာပေါ်မှာ ပက်လက်အနေအထားရှိနေသည့် သူမခန္ဓာကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲ ထထိုင်မိလျက်သားဖြစ်သွားရကာ ဒေါသလှိုင်းတို့က ချက်ချင်းဆိုသလိုပဲ ခန္ဓာကိုယ်အနှံ့ဖုံးလွှမ်းလာတော့သည်။

"ဘာ… မ ၊က ဘာကိစ္စ ငါ့ဆီကို ဖုန်းဆက်ရတာလဲ"

သူမက ဒေါသတကြီးအော်ပြောလိုက်မိပေမယ့် သူက တော့ တစ်ဖက်ကနေ ဘာမှမဖြစ်သည့်အထာနှင့် ခပ်အေးအေး သာပြန် တုံ့ပြန်လာသည်။

"မ,အသံကိုကြားချင်လို့ပေါ့"

"ဘာ. . . မင်း. . . မင်း ဘာစကားပြောတာလဲ"

"နှလုံးသားစကားလေ မ,ရဲ့၊ ကျွန်တော် မ,ကို အရမ်း ချစ်နေမိပြီ၊ အဲဒါ မ, ကျွန်တော့်ကို ပြန်. . ."

စကားကိုပင် ဆုံးအောင်မစောင့်နိုင်။ သူမက ဒေါသတ ကြီးဖြင့် ဖြတ်အော်လိုက်မိသည်။

"တိတ်စမ်း၊ မင်းပါးစပ်ကိုပိတ်ထား၊ မင်းတော်တော် မိုက်ရိုင်းစုတ်ပဲ့ အရှက်မရှိတဲ့ကောင်ပါလား၊ ငါ့မောင် တစ်ယောက်လုံး နင့်ကြောင့် သေထားရတာကိုတောင် မင်းပါးစပ်က ဒီလိုစကားမျိုးပြောရဲသေးတယ်၊ ရွံလိုက် တာ၊ မင်း တော်တော် ရွံဖို့ကောင်းတဲ့ကောင်ပဲ"

သူမမျက်လုံးထဲမှာ မောင်လေးနေဝန်းနီ၏ပုံရိပ်တို့ထ ထင်ဟပ်လာရသည်။ နေဝန်းကိုသတိရလေလေ၊ ဒင်းကို မုန်းမိ





လေလေပင်ဖြစ်သည်။ သူမမောင်လေးရဲ့ဘဝကို ရိုက်ချိုးဖျက် စီးခဲ့ရုံနဲ့တင်တောင် အားမရ။ ဒင်းက. . . ဒင်းက သူမဘက်ကို တောင် လှည့်လာရဲသေးသည်။ ရွံလိုက်တာ။ မုန်းလိုက်တာ။ လမင်း သူ့ကို သတ်ပစ်ချင်လိုက်တာ။

"ကျွန်တော် မ,ကို ပြောထားပြီးသားလေ၊ မ,ရဲ့မောင် သေရတာ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး၊ ကျွန်တော် မ,ကိုချစ်တာနဲ့ဆိုရင် ပိုလို့တောင် မဆိုင်သေးတယ်"

"တော်စမ်း၊ နင့်လိုကောင်ရဲ့ ပါးစပ်က ချစ်တယ်ဆိုတဲ့စ ကားကိုကြားရတာ ရွံလွန်းလို့၊ ဒီမှာ မသေမချင်းမှတ် ထား၊ နင့်လိုကောင်မျိုးကို ဒီတစ်သက်မပြောနဲ့ နောင် သံသရာအဆက်ဆက် ဘယ်တော့မှ ပြန်မချစ်ဘူးသိ လား"

သူမစကားအဆုံး တစ်ဖက်က ဟက်ခနဲတစ်ချက်ရယ် လိုက်သံကိုကြားရသည်။ ဘုရားရေ. . . ဒင်းက. . . ဒင်းက လမင်းရဲ့စိတ်ကို ပူလောင်အောင် တမင်များလာဆွနေတာလား။

"ကျွန်တော်ကတော့ မ,ကို ဒီတစ်သက်တင်မကဘူး၊ သံသရာအဆက်ဆက် ချစ်နေမှာ သိလား"

သူမဘက်က ပေါက်ကွဲအော်ဟစ်နေသလောက် သူက တော့ လုံးဝကိုအသံမပျက်၊ လေသံခပ်အေးအေးဖြင့်သာ ပြော



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်သောအခါ သူမဒေါသတို့က ပိုမိုဆူဝေလာရတော့သည်။ သူမ၏ရင်အစုံက ဖားဖိုကြီးတစ်ခုလို ဖောင်းလိုက်ပိန်လိုက်ဖြစ်လာရတော့ကာ အသားများပင် တဆတ်ဆတ်တုန်လာရ၏။ သူသာ အနားမှာရှိနေပါက သူ့တစ်ကိုယ်လုံးအား ဓားထက်ထက်တစ်ချောင်းဖြင့် နေရာလပ်မကျန်အောင် သူမထိုးစိုက်ပစ်လိုက်မိမည်ထင်ပါသည်။

"တောက်. . . အယုတ်တမာကောင်. ."

ကြာကြာစကားပြောနေလျှင် သူမကိုယ်သူမ မထိန်းနိုင်ဘဲ နောက်တစ်ခါ ရှော့ခ်ဖြစ်တော့မှာကို ကြိုမြင်နေသည့်သူမက သူ့ကို အံကြိတ်ကာဆဲရေးလိုက်ပြီးနောက် ဖုန်းကို ချပစ်လိုက်သည်။

ထို့နောက် ဖုန်းကို ပါဝါပါ တစ်ခါတည်းပိတ်ပစ်လိုက်ကာ အိပ်ရာပေါ် ပြန်လှဲချလိုက်မိသည်။ ဒါပေမယ့် ဒေါသတွေက မပြယ်သေး။ တွေးလေလေ၊ ဒေါသတွေက ဆူဝေလာလေလေဖြစ်ရကာ နောက်ဆုံးမှာတော့ သူမက စိတ်တွေပြေလိုပြေငြားအာခေါင်ခြစ်ကာ အသံကုန်ထုတ်၍ အော်ပစ်လိုက်မိလေတော့သည်။

"အား. . ."



သူမက ညက အဖြစ်အပျက်အား ကိုဘုန်းကိုပြောပြလိုက်သည်။ ကိုဘုန်းကတော့ အေးအေးဆေးဆေးသမားပီပီ စကားနည်းရုံစဲဖို့ကိုသာ ဦးတည်ပြောသာ၏။

"ဒါဆိုရင်တော့ အဲဒီကောင်ဘက်က တော်တော်လွန်သွားပြီကွာ၊ ဒါပေမယ့်ထားလိုက်ပါ လမင်းရယ်၊ ဒေါသထွက်နေရင် လမင်းပဲ ပူလောင်ပြီး ပင်ပန်းနေမှာပေါ့၊ အဲလိုကောင်ကို ခေါင်းထဲမှာ ထည့်မနေပါနဲ့."



www.burmeseclassic.com

www.burmeseclassic.com



လမင်းက နားထဲမှာ ခါးသီးစွာဝဲလှည့်နေဆဲဖြစ်သော ဒင်းရဲ့စကားတွေကို ပြန်လည်ကြားယောင်လာရင်းက. . .

“မိုက်ရိုင်းလွန်းလို့ပါ ကိုဘုန်းရယ်၊ လမင်း မောင်လေး တစ်ယောက်လုံး သူ့ကြောင့် အသက်ဆုံးရှုံးထားရတာ ကိုတောင် မျက်နှာပြောင်တိုက်ပြီး ဒီလိုစကားမျိုး သူ့ ပါးစပ်က ပြောထွက်တာကို အော့နှလုံးနာလွန်းလို့”

ဒေါသတွေထွက်လွန်းသဖြင့် ညကလည်း တစ်ညလုံး မိုးစင်စင်လင်းသည်အထိ လုံးဝကို ပြန်အိပ်လို့မရခဲ့ချေ။ ကိုယ်ခံ စားနာကျင်ရသလို ဒင်းကိုလည်း တစ်ခုခုနာကျင်ခံစားသွားရ အောင် လုပ်ချင်နေမိတော့တာဖြစ်သည်။

“ထားလိုက်ပါ၊ သူဘာပြောပြော လမင်းက ဂရုစိုက်မ နေနဲ့၊ အဲဒါဆို သူ့ဘာသာ ငြိမ်သွားလိမ့်မယ်”

“လမင်း. . . သူ့ကိုသိပ်မုန်းတာပဲ ကိုဘုန်းရယ်၊ မုန်းတာ မှ သတ်ပစ်ချင်လောက်ကို မုန်းတာ”

လမင်းက စကားကို ခဏဖြတ်ထားလိုက်ပြီးနောက် မျက်လုံးများကိုမှေးကျဉ်းကာ အံကိုကြိတ်ထားလိုက်ရင်း. . .

“ဒင်းက လမင်းအတွက်တော့ မိစ္ဆာကောင်ပဲ၊ လမင်း သိနေတယ်၊ ဒင်းက ဒီလောက်နဲ့ ပြီးသွားဦးမှာ မဟုတ် ဘူး၊ လမင်းကို စိတ်ဒုက္ခတွေ လိုက်ပေးနေဦးမှာ”



# အမုန်းဘုံသွား အချစ်ရထား

သူမစကားအဆုံး ကိုဘုန်းက သူမလက်တစ်ဖက်အား ဆုပ်ကိုင်လာရင်းမှ ဆိုသည်။

“သူက ဘယ်လောက် စိတ်ဒုက္ခပေးပေး ကိုယ်က ခံယူမှ ဖြစ်တာပါ လမင်းရယ်၊ ပြီးတော့ လမင်းဘေးမှာ ကိုယ် တစ်ယောက်လုံး ရှိနေတာပဲ၊ ဘာမှမပူနဲ့နော်၊ သူ့ကို ခေါင်းထဲက ထုတ်ထားလိုက်”

ခေါင်းထဲက ထုတ်ထားရမယ်တဲ့။ ဘယ်လိုများ ထုတ် ထားရမှာလဲကိုဘုန်းရယ်၊ လမင်းခံစားခဲ့ရတာတွေ. . . မောင်လေး တို့ဆုံးရှုံးလိုက်ရတာတွေ. . . အားလုံး အားလုံးသော အဖြစ်အပျက် တွေကို ဘယ်လိုနည်းလမ်းသုံးပြီးတော့များ လမင်းခေါင်းထဲက ထုတ်ပစ်ရမှာတဲ့လဲ။

မကျေဘူး။ လမင်း. . . အဲဒီဆိဇာမင်းမြတ်ဆိုတဲ့ ဒင်းကို သုံးဝမကျေဘူး။ မုန်းတယ်။ အရမ်းမုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

သူက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ကာ လက်ထဲမှာ ကိုင်ထားသည့် နှင်းဆီပန်းလေးအား သူမရဲ့ကားတားမှန်မှာ ထိပ်တစ်ခုဖြင့် ကပ်လိုက်သည်။ ဒီပန်းလေးကို မ,မြင်သွားရင် ပျော်သွားလေမည်လား။ ဒါမှမဟုတ် ရင်ခုန်သွားလေမည်လား။ အချစ်နှင့်ပေးသောပန်းပါ မ,ရယ်။

သူက ကိုယ့်အတွေးနှင့်ကိုယ် တစ်ချက်ပြုံးလိုက်မိစဉ်မှာပဲ သူ့အနားသို့ သူမက ရုတ်တရက်ရောက်လာတော့တာဖြစ်သည်။ သူက သူမကို အလုပ်မဆင်းလောက်သေးဟူး အထင်နှင့် ပန်းကိုလာကပ်နေမိခဲ့တာဖြစ်သော်လည်း သူမက ရုံးကို သူထင်ထားသည်ထက် ပိုမိုစောစွာ ဆင်းလာခဲ့ဟန်တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ. . . ဖယ်စမ်း"

သူမက ပြောလည်းပြော သူ့ကိုလည်း ဘေးသို့တွန်းဖယ်ပစ်လိုက်တာ ကားမှန်မှာကပ်ထားသည့် နှင်းဆီပန်းကို ဒေါသတကြီး ဆွဲယူခွာလိုက်ပြီးနောက် ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်လေသည်။

"မင်းကို. . . ငါနဲ့လာမပတ်သက်နဲ့လို့ ပြောထားတယ်လေ၊ မင်းမှာ ဦးနှောက်မပါဘူးလား၊ ဟမ်. . ."

သူမ၏ မျက်ဝန်းတို့က ဒေါသကြောင့် အရောင်တွေတလက်လက်တောက်ပနေကြ၏။ သူကတော့ ကြမ်းပြင်ပေါ်သို့ ကျသွားသည့် နှင်းဆီပန်းလေးကို တစ်ချက်ငုံ့ကြည့်လိုက်ပြီးမှ သူမမျက်နှာကို ပြန်ကြည့်လိုက်ကာ. . .

"ပါတာပေါ့ မ,ရဲ့၊ ဒါပေမယ့် အဲဒီဦးနှောက်က မ,နဲ့ပတ်သက်လာရင် အလုပ်မလုပ်ဘူးလေ၊ ကျွန်တော့်နှလုံးသားက ဦးနှောက်ထက်ကြီးနေတာကို ကျွန်တော်မှ ပြောင်းလဲပစ်လို့မရတာ၊ ကျွန်တော့်ဘဝက မ,ပြန်ချစ်မှတိုဖြစ်မှာ၊ မ,ဘက်က ကျွန်တော့်ကို ပြန်မချစ်မချင်း ကျွန်တော်ကတော့ နည်းမျိုးစုံနဲ့ ကြိုးစားနေဦးမှာပဲ"

"သေလိုက်. . . သွားသေလိုက် သိလား၊ နင့်လိုကောင်ကို ပြန်ချစ်ဖို့မပြောနဲ့၊ သတ်ပစ်ချင်လောက်အောင်ကို





မုန်းတယ်၊ ဒီအမုန်းက ဒီဘဝတင်မဟုတ်ဘူး၊ နောင်ဘဝအဆက်ဆက်ထိ နင့်ကိုမုန်းနေဦးမယ်ဆိုတာ နင့်ခေါင်းထဲမှာ သေတဲ့အထိ မှတ်ယူသွား၊ ဖယ်စမ်း. . . ဝါရှေ့က. . ."

သူမက ပြောလည်းပြော သူ့ကိုလည်း ရင်ဘတ်ကနေဆောင့်တွန်းခဲ့ကာ ကြမ်းပြင်ပေါ်က နှင်းဆီပန်းကိုပါ တစ်လက်စတည်း နင်းခြေပစ်လိုက်ရင်းက ကားပေါ်တက်ပြီး မောင်းထွက်သွားလေတော့သည်။

သူကတော့ သူမကားကို မြင်ကွင်းထဲက ပျောက်ကွယ်သွားသည်အထိ လိုက်ကြည့်နေမိပြီးမှ သူမနင်းခြေသွားခဲ့သော နှင်းဆီပန်းကလေးကို ငုတ်တုတ်ထိုင်ကာ ကောက်ယူလိုက်လေသည်၊ ပန်းလေးမှာ ဘာအပြစ်တွေများရှိလို့လဲ မ,ရယ်။

နောက်တော့သူက နှင်းဆီပန်းလေးကို မျက်လုံးစုံမှိတ်ကာ အမြတ်တနိုးနမ်းလိုက်၏၊ မရဲ့ခြေထောက်နဲ့နင်းသွားလို့အားတော့ မသိ၊ နှင်းဆီပန်းကလေးက ပိုမိုမွှေးမြနေသလိုလို။



www.burmeseclassic.com

www.burmeseclassic.com





သူက ဘုန်းထက်မြတ်ထိုင်နေသော စားသောက်ဆိုင်ထဲသို့ ခပ်တည်တည်ပင် ဝင်သွားလိုက်ကာ ဘုန်းထက်မြတ်ထိုင်နေသောခုံမှာပင် ဘာမှမပြောဘဲ ဝင်ထိုင်ပစ်လိုက်တော့ ဘုန်းထက်မြတ်က ဘာလဲဟုဆိုသည့်အထာနှင့် မော့ကြည့်လာသည်။

ဆီဇာမင်းမြတ်က လက်ထဲက စီးကရက်ကို ဟန်ပါပါ တစ်ချက်ရှိုက်လိုက်ပြီးနောက် မီးခိုးငွေ့တွေကို ခေါင်းမော့လျှက်ကာ မှုတ်ထုတ်လိုက်ပြီးမှ ဘုန်းထက်မြတ်ကို ခပ်စေ့စေ့စိုက်ကြည့်ပေးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်. . . ရှည်ရှည်ဝေးဝေး မပြောချင်ဘူး၊ ခင်ဗျား. . . မလမင်းထိန်ထိန်သာနဲ့ လမ်းခွဲလိုက်တော့၊ ကျုပ် သူ့ကို လိုက်မလို့"

သူ့စကားအဆုံး ဘုန်းထက်မြတ်ရဲ့ မျက်ခုံးတွေက တအံ့တသြဖြင့် အပေါ်ကို ပင့်တက်သွားကြသည်။ ဒါပေမယ့် ခဏလေးသာဖြစ်ပြီး သူ့မျက်နှာပေါ်မှာ ခပ်ပါးပါးအပြုံးတစ်ခုက ရောက်လာတော့ကာ. . .

"မင်းက ဘလိုင်းကြီးပါလား"

ဟု ဆိုလာသည်။ ဆီဇာမင်းမြတ်က ခေါင်းတစ်ချက်ထိုးဆတ်ခနဲညိတ်ပြလိုက်ပြီးနောက်. . .

"ဟုတ်တယ်၊ ကျုပ်က အကန်း၊ မ,ကို ချစ်လွန်းလို့ ကန်းသွားတာ၊ ခင်ဗျား ဟိုစကားပုံကြားဖူးလား၊ မျက်ကန်း တစ္ဆေမကြောက်ဆိုတာလေ၊ အဲလိုပဲ ကျုပ်က မ,ရဲ့အချစ်ကို ရဖို့ဆိုရင် ဘာမဆိုလုပ်ရဲတယ်နော်၊ အဲ့တော့ ခင်ဗျား. . . အေးအေးဆေးဆေး တော်ရာကို လွှင့်လိုက်တော့"

ဘုန်းထက်မြတ်က ပြုံးလိုက်ပြန်သည်။ ဒီတစ်ခါအပြုံးကတော့ ခပ်လှောင်လှောင်အပြုံးမျိုးဖြစ်၏။





"ဟား. . ဟာသပဲ၊ မင်းက ငါ့ကို လာခြိမ်းခြောက်နေတာလား၊ ခြောက်တိုင်းကြောက်တတ်တဲ့သူတွေထဲမှာ ငါမပါဘူး၊ အထူးသဖြင့် အရူးလိုလိုကောင်တွေကို ပိုတောင် မကြောက်သေးတယ်"

ဘုန်းထက်မြတ်စကားအဆုံး ဆီဇာမင်းမြတ်က သဘောတကျပင် လက်ခုပ်သုံးချက်ကို ဟန်ပါပါနှင့် ခပ်လေးလေး တီးပေးလိုက်ပြီးနောက်. . .

"ဟားဟား. . . ကြိုက်သွားပြီ၊ ကျုပ်ကလည်း တစ်ခါလောက်ခြောက်ရုံနဲ့ အမြီးလေးကုပ်ပြီး ပြေးမယ့်လူမျိုးတက် အခုလို ပြန်ပြီးစိန်ခေါ်ရဲတဲ့သူမျိုးကို ပိုသဘောကျတာ၊ ဒါပေမယ့် အဲလိုသတ္တိရှိပဲ့သူတွေဟာ အထိတော့ နာတတ်တယ်နော်၊ ခင်ဗျား ခံနိုင်ရည်ရှိပါ့မလား"

ဟုဆိုကာ မျက်စ,တစ်ချက်ပစ်ကာ စိန်ခေါ်ပေးလိုက်တော့သည်။

"စောင့်ကြည့်လိုက်ပါဦး၊ မင်းလိုကောင်က ဘယ်တော့မှ ငါ့ပြိုင်ဘက်ဖြစ်လာမှာ မဟုတ်ဘူး"

ဆီဇာမင်းမြတ်နဲ့ ဘုန်းထက်မြတ်တို့ အကြည့်ချင်းတွေ့ကွန့်အတော်ကြာ အားပြိုင်နေမိကြသည်။ ဘယ်သူကမှ အရှုံးမပေးသော အကြည့်မျိုး။ နောက်တော့ ဆီဇာမင်းမြတ်ကပဲ ခပ်ဟာဟာ တစ်ချက်ပြုံးလိုက်ကာ အကြည့်ကိုလွှဲလိုက်ပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝင်ကို

"အိုခေလေ. . . စောင့်ကြည့်ရသေးတာပေါ့"

ဟုဆိုကာ လက်ထဲမှာကိုင်ထားသည့် သောက်လက်စ စီးကရက်အတိုအား ဘုန်းထက်မြတ်သောက်နေသော အအေး ခွက်ထဲသို့ထည့်ကာ ထထွက်လာခဲ့လိုက်သည်။

အချစ်က ကိုယ့်ဘက်မှာမရှိသော်လည်း သူကတော့ တိုက်ပွဲကို နိုင်အောင်တိုက်မှာပဲဖြစ်သည်။ ဒီစစ်ပွဲမှာ မိမိ မရှုံးစေ ရ။ အဆုံးသတ်တွင် မ, ရှိနေရမည့်နေရာဟာ ကိုယ့်ရင်ခွင်သာ ဖြစ်ရပါမည်။



"မနုဿမိစ္ဆာတစ်ယောက်ငါပဲ×××မိုးကြိုးသွား လက်ရုံး တစ်ထောင်နဲ့××× ငါ့အတ္တကိုထိလာခိုက်××× အကုန် သွင်းပစ်လိုက်မယ် မီးလောင်တိုက်××× ရန်သူတွေအပေါ် ဓားသန်လျက်×××ကြွင်နာသူအပေါ် ပျားရည်စက်××× ရန်သူတွေအပေါ် ဓားသန်လျက်××× ကြွင်နာသူအပေါ် သကာပျားစက်×××"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ဆီမှ ဆူညံစွာထွက်ပေါ်လာသော သီချင်းသံကြောင့် လမင်းက အိပ်ယာဝင်ရန် ပြင်နေရာမှ ဝရန်တာဘက်သို့ထွက်ကာ တစ်ချက်ကြည့်လိုက်မိစဉ်မှာတော့ အိမ်ရှေ့မှာ သီချင်းလာဆိုသူမှာ ဆီဇာမင်းမြတ်တို့အုပ်စုမှန်းသိလိုက်ရသောအခါ သူမ ဒေါသအစိုင်အခဲတို့က ဆူဝေလာရပြန်တော့သည်။ သူမ နေသည်မှာ ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သလို ပတ်ဝန်းကျင်မှာနေကြသူများဟာလည်း လူကြီးလူကောင်းများသာ နေကြတာဖြစ်သည်။ ပြီးတော့ ဒီလိုအဖြစ်မျိုးလည်း သူမဘဝမှာ တစ်ခါမှ မကြုံခဲ့ဖူးချေ။ ဒါဟာသက်သက်မဲ့ သူမကို ပတ်ဝန်းကျင် မေးငေါ့စရာဖြစ်အောင် လာလုပ်တာဖြစ်သည်။

"တောက်. . . တွေ့ကြသေးတာပေါ့"

သူမက တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ အခန်းထဲသို့ ပြန်ဝင်လာခဲ့ပြီးနောက် အောက်ထပ်ကို တဒုန်းဒုန်းပြေးဆင်းလာခဲ့လိုက်သည်။

"အတ္တရမ္မက်က မွှေးတဲ့မီး×××အချစ်နဲ့စစ်မှာ မတရားတာမရှိ××× ထီးဆောင်းမင်းတစ်ရာ့တစ်ပါးနဲ့လည်း×××စစ်မက်ခင်းမယ် မင်းအတွက်ပဲ××× ရန်သူတွေအပေါ် ဓားသန်လျက်×××ကြင်နာသူအပေါ် ပျားရည်စက်×××"



# အမုန်းတုံသွား အချစ်ရထား

ဒေါ်ဝေဝေလှိုင်သည်လည်း ဘုရားရှိခိုးနေရာမှ အိမ်ရှေ့က ဆူညံသံများကြောင့် ဘယ်လိုမှဆက်ပြီး ဘုရားမှာအာရုံစိုက်၍မရလေရာ အောက်ထပ်သို့ ဆင်းလာခဲ့လိုက်၏။

"အသည်းများလမ်းခင်း×××ပွဲများ ကြမ်းရင်း×××စွန့်စားလိုက်ပါရစေ×××မင်းအတွက် အချစ်ရေ×××ဓားနဲ့ ဓားချင်း×××တရားနဲ့ တရားချင်း××× စွန့်စားလိုက်ပါရစေ××× မင်းအတွက်အချစ်ရေ×××"

တူဝရီးနှစ်ယောက်က ဧည့်ခန်းထဲမှာ သွားဆုံကြသည်။ ဒေါ်ဝေဝေလှိုင်က အိမ်ရှေ့ဘက်ဆီကို မမြင်ရမှန်းသိသော်လည်း သူမ်းမျှော်ကြည့်လိုက်ရင်းက. . .

"ဘယ်သူတွေလဲ မသိဘူး သမီးရယ်၊ ဆူညံနေတာပဲ၊ ပတ်ဝန်းကျင်ကိုမှ အားမနာ"

"ဘယ်သူရှိရမှာလဲ ဒေါ်လေးရဲ့၊ ဆီဇာမင်းမြတ်ဆိုတဲ့ကောင်ပေါ့"

"ဩော. . . ဒေါ်လေးလည်း ထင်တော့ထင်သား"

"တောက်. . . လူပါးဝတယ်၊ မှတ်လောက်သားလောက်အောင် ပါးကိုချပစ်မယ်"

လမင်းက ရှေ့ဘက်ကို ထွက်မယ်အလုပ်မှာတော့ ဒေါ်ဝေဝေလှိုင်က လမင်းရဲ့လက်တစ်ဖက်ကို ဖမ်းဆွဲထားလိုက်ရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဩော်. . . မလုပ်ပါနဲ့ သမီးရယ်၊ ထားလိုက်ပါ။ အချိန်တန်ရင် သူ့ဘာသာ ပြန်သွားပါလိမ့်မယ်"

"မရဘူးဒေါ်လေး၊ ဒင်းက လူလိုနားလည်တာမဟုတ်ဘူး၊ လမင်းလည်း သည်းမခံနိုင်တော့ဘူး"

လမင်းက ဒေါ်ဝေဝေလှိုင့်လက်ထဲကနေ သူမလက်ကို နှုတ်ယူရုန်းထွက်လိုက်ကာ ခြေလှမ်းကျဲကြီးများဖြင့် အိမ်ရှေ့ဘက်ဆီကို လျှောက်လှမ်းထွက်ခွာသွားတော့ ဒေါ်ဝေဝေလှိုင်က နောက်ကနေ ပြေးလည်းလိုက်ရသလို ပါးစပ်ကနေလည်း အော်ပြောတားမြစ်ရင်းက ပါလာရလေသည်။

"ဟဲ့. . . ဟဲ့. . . သမီး. . . လမင်း. . . နေဦးလေ"

အိမ်ရှေ့မှာကတော့ သီချင်းသံက ဆူညံပေါက်ကွဲစွာ ထွက်ပေါ်နေမြဲပင်ဖြစ်၏။

"ကြမ်းတမ်းတဲ့ ကိုယ့်စရိုက်တွေထဲ××× နူးညံ့တဲ့အချစ်တွေ ရှိနေတယ်×××အရိုင်းအစိုင်းတစ်ယောက်လို့ အများမြင်လည်း×××မင်းသဘောပေါက်ရင် ဖြီးတာပဲ××× ရန်သူတွေအပေါ် ဓားသန်လျက်××× ကြင်နာသူအပေါ်ပျားရည်စက်××× ရန်သူတွေအပေါ် ဓားသန်လျက်××× ကြင်နာသူအပေါ် ××× သကာပျားစက်×××"





လမင်းထွက်လာတာကိုမြင်တော့ ဆီဇာမင်းမြတ်က တားကိုမှီကာ သီချင်းဆိုနေရင်းမှ ပြုံးပြလိုက်မိသည်။ ဒါပေမယ့် လမင်းကတော့ တင်းမာခက်ထန်နေသော မျက်နှာထားဖြင့် သူနှင့်နီးကပ်သွားသည်အထိ တိုးကပ်လျှောက်လှမ်းသွားပြီးနောက် သူ့ပါးအား ဘာမပြောညာမပြောနှင့်ပင် အားကုန်သွဲရိုက်ထည့်လိုက်လေသည်။

"ဟာ. . ."

မင်းမျိုးနှင့် ရာဇာဦးတို့ဆီက အာမေဍိတ်သံများ ပြိုင်တူထွက်လာသလို သီချင်းသံကလည်း တိခနဲရပ်တန့်သွားရကာ ဆီဇာမင်းမြတ်၏မျက်နှာသည်လည်း တစ်ဖက်သို့ လည်ထွက်သွားရသည်။

ဒါပေမယ့် ဆီဇာက လုံးဝ မျက်နှာမပျက်ဘဲ သူမကို စောစောကလိုပင် ပြုံးပြလိုက်ရင်းက. . .

"တော်ပြီလား မ၊ အားမရသေးရင် ကျန်သေးတဲ့ ဒီဘက်ပါးကိုပါ ထပ်ရိုက်လို့ရသေးတယ်နော်၊ မ,ရဲ့လက်နဲ့သာ ထိခွင့်ရမယ်ဆိုရင် ပါးရိုက်ခံရတာဟာလည်း ကျွန်တော့်အတွက်တော့ သုခတစ်မျိုးပဲ မ,ရဲ့"

ဆီဇာ့စကားက သူမ၏ဒေါသတို့ကို ပိုမိုဆွပေးလိုက်သလို ဖြစ်ရတာ သူမက ဆီဇာ၏ ကျန်နေသေးသောပါးတစ်ဖက်ကို ချက်ချင်းပြင်းပြင်း ရိုက်ချလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



“တောက်. . . ဒီလောက်တောင်ဖြစ်လှတာ၊ ကဲဟယ်. . ”

ဆီဇာ့ပါးက တစ်ဖက်သို့ လည်သွားပြန်၏။ ဒီတစ်ခါတော့ မင်းမျိုးနှင့် ရာဇာဦးတို့က လှုပ်လှုပ်ရှားရှားဖြစ်သွားကြကာ. . .

“မလမင်း. . . ခင်ဗျား. . . ”

ဆိုပြီး တစ်ခုခုပြောဖို့ပြင်လိုက်ကြသော်လည်း ဆီဇာမင်းမြတ်က သူငယ်ချင်းတွေကို လက်တစ်ဖက်ထောင်ပြကာ တားထားလိုက်ပြီးနောက် သူမကို အပြုံးမပျက်ကြည့်လာပြန်ကာ. . .

“တော်ပြီလား မ၊ ထပ်ရိုက်လိုက်ပါဦး”

သူမမုန်းတီးစက်ဆုပ်သည်မှာ ဒီလိုမျက်နှာပေးမျိုးကိုဖြစ်သည်။ “ခင်ဗျား ကြိုက်သလောက်ပြော. . . ကြိုက်သလောက်ရိုက်၊ ကျုပ်က စောက်ရေးကိုမစိုက်တာ” ဆိုသည့် မျက်နှာပေးနှင့် အပြောမျိုးဖြစ်သည်။

ဒေါ်သဒ္ဒိဂရိက အရှိန်ပြင်းလာသောအခါ သူမကိုယ်သူမ လုံးဝမထိန်းနိုင်တော့ချေ။ ထိုအခါ သူမက သူ့မျက်နှာကို ကုတ်ဆွဲရန်အတွက် ပြင်လိုက်စဉ်မှာပင် သူမအနားသို့ ဒေါ်လေး ရောက်လာကာ သူမကို ဆွဲထားလိုက်လေသည်။

“လမင်း. . . မလုပ်နဲ့. . . မလုပ်နဲ့. . . ”





သူမက ဒေါ်လေးလက်ထဲမှ ရုန်းကန်လိုက်ရင်းကနေ အော်ဟစ်လိုက်မိသည်။

“လွှတ်စမ်းပါ ဒေါ်လေးရယ်၊ လွှတ်စမ်းပါ. . . ဒင်းကို သတ်မယ်၊ ဒင်းကို သတ်မယ်. . . ”

ဒေါ်ဝေဝေလှိုင်က လမင်းကို လွှတ်မပေး။ အတင်းဆွဲထားရင်းက. . .

“သမီး. . . လွန်မယ်၊ လွန်မယ်သမီးရယ်. . . ၊ လာ. . . လာပါ၊ ပတ်ဝန်းကျင်မှာ မြင်မကောင်းပါဘူး၊ လာလာ၊ မောင်ရင်. . . မောင်ရင်တို့လည်း ပြန်ပါတော့ကွယ်၊ အန်တီတောင်းပန်ပါတယ်. . . နော်. . . ပြန်ကြပါတော့. . . လာလာ. . . သမီး. . . လာပါကွယ်”

ဒေါ်ဝေဝေလှိုင်က လမင်းကိုလည်း ဆွဲခေါ် ဖျောင်းဖျသလို ဆီဇာမင်းမြတ်တို့ကိုလည်း ပြန်ဖို့ပြောရလေသည်။

“အယုတ်တမာကောင်. . . နင့်ကိုသိပ်မုန်းတယ်သိလား၊ နင့်တိုငါ သတ်ပစ်ချင်လောက်အောင် မုန်းတယ်. . . ”

လမင်းက ဒေါ်သတကြီးအော်ဟစ်ကာ ဒေါ်ဝေဝေလှိုင်ဆွဲခေါ်ရာနောက်ကို ယက်ကန်ယက်ကန်ဖြင့် ပါသွား၏။

ဆီဇာမင်းမြတ်ကတော့ သူ့မြင်ကွင်းထဲကနေ လမင်း ပျောက်ကွယ်သွားသည်အထိ နေရာမှာတင် မလှုပ်မယှက်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကျန်နေခဲ့ပြီးမှ သူမရိုက်ခဲ့သော သူ့ပါးနှစ်ဖက်ကို လက်တစ်ဖက်ဖြင့် အသာတို့ထိ ပွတ်သပ်လိုက်ကာ သူမ၏အငွေ့အသက်ကိုရလိုရငြား ကိုယ့်လက်ကိုကိုယ် အမြတ်တနိုးဖြင့် နမ်းရှိုက်လိုက်မိလေတော့သည်။

မ,က ကျွန်တော့်ကို သတ်ပစ်ချင်လောက်အောင်မုန်းပေမယ့် ကျွန်တော်ကတော့ မကို သေလောက်အောင်ချစ်တယ် မ,ရဲ့ အဲဒါကိုသိလား။








www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဘုန်းထက်မြတ်နှင့် လမင်းထိန်ထိန်သာတို့က စားသောက်ဆိုင်တစ်ခုထဲမှာ စားရင်းသောက်ရင်းစကားပြောနေကြသည်။ အဲဒီလို သူတို့တွေ အထဲမှာစကားပြောနေသည့်အချိန်မှာပဲ သူတို့တွေ အပြင်မှာရပ်ထားသည့် ကားနားကို ဆီဇာမင်းမြတ်တို့အုပ်စု မောင်းလာသည့်ကားက ထိုးရပ်သွားပြီးနောက် သုံးယောက်သားက ကားပေါ်ကနေ ဘေ့စ်ဘောရိုက်တံတွေကိုယ်စီနှင့် ဆင်းလာကြကာ ဘုန်းထက်မြတ်၏ကားကို မှန်တွေရိုက်ခွဲပစ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအဖြစ်အပျက်ကိုမြင်သွားသည့်က စားပွဲထိုးလေး။ ဒါကို ဘုန်းထက်မြတ်တို့ကို သွားပြောပြလိုက်သည့်အခါမှာတော့ ဘုန်းထက်မြတ်နှင့်လမင်းတို့က အပြင်ကို ပြေးထွက်လာခဲ့လိုက်ကြတော့သည်။

"ဟင်. . . နင်. . နင်တို့. . . "

"ဟော့ကောင်တွေ. . . မင်းတို့ ဘာလုပ်တာလဲ"

ဘုန်းထက်မြတ်နှင့် လမင်းတို့က ပြောလည်းပြော ကားကိုလည်း လှည့်ပတ်ကြည့်လိုက်ကြကာ. . .

"သွားပြီ. . . ငါ့ကားတော့ သွားပြီ"

ဟု ဘုန်းထက်မြတ်က မှတ်ချက်ပြုကာ ဆီဇာမင်းမြတ်တို့အုပ်စုအား ဒေါသတကြီး ကြည့်လိုက်သည်။ ဆီဇာမင်းမြတ်ကတော့ ခပ်ပြုံးပြုံးလုပ်နေကာ ဘုန်းထက်မြတ်ကို မခိုးမခန့်ကြည့်ပေးလိုက်ပြီးနောက်. . .

"အခုက သတိပေးတဲ့အနေနဲ့ ကားကို နမူနာလုပ်ပြထားတာနော်၊ နောက်တစ်ခါဆိုရင် ခင်ဗျားအလှည့်ပဲ၊ ကြောက်တတ်ရင်တော့ မ,နဲ့ ကြိုပြီးလမ်းခွဲထားလိုက်၊ အိုခေ. . . "

ပြောပြီး ဆီဇာတို့က လှည့်ထွက်သွားဖို့ပြင်သည်။ ဒါပေမယ့် လမင်းက အသွားမခံ။





"နင်ဘယ်သွားမှာလဲ နေဦး၊ နင်လုပ်ချင်ရာလုပ်ပြီး ဒီလိုထွက်သွားလို့ရမလား"

လမင်းစကားကြောင့် လှည့်ထွက်သွားဖို့ ပြင်ပြီးနေပြီဖြစ်သည့် ဆီဇာမင်းမြတ်က မျက်ခုံးတွေကိုပင့်ချီကာ တစ်ခုခုကို သတိရသွားဟန်ဖြင့် ပြန်လှည့်လာခဲ့လိုက်ပြီးနောက်. . .

"အော်. . . ဟုတ်သားပဲ၊ ပြောရမယ့်စကား မေ့တော့မလို့၊ အဟင်း. . မ,ကို အရမ်းချစ်တယ်၊ သိလား"

"မင်း. . . မင်း. . . "

ပြောချင်တာပြောပြီးသွားသည့် ဆီဇာမင်းမြတ်က လမင်းဆီက ထွက်လာမည့်စကားကို မစောင့်။ မျက်စိတစ်ဖက်သာ မှိတ်ပြလိုက်ပြီးနောက် သူ့ကားဆီကို လှည့်ထွက်သွားတော့သည်။

"တောက်. . . ဟာကွာ. . . ဒီကောင်"

ဘုန်းထက်မြတ်က ဒေါသတကြီးဖြင့် ဆီဇာမင်းမြတ်နောက်ကို လိုက်သွားဖို့ပြင်လိုက်သော်လည်း လမင်းက ဘုန်းထက်မြတ်ကို ဆွဲထားလိုက်ရင်းက. . .

"ကိုဘုန်း. . . မလုပ်နဲ့၊ သူ့အလွန်ကနေ ကိုယ့်အလွန်ဖြစ်မယ်၊ ထားလိုက်၊ ဒင်းတို့ကို မှတ်လောက်သားလောက်အောင် ရဲတိုင်လိုက်တာပဲ ကောင်းတယ်"

ဆီဇာတို့ ပြိုင်ကားက ဝေါခနဲ မောင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်းက တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်ပြီး နောက် ဖုန်းကိုထုတ်ကာ ဖုန်းနံပါတ်အချို့ကို နှိပ်လိုက်သည်။

"ဟယ်လို. . ."



အချုပ်ခန်းထဲမှာ ဆီဇာမင်းမြတ်၊ ရာဇာဦးနှင့် မင်းမျိုးတို့က အခန်းနံရံကိုမှီကာ ထိုင်နေကြသည်။ ဒီအချိန်မှာပဲ ဦးမြတ်သစ်က ပူပန်နေသော မျက်နှာထားဖြင့် ရောက်လာ၏။

"ဆီဇာ. . ."

ဦးမြတ်သစ်ကိုမြင်တော့ ဆီဇာက ထိုင်နေရာကနေ ထလာသည်။ ဆီဇာ့ပုံစံက အချုပ်ထဲရောက်နေတာနှင့် လုံးဝ တွေ့။ ပြုံးစစမျက်နှာထားဖြင့် အပန်းဖြေစခန်းတစ်ခုခုကို အပျော် ခရီးရောက်လာရသလို မျက်နှာထားမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲကွာ၊ ဟမ် . . . ဒီထဲရောက်နေတာတောင် မင်းက ပြုံးနိုင်သေးတယ်"

ဆီဇာမင်းမြတ်က တစ်ချက်ရယ်သွမ်းသွေးလိုက်ရင်းက . .

"အဟက် . . . ဦးလေးကလည်း၊ ကျွန်တော်က အချစ်အတွက်တိုက်ပွဲဝင်တာလေ၊ ဒီလောက်ကတော့ စာမဖွဲ့လောက်ပါဘူး"

ရာဇာဦးနှင့် မင်းမျိုးတို့ပါ ထိုင်နေရာကနေ ထလာကြသည်။ ဦးမြတ်သစ်ကတော့ ဆီဇာမင်းမြတ်၏စကားပြောနှင့်မျက်နှာပေးတို့ကိုကြည့်ကာ ခေါင်းတယမ်းယမ်း။



ရဲစခန်းကနေ အိမ်ပြန်ရောက်သည့်အခါမှာတော့ ဦးမြတ်သစ်က ဆိုဖာပေါ်မှာ စိတ်ပျက်လက်ပျက်၊ စိတ်မောလူမောဖြင့် ထိုင်ချလိုက်ရင်းက . . .

"ဆီဇာ . . . ဆီဇာ မင်းငါ့ကို တော်တော်ဒုက္ခပေးတယ်၊ ဘာဖြစ်လို့ သူများကားကိုသွားလုပ်ရတာလဲ၊ ငါ့မှာ မင်းကြောင့် ရုံးရောက်ဂတ်ရောက်ဖြစ်ရတာလဲ အခေါက်ပေါင်းမနည်းတော့ဘူး။ ငါ့လောက် ပြောဆိုဆုံးမတာလည်း ငါပဲရှိတယ်၊ မင်းကိုတော့ ငါအတော် စိတ်ပျက်လာပြီ"

ဆီဇာကတော့ သူ့ပြောနေသည်ဟုပင် သတ်မှတ်ပုံမရသဲ့ ဖုန်းကို ကလိနေ၏။

www.burmeseclassic.com



"ဒါနဲ့ မင်းလိုက်နေတဲ့ ကောင်မလေးမှာက ချစ်သူရှိပြီး သား မဟုတ်လား၊ လက်လျှော့လိုက်ပါကွာ"

ဒီတော့မှ ဖုန်းဆီမှာရောက်နေသည့် ဆီဇာ့အကြည့်တ ဦးမြတ်သစ်ဆီကို ရောက်လာသည်။

"မရတော့ဘူး ဦးလေး၊ ကျွန်တော့်နှလုံးသားက အရှိန် လွန်သွားပြီ၊ နောက်ပြန်ဆုတ်လို့မရတော့ဘူး၊ မ,ရဲ့ အချစ်ကို ကျွန်တော် ရမှကိုဖြစ်မှာ"

ဦးမြတ်သစ်က ဆီဇာ့ကို နားမလည်သလိုကြည့်လိုက် ရင်းက. . .

"သူ့မှာချစ်သူရှိနေပါတယ်ဆိုမှ ဟိုက မင်းအချစ် လက်ခံပါ့မလားကွ၊ စဉ်းစားကြည့်စမ်းပါဦး၊ ပြီးတော့ သူက မင်းကို သူမောင့်သေရတာ မင်းကြောင့်ဆိုပြီးတော့ မုန်းနေတာ၊ ဘယ်လိုလုပ် သူ့အချစ်ကို မင်းရနိုင်မှာလဲ မဖြစ်နိုင်တာ"

"ကျွန်တော်ကတော့ မဖြစ်ဖြစ်အောင်လုပ်ယူမှာပဲ၊ အေး နည်းနဲ့မရရင် အကြမ်းနည်းသုံးမယ်၊ ဘာပဲလုပ်ရလုပ် မ,ရဲ့အချစ်ကိုရဖို့ဆိုရင် ကျွန်တော်ကတော့ လုပ်မှာ သူ့မှာ ချစ်သူရှိတော့ရော ဘာဖြစ်လဲ၊ ယောကျ်ား တာမှ မဟုတ်တာ၊ ချစ်သူရည်းစားဆိုတာ အချိန်မရွေး





အပြောင်းအလဲလုပ်ယူလို့ရတယ်၊ မ,ကို လက်လျှော့ လိုက်ဖို့ ဒီဘဝမပြောနဲ့ သံသရာအဆက်ဆက်မှာတောင် စိတ်မကူးဘူး"

ဆီဇာမင်းမြတ်က ပြောစကားအဆုံးမှာတော့ ထိုင်ရာ တနေ ထထွက်သွားတော့သည်။ ဦးမြတ်သစ်ကတော့ ဆီဇာထွက် သွားလေရာနောက်ကိုလိုက်ကြည့်ကာ အော်ဟစ်ကျန်ခဲ့၏။

"အေး. . . လုပ်ကွာ. . . လုပ်၊ မင်းလုပ်ချင်ရာသာလုပ် တော့၊ မပြောတော့ဘူး"

အဲဒီလိုအော်ဟစ်ပြီးနောက် ဦးမြတ်သစ်က နဖူးပေါ်မှ ချွေးစအချို့ကို စားပွဲပေါ်ရှိတစ်ရှူးဘောက်စ်ထဲမှ တစ်ရှူးတစ် ထွေးလိုက်ကြီးကို ထုတ်ယူကာ သုတ်လိုက်သည်။ ဒီအချိန်မှာပဲ ဖုန်းကမြည်လာ၏။ ကြည့်လိုက်တော့ ဖုန်းက အိုဗာဆီး။

မိမိအစ်ကို၊ ဆီဇာ့ဖခင်ဆီက ဖြစ်သည်။ ရဲစခန်းကို မ သွားခင် အစ်ကိုဖြစ်သူကို သူ့သားအကြောင်း လှမ်းပြောပြထား တာမို့ အကျိုးအကြောင်း ထပ်မေးတာပဲဖြစ်ပါလိမ့်မည်။

"ဟယ်လို. . . အစ်ကိုကြီး"

"အေး. . . သားကို သွားထုတ်လာပြီလားညီလေး"

ဦးမြတ်သစ်က မပြောချင်တော့ပါဘူးဆိုသည့် အထာ ဖြင့် သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်ပစ်လိုက်ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ အာမခံနဲ့ သွားထုတ်ပြီးပြန်လာဟာ"

"ဘယ်လိုဖြစ်ရပြန်တာလဲကွာ၊ ငါ့မှာ မင်းဖုန်းဆက်တော့ ပူထူသွားတာပဲ"

"ပူထူမနေနဲ့၊ အစ်ကိုကြီးတို့ မမြတ်တို့က အဲဒီကနေပဲ ပူထူနေ၊ ကျွန်တော်က ဒီမှာ သူ့မွေ့သမျှကို လိုက်ရှင်းနေရတာ အတော်စိတ်ပျက်နေပြီ၊ ဖြစ်ပုံက ဒီလို၊ သူက လမင်းထိန်ထိန်သာဆိုတဲ့ ကောင်မလေးကိုလိုက်နေတာ၊ အဲဒီ ကောင်မလေးမှာက ချစ်သူရှိပြီးသား၊ အဲဒါကို မကျေနပ်လို့ အဲဒီကောင်မလေးရဲ့ ချစ်သူကားကို ဆီဇာနဲ့ သူသူငယ်ချင်းနှစ်ယောက်တို့က သွားရိုက်ခွဲပစ်ကြတာတဲ့၊ အခု သူရော သူ့သူငယ်ချင်းနှစ်ယောက်တို့ပါ အာမခံပေးပြီး ပြန်ထုတ်လာရတာ၊ ဒါလည်း အစ်ကိုကြီးသားက အချိုးပြောင်းမယ့်ပုံ မပေါ်ပါဘူး၊ ဘယ်အချိန် အချုပ်ထဲရောက်ဦးမယ် မသိဘူးဗျာ. . ."

"သည်းခံပေးပါညီလေးရာ၊ သားလေးက အစ်ကိုကြီးတို့လင်မယားရဲ့ အိမ်ထောင်ရေး ပဋိပက္ခတွေကြားထဲမှာ မြေဇာပင်ဖြစ်ခဲ့ရတာ မဟုတ်လား၊ စိတ်မှာ ဒဏ်ရာရထားတော့ ထွက်ပေါက်အနေနဲ့ ပတ်ဝန်းကျင်ထဲ အရွဲ့တိုက်တာပါ"





"ကျွန်တော်လည်း အဲဒါကြောင့် သူ့ကိုသနားပြီးတော့ အလိုလိုက်ခဲ့တာပါ အစ်ကိုကြီးရယ်၊ ကိုယ့်တူဆိုပေမယ့် ကိုယ့်လက်ပေါ်မှာကြီးခဲ့တဲ့ ကိုယ့်သားပါပဲ၊ ဒါပေမယ့် ငယ်တုန်းကဆိုးတာဟာ ပြဿနာမဟုတ်ဘူး အစ်ကိုကြီး၊ အခုလို ကြီးတဲ့အထိ အရွဲ့တိုက်၊ ထစ်ခနဲရှိ လက်ပါ၊ ရှုံးရောက်ဂတ်ရောက်ဖြစ်နေတာကတော့ မကောင်းဘူးပေါ့ဗျာ၊ ကျွန်တော်ပြောနေတယ်ဆိုတာကလည်း သူ့အတွက်ပါပဲ၊ ဒါပေမယ့် ဒါကို သူနားမလည်ဘူး၊ မဟုတ်ဘူး၊ နားလည်တယ်၊ နားလည်ရဲ့သားနဲ့ မိုက်နေတာ"

"အေးပါ ညီလေးရာ. . .၊ ဘာပဲဖြစ်ဖြစ် လွှတ်တော့မထားပါနဲ့ကွာ. . . နေဦး၊ အစ်ကိုကြီးလည်း သူ့ကိုပြောဆိုဆုံးမချင်ပါတယ်၊ ဒါပေမယ့် ညီလေးသိတဲ့အတိုင်း သူက အစ်ကိုကြီးကို စကားမပြောဘူးလေ၊ အစ်ကိုကြီးအားတိုင်း သူ့ဆီကို ဖုန်းဆက်တာပဲ၊ ဒါပေမယ့် သူက မကိုင်ဘူး၊ ဒါနဲ့သူက သူ့အမေဖုန်းဆိုရင်ရော ကိုင်လား"

"မကိုင်ဘူး၊ အမေအကြောင်းလည်း မပြောဘူး၊ အဖေအကြောင်းလည်း မပြောဘူး၊ ပြီးတော့ အစ်ကိုကြီးနဲ့ မမြတ် လစဉ်လွှဲပေးနေတဲ့ သူ့အကောင့်ထဲက ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း သူကော်ဖီဆိုင်ဖွင့်ထားပြီးကတည်းက မသုံးတော့ဘူး၊ ဘဏ်စာအုပ်လည်း ကျွန်တော့်ကိုပေး ထားတယ်၊ လုပ်ချင်တာသာ လုပ်ပစ်လိုက်တဲ့၊ တော်ပြီ အစ်ကိုကြီးရာ. . . ကျွန်တော် အပြင်သွားစရာရှိသေး တယ်၊ ဖုန်းချလိုက်တော့မယ်”


“အေးအေး ညီလေး၊ သားနဲ့ပတ်သက်ပြီး တစ်ခုခုအ ကြောင်းထူးရင်တော့ ဖုန်းဆက်ဦးနော်၊ သားကိစ္စက ညီလေးပြောပြမှ သိရမှာ”

“ဟုတ်ပြီ. . . ဟုတ်ပြီ. . . ဒါပဲနော်”

“အေးအေး. . . ညီလေး”

ဖုန်းကိုချလိုက်ပြီးနောက် ဦးမြတ်သစ်က လက်ကနာရီ ကို တစ်ချက်ကြည့်လိုက်သည်။ အလုပ်ကိစ္စတစ်ခု ချိန်းထားသ ဖြင့် အပြင်ကိုသွားရဦးမည်ဖြစ်သော်လည်း အချိန်ကနီးနေပြီ သဖြင့် ရေချိုးချိန်ပင်မရတော့ချေ။ အပူတွေကို မလိုချင်လို့ လှ ကြီး လုပ်နေခဲ့ပါသော်လည်း ထိုအပူများက သူ့ခေါင်းပေါ် ဆိုက်ဆိုက်မြိုက်မြိုက်ကိုပဲ ရောက်နေခဲ့တာ နှစ်တွေတော အတော်ကြာခဲ့ပြီဖြစ်ပါသည်။





www.burmeseclassic.com

## အခန်း (၈)

စကားတပြောပြောဖြင့် ကားမောင်းလာရင်းက ကားရှေ့
ာ ရုတ်တရက်ပေါ်လာသည့် ဆီဇာမင်းမြတ်ကိုမြင်လိုက်ရ
ည့်အခါမှာတော့ ဘုန်းထက်မြတ်က ကားကိုအမြန်ပဲ ဘရိတ်
ာင့်အုပ်လိုက်ရလေသည်။ ကားက အနည်းငယ်အရှိန်ပါနေ
တနေ ရုတ်တရက်ကြီး ဘရိတ်ဆောင့်အုပ်လိုက်ရတာမို့
န်းထက်မြတ်ရော၊ ဘေးမှာထိုင်ပါလာသည့် လမင်းထိန်ထိန်သာ
ဟာ ရှေ့ဘက်ကို ဟပ်ထိုးတွေ ငိုက်ဆင်းသွားရလေသည်။
တောင်းလို့သာ နှစ်ယောက်စလုံးက ကားရှေ့မှန်နှင့် နဖူး
်မဆက်မိလိုက်ကြတာဖြစ်သည်။

ဆီဇာမင်းမြတ်က ဘော့စ်ဘောရှိတ်တံတစ်ချောင်းကို
ေါ်မှာ ထမ်းထားကာ ခြေထောက်တွေကို ခပ်ကားကားအနေ



www.burmeseclassic.com

www.burmeseclassic.com



အထားဖြင့် ချဲရပ်ထားပြီးနောက် သူတို့ဆီကို မမှိတ်မသုန်စိုက်ကြည့်နေတာဖြစ်သည်။ ကားနှင့် သူ၏အကွာအဝေးက တစ်ဝေလောက်သာ လိုတော့တာဖြစ်သော်လည်း တစ်ချက်မှ ထိတ်လန့်ဟန်မရှိချေ။

နှစ်ယောက်သားက ကားပေါ်မှာ ဖရိုဖရဲ အလန့်တကြားဖြစ်သွားကြပြီးမှ. . .

"ဟား. . . ဒီကောင် ဘာကောင်လဲကွာ၊ လမင်း. . . ဒီမှာ ခဏနေဦး၊ ကိုယ်ဆင်းလိုက်မယ်"

ဘုန်းထက်မြတ်က ဒေါသတကြီးဖြင့် အောက်ကိုဆင်းမယ်လုပ်တော့ လမင်းထိန်ထိန်သာက လက်တစ်ဖက်ကို ဖျတ်ခနဲဖမ်း ဆွဲထားလိုက်ရင်းက. . .

"မဟုတ်ဘူး ကိုဘုန်း၊ ကိုဘုန်းမဆင်းနဲ့၊ လမင်း ဆင်းမယ်"

"အာ. . . မဟုတ်တာ လမင်းကလည်း၊ ကိုယ်ပဲ ဆင်းလိုက်မယ်"

လမင်းက ခေါင်းယမ်းသည်။

"ရတယ်၊ ကိုဘုန်းနေခဲ့"

ပြောပြီးနောက် လမင်းက ကားပေါ်ကဆင်းလာ ကားတံခါးကို ဂျောင်းခနဲမြည်အောင် ခပ်ပြင်းပြင်းပိတ်ပစ်ခဲ့လိုက်ပြီး ဆီဇာမင်းမြတ်အနားကို ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်သွားလိုက်သည်။

"ဘာလဲ. . . နင်က ရိုက်မလို့လား၊ ဟုတ်လား၊ ဟမ်. . . နောက်တစ်ခါ ထောင်ထဲသွားချင်လို့လား၊ ရိုက်လေ၊ သတ္တိရှိရင် ရိုက်လိုက်စမ်းပါ"

စိတ်က အရမ်းကိုပဲ ကျွတ်ကျဲသွားရတာမို့ လမင်းက သူနှင့် လူချင်းအတော်နီးကပ်သွားသည်အထိ တိုးကပ်သွားလိုက်တာ မျက်နှာကိုမော့ချီပေးထားလိုက်မိသည်။ သူက သူ့မျက်နှာကို မယုံမရယ်ပုံစံမျိုးဖြင့် ကြည့်နေပြီးမှ ကားပေါ်ကနေ အခြေအနေကြည့်နေသည့် ဘုန်းထက်မြတ်ဆီကို မေးတစ်ချက်ဆတ်ပြလိုက်တာ. . .

"ကျွန်တော်က ဟိုလူ့ကိုပညာပေးချင်တာပါ၊ မ,ကိုတော့ ဘယ်ရိုက်ရက်ပါ့မလဲ"

လမင်းက သဘောတကျဖြင့် နှုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်း ကော့တက်သွားသည်ဆိုရုံလေး ပြုံးလိုက်သည်။

"အေး. . . နင်က ငါ့ကိုမရိုက်ရက်ပေမယ့် ငါကတော့ နင့်ကို ရိုက်ရက်တယ်"

ပါးနှင့် လက်ဖဝါးထိခတ်သံက ဖြောင်းခနဲထွက်လာကာ ဆီဇာမင်းမြတ်၏မျက်နှာက တစ်ဖက်ကို လည်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်းက သူ့ကိုစေ့စေ့ကြည့်ပေးလိုက်ပြီး သွားကြားထဲက ထွက်သည့် အေးစက်စက်လေသံမျိုးဖြင့်. . .

"မှတ်ထား၊ ငါ့သွေးကြောတွေထဲမှာ သွေးမရှိဘူး၊ နင့်ကိုမုန်းတဲ့ အမုန်းတွေပဲ စီးဆင်းနေတာ၊ နားလည်လား"

နောက်တော့ လမင်းက လှည့်ထွက်သွားကာ ကားပေါ် ပြန်တက်သွားသည်။ ဘုန်းထက်မြတ်ကလည်း လမင်း ကားပေါ် ပြန်ရောက်လာသည်နှင့် ကားကိုစက်ပြန်နှိုးကာ နောက်ပြန်ဆုတ်ပြီးနောက် ဆီဇာ့ကိုရှောင်းကွင်းကာ မောင်းထွက်လာခဲ့လိုက်လေသည်။

ဆီဇာကတော့ အပြုံးမပျက်ပုံစံမျိုးဖြင့် နေရာမှာ မလှုပ်မယှက် ရပ်နေမိတုန်း။ နောက်တော့မှ သူက သူ့မရိုက်သွားသည့်ပါးကို အသာပွတ်ကြည့်ကာ သူ့မအငွေ့အသက်ကို ရလိုရငြား ကိုယ့်လက်ကိုကိုယ် ပြန်နမ်းလိုက်သည်။

သိလား မ,ရဲ့။ ဆီဇာဆိုတဲ့ကောင်က မ,ဘာလုပ်လုပ် ပန်းနဲ့ပေါက်သလိုပဲ သတ်မှတ်ထားတာ။ ကျွန်တော့်ပါးကို ရိုက်လို့မက ကျွန်တော့်အသားကို ဓားနဲ့လှီး ထုတ်သွားပါစေဦး အဲဒီဓားကိုကိုင်ထားတဲ့လက်ဟာ မ,ရဲ့လက်သာ ဖြစ်နေပါစေ အဲဒီဓားကို အမြတ်တနိုးနဲ့ ကျွန်တော်နမ်းရှိုက်မိမှာပဲ။



"ဘွားတော်က မင်းကို အသေမုန်းနေတာနော်ဆီဇာ၊ ဖြစ်နိုင်ရင် ရှေ့မဆက်ပါနဲ့တော့လားကွာ၊ ကြာရင် မင်းပဲ ထိလိမ့်မယ်၊ မင်းရဲ့ခံစားချက်တွေ နုသေးတယ်ဆိုရင် နောက်ဆုတ်လိုက်ဖို့ ငါအကြံပေးချင်တယ်သားကြီးရာ"

ဘီယာကိုတစ်မြုံသောက်၊ ဆေးဘဲဥသုတ်ကို ပါးစပ်ထဲ ဆစ်ဖွန်းပစ်ထည့်ဝါးရင်းမှ ပြောလာသော ရာဇာဦး၏စကားကို ဆီဇာက ခေါင်းယမ်းကာ ငြင်းဆန်ပြလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မရတော့ဘူး၊ နှလုံးသားက အရှိန်လွန်သွားပြီ၊ လူကသာ နှလုံးသားရဲ့စကားကို နားထောင်ချင်နားထောင်မယ် နှလုံးသားကတော့ လူ့စကားကို ဘယ်တော့မှ နားေ ထောင်တတ်ဘူးကွ၊ မင်းတို့တွေ ဆက်ပြီးမကူညီချင် နေ၊ ငါကတော့ မ,ကို ဘယ်တော့မှ လက်မလျှော့ဘူး ရအောင်လိုက်မှာပဲ"

ဘာဖြစ်လို့များ ကိုယ်နှင့်ပတ်သက်သိကျွမ်းသမျှ လူတွေ အားလုံးက မ,အချစ်ကိုရဖို့ ကိုယ့်ကြိုးစားမှုတွေကို ရပ်တန့် ဝ စေချင်ရတာလဲ မသိချေ။ တကယ်ဆို မကူညီချင်နေ၊ ကဖျက် ယဖျက်တော့ ဝင်မပြောစေချင်တာ အမှန်ပင်ဖြစ်သည်။

"မဟုတ်ပါဘူးကွာ၊ ငါတို့တွေက မင်းသူငယ်ချင်းတွေ ဖြစ်လို့ ရဲစခန်းပဲရောက်ရောက်၊ ထောင်ပဲကျကျ မင်းအ တွက်ဆိုရင် ကူညီပေးနိုင်ပါတယ်၊ ငါတို့အတွက် ပြဿ နာမရှိဘူး၊ ဒါပေမယ့်•ငါတို့က မင်းကိုစိုးရိမ်တာ၊ မင်း ထက်ပိုပြီး အထိနာမှာကို ငါတို့က စိုးရိမ်တာကွ"

သူပြုံးလိုက်မိသည်။ ဒီအချစ်ကို လိုချင်ရင် အနာခံ မယ်ဆိုတာ သူကြိုတင်တွေးထားပြီးသားဖြစ်သည်။ နာကျင်မှု ကို သူမကြောက်ပါ။ မ,ရဲ့အချစ်ကို မရမှာပဲ သူကြောက်တာဖြ သည်။ ကြိုက်သလောက် နာကျင်စမ်းပါစေ။ အဲဒီနာကျင်မှုတွေ အားလုံးကို အချစ်ဖြင့် သူကုစားပါမည်။





"နာစမ်းပါစေ၊ ငါကတော့ မ,ကိုချစ်မှာပဲ၊ ဒီနေ့ညနေ တောင် မရဲ့နာမည်ကို ငါ့ရင်ဘတ်မှာ တက်တူးသွား ထိုးမလို့ စီစဉ်ပြီးနေပြီ၊ ပြီးရင် အဲဒီတက်တူးကို မ,ကို သွားပြမယ်၊ ဒါဆို သူနည်းနည်းတော့ ရင်ခုန်သွားမှာပဲ"

မင်းမျိုးက သူ့ကို အမိပွာယ်အချို့ပါဝင်နေသော အကြည့် မျိုးဖြင့် ကြည့်လာသည်။

"မင်းပြောတော့ ချစ်သူရည်းစားဆိုတာ အချိန်မရွေး အပြောင်းအလဲလုပ်ယူလို့ရတယ်ဆို၊ မင်းပြောသလိုမှန် ရင် မင်းအာရုံတွေကို တခြားတစ်ယောက်ဆီမှာ လွှဲ ပြောင်းပစ်လိုက်လို့ မရဘူးလား"

မင်းမျိုးက သူပြောခဲ့ဖူးသည့်စကားဖြင့် သူ့ကို ပြန်ချည် ဖို့ ကြိုးစားလာတာကို သူက သဘောတကျဖြင့် ပြုံးလိုက်မိ သည်။ ဒါပေမယ့် သူက အဲဒီလိုပြုံးလိုက်ရင်းကနေပဲ မဆိုင်းမတွ ပင် အဲဒီအပြုံးကို ရပ်တန့်ပစ်လိုက်ကာ မင်းမျိုးအား ခပ်တည် တည်ကြည့်ပေးလိုက်ရင်း. . .

"မရဘူး၊ ငါ့အတွက်ဆိုရင် မ,က ပြောင်းလဲလို့မရတဲ့ သူပဲ၊ အေး. . . မ,အတွက်ဆိုရင်တော့ ပြောင်းလဲလို့ ရကိုရရမယ်၊ အဲဒီလို မ,ရင်ထဲကို ပြောင်းလဲပြီး ဝင်ရောက် လာမယ့်သူဟာလည်း ငါပဲဖြစ်ရမယ်၊ ပြီးတော့မင်းတို့



www.burmeseclassic.com

www.burmeseclassic.com




သိအောင် ငါ ပြောဦးမယ်၊ မ,အချစ်ကိုရဖို့ ကြိုးစားရင်းနဲ့ သေသွားရမယ်ဆိုရင်တောင် မ,ကိုချစ်ရင်းနဲ့ ငါကျေကျေနပ်နပ်ကြီး သေပစ်လိုက်မယ်ကွာ၊ အဲဒီလောက်ဆိုရင် မင်းတို့ သဘောပေါက်တော့”

သူ့စကားအဆုံး မင်းမျိုးနှင့် ရာဇာဦးတို့က တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။ သူကတော့ လက်ကျန်ဘီယာကို တစ်ရှိန်ထိုးမော့ချလိုက်ပြီးနောက် စားပွဲထိုးအားနောက်သုံးလုံး ဆိုသည့်အထာဖြင့် လက်သုံးချောင်းထောင်ပြလိုက်သည်။ အဲဒီအချိန်မှာပဲ သူက “အချစ်ဆိုတာ ဘီယာလိုပဲ. . . ခါးတယ်နော်” ဆိုသည့် ကဗျာတစ်ပိုင်းတစ်စကို သွားအမှတ်ရလိုက်မိကာ တစ်ယောက်တည်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိ၏။ တကယ်တော့ ဘီယာသည်မခါးပါ။ ကြိုက်နှစ်သက်သူအဖို့ စည်းစိမ်တစ်မျိုးဖြစ်ပါသည်။

အဲဒီလိုပဲ အချစ်သည်လည်း မခါးပါ။ ခံစားတတ်သူအဖို့ ချိုမြိန်မှုပင်ဖြစ်ပါသည်။








www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အလုပ်ဆင်းချိန် အလုပ်ရှိရာ ရှစ်ထပ်ရှိ ရုံးခန်းကနေ ားပေါ်ကိုလျှောက်လာခဲ့သည့်သူမက ရပ်ထားသော သူမကား မိုကာရပ်နေသည့် ဆီဇာမင်းမြတ်ကိုအတွေ့မှာတော့ စိတ် တွေနောက်ကျိသွားရတော့သည်။ အလုပ်ကြောင့် ခေါင်းရှုပ်နေ တယ်ဆိုမှ။ ဒီအကုသိုလ်ကောင်က တစ်မျိုး။

သူမက မျက်နှာထားတင်းတင်းဖြင့်. . .

"မင်း. . . ဘာလာလုပ်ပြန်ပြီလဲ၊ မမှတ်သေးဘူးလား. . . ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောပြီးပါပြီကော. . .၊ ကျွန်တော့်ဦးနှောက်က မ,နဲ့ ပတ်သက်လာရင် အလုပ်မလုပ်ပါဘူးလို့"

ဖြေပုံက မထုံတက်တေး။ သူမက စကားဆက်ပြော၊ သူမျက်နှာဆက်မြင်နေရလျှင် ကိုယ်ပဲဒေါသထွက်ကာ ပူလောင်နေရမှာမို့ သူ့ကိုဘာမှဆက်မပြောတော့ဘဲ ကိုယ့်ကားပေါ်ကိုသာ တက်ဖို့လုပ်လိုက်သည်။ ဒါပေမယ့် သူက သူမရှေ့ကနေ ပိတ်ရပ်ထားလိုက်ရင်းက. . .

"ခဏလေး. . . မ,မသွားနဲ့ဦး"

ဟု လုပ်လာပြန်တော့ ဒေါသက မထွက်ချင်လို့မရတော့ချေ။

"ဘာလုပ်တာလဲ၊ ဖယ်စမ်း ငါ့ရှေ့က"

ခေါင်းတစ်ချက်ညိတ်လိုက်ရင်းက. . .

"ဖယ်မှာပါ၊ ဒါပေမယ့် ခဏနေဦး၊ ကျွန်တော် မ,ကို ပြစရာရှိလို့၊ ဒီမှာ ကြည့်လိုက်"

သူက ပြောလည်းပြော သူ့အင်္ကျီရင်ဘတ်ကိုလည်း ဇစ်ဆွဲကာ ဖွင့်ပြလာလေသည်။ ဇစ်ပွင့်သွားချိန်မှာ သူမမြင်လိုက်ရတာက သူ့ရဲ့ဝဲဘတ်ရင်အုံပေါ်မှာ တက်တူးထိုးထားသည့် သူမနာမည်ကို ဖြစ်သည်။

"မင်း. . . မင်း. . . ဘာလုပ်တာလဲ ငါ့နာမည်ကို"





မျက်လုံးပြူးကာ ထိတ်လန့်တကြားနှင့် မေးလိုက်သည့် သူမအမေးကို သူက ပြုံးစစဖြင့် ဖြေလာသည်။

"ဘယ်တော့မှ ပျောက်ပျက်မသွားအောင် ရင်ဘတ်မှာ တက်တူးထိုးလိုက်တာလေ၊ မ, ရင်ခုန်မသွားဘူးလား"

သူ့ရင်ဘတ်ကို ဆောင့်တွန်းထည့်လိုက်ရင်း သူမက ဒေါသတကြီး အော်ပစ်လိုက်သည်။

"အရူး. . မင်းအရူးပဲ၊ ရူးတာမှ သွက်သွက်ခါအောင်ကို ရူးနေပြီ"

သူလုပ်ရစ်အတွက် စိတ်ထဲမှာ သူ့ကိုအတော့်ကိုပဲ ထိတ်လန့်အံ့ဩရသလို အသားတွေလည်း တဆတ်ဆတ်တုန်လာရသည်အထိ စိတ်တွေပူလောင်လာရလေတော့သည်။

ဟုတ်တယ်။ ဒင်းပုံစံက ပုံမှန်ကိုမဟုတ်ပါဘူး။ ရူးနေတာ။ လုံးဝကို အသေအချာ၊ အတိအကျကြီးကိုပဲ ရူးနေတာ။

သူမက လှုပ်ခတ်အော်ဟစ်နေသလောက် သူကတော့ ဟန်စံအတိုင်းပင် ခပ်အေးအေးဖြင့် ပြောလာ၏။

"ဟုတ်တယ်၊ ကျွန်တော်ရူးနေပြီ၊ မ,ကိုချစ်လွန်းလို့ကျွန်တော် ရူးနေတာ၊ အဟင်း. . . ဒါပေမယ့် ကျွန်တော်ကတော့ ပျော်တယ်၊ ဘာလို့လဲဆိုတာ မ,ကိုချစ်လို့ ရူးရတာဟာ တန်တယ်လို့ ခံယူထားလို့လေ၊ ကျွန်တော့်ကို ပြန်ချစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါတော့ မ,ရယ်၊ မ,မချစ်ရင် ကျွန်တော်သေသွားလိမ့်မယ်၊ ကျွန်တော်. . ."

သူ့ဆီက ချစ်တယ်တစ်ခါကြားတိုင်း သူမနားထဲမှာ ခါးသက်သော အရည်တွေ လောင်းထည့်ခံလိုက်ရသလို နားထဲတတဆင့် ခန္ဓာကိုယ် အနှံ့အပြားသို့ စိမ့်ဝင်ရှန်းကြွလာတတ်သည့် အခါးဓာတ်တို့ကြောင့် သူမ သူ့ကို ပိုပိုမုန်းမိလေသည်။ ပြီးတော့ သူ့ရင်ဘတ်က သူမနာမည် တက်တူးထိုးထားသည့် နေရာကိုလည်း ကုတ်ဖဲ့ထိုးဆိတ်ပစ်ချင်စိတ်တွေက တဖွားဖွားပင်ပေါ်ပေါက်လာရ၏။

ပြောကာ သူမက သူ့ကိုရှောင်ကွင်းထွက်လိုက်ကာ ကားပေါ်ကို တက်လိုက်သည်။ သို့သော်လည်း ဒေါသကြောင့် တဆတ်ဆတ်တုန်နေသည့် လက်တွေက သော့ပေါက်ထဲ သော့ထိုးထည့်တာကိုပင် တန်းတန်းမတ်မတ်ဝင်မသွား။ ဘေးကိုသာ ချော်ထိုးနေတော့ စိတ်က ပိုတိုလာရ၏။

ဒီအခိုက်မှာပင် သူက သူမထိုင်နေသည့်ဘက်ခြမ်းက ကားမှန်နားမှာပေါ်လာပြန်ကာ သူမကိုပြုံးပြလာပြီးနောက် သူမနှင့်သူ့ကြားရှိ ကားမှန်အား မျက်စိစုံမှိတ်ကာ လာနမ်းလေသည်။



# အမုန်းဘုံသွား အချစ်ရထား


ထိုလုပ်ရပ်အဆုံးမှာတော့ သူမက သည်းမခံနိုင်တော့စွာဖြင့် ကားစီယာတိုင်ကို စုံကိုင်ကာ ဆံပင်တွေ ယမ်းခါသွားသည်အထိ ခေါင်းကိုဘယ်ညာရမ်းကာ အာခေါင်ခြစ်ပြီး အော်ပစ်လိုက်မိတော့သည်။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com





ဖြစ်ကြောင်းကုန်စင်ကို ပြောပြအပြီးမှာတော့ ဒေါ်လေး
ဘ အောက်ပါမှတ်ချက်စကားကို ပြောလာ၏။

"ဒါဆို သူက သမီးကို တော်တော်လေး အသည်းအသန်
ဖြစ်နေတာပဲ၊ သူ့ပုံစံက သမီးကိုသာရမယ်ဆိုရင် ဘာမဆို
လုပ်မယ့် ပုံစံမျိုးနော်"

သူမမျက်လုံးထဲက အခုထိမထွက်သေးသည့် အလွန်
နှစ်ရာကောင်းသော သူ့ပုံစံကို သူမက သည်းမခံနိုင်စွာ ဖြစ်နေ
ခြင်းမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဒေါ်လေး၊ သမီးလေ. . . သူ့ရင်ဘတ်
သမီးနာမည်ကိုမြင်တော့ သူ့အရေခွံကို ဆွဲခွာဆုတ်
ပစ်ချင်လိုက်တာ၊ ဘယ်ဘဝက ဝဋ်ကြွေးကြောင့်မှ
ဒီလိုကောင်နဲ့ လာဆုံဆည်းနေရတယ် မသိပါဘူး၊
ရင် သမီးသူ့ကို သတ်မိလိမ့်မယ်ထင်တယ်"

ဒါဟာ အပိုပြောခြင်းမဟုတ်။ ဒီလိုဖြစ်ရပ်တွေ နောက်
ဆက်ကာ ဆက်ကာ သူ့ဘက်က ဖန်တီးလာနေဦးမည်ဆိုပါ
သူမ် တကယ်ကိုပဲ သူ့ကိုသတ်မိတော့မှာဖြစ်ပါသည်။ ဒီလော
မှာ သူနဲ့ ကိုယ်ဟာ ဘယ်တော့မှ အတူယှဉ်တွဲရှိနေနိုင်မည့်အ
တွေမဟုတ်။ သူပဲသေသေ ကိုယ်ပဲသေသေ တစ်ယော
ယောက် မရှိမှကို အေးမှာဖြစ်သည်။

"မလုပ်ပါနဲ့ သမီးရယ်၊ လူမိုက်နဲ့ ပြိုင်မမိုက်ချင်စမ်း
ပြီးတော့ သမီးက မိန်းကလေး၊ မိန်းကလေးနဲ့ ယောကျ်ား
လေးပြိုင်မိုက်ရင် ဘယ်လိုပဲဖြစ်ဖြစ် မိန်းကလေးပဲ နစ်
မှာ"

ဒေါ်လေးစကားအဆုံး သူမက မျက်နှာပေါ်မှာ ဝဲဖြာ
နေသည့် ဆံပင်များကို လက်တစ်ဖက်ဖြင့် နဖူးမှအပေါ်တိုင် ပင့်
ပစ်လိုက်ပြီးနောက် ဆိုဖာနောက်မှီပေါ်ကို မျက်နှာမော့
သည်အထိ မှီချလိုက်မိသည်။





ပြီးမှ ခန္ဓာကိုယ်ကို ရှေ့ပြန်ကိုင်းလိုက်ကာ. . .

"သမီးတော့ သူ့လုပ်ရပ်နဲ့ သူ့ပုံစံတွေကို ဘယ်လိုမှကို နား
လည်လို့မရဘူး၊ သူ့ဦးနှောက်က ပုံမှန်မဟုတ်တာတော့
သေချာတယ်၊ ယဉ်ယဉ်လေးရူးနေတယ်ထင်တာပဲ၊ သူ့ကို
သမီး ဘယ်လောက်ပြောပြော အပြုံးတစ်ချက်မပျက်
ဘူး၊ တမင်အရွဲ့တိုက်နေတာ၊ သူ့မျက်နှာကိုမြင်ရတိုင်း
သမီးရင်ထဲမှာ အရမ်းပူလောင်တယ်၊ အရမ်းမုန်းတယ်
ဒေါ်လေးရယ်"

"ဒေါ်လေးတော့ သမီးနဲ့ မောင်ဘုန်းထက်မြတ်ကို အမြန်
ဆုံး လက်ထပ်လိုက်စေချင်တာပဲ၊ ဒါမှသူလည်း အလို
လို လက်လျှော့သွားမှာ၊ သမီးတို့လည်း မငယ်တော့ဘူး
လေ"

မျက်လုံးထဲမှာ ကိုဘုန်း၏ပုံရိပ်တို့က တဖျတ်ဖျတ်ပေါ်
လာ၏။ သူမနှင့်ကိုဘုန်းတို့ တွဲလာခဲ့ကြတာက ချစ်သူသက်တမ်း
လေးနှစ်တောင် ကျော်လာခဲ့ပြီဖြစ်သည်။

"အစကတော့ သမီးလည်း ဒီနှစ်ထဲလောက် လက်ထပ်
မယ်လို့စိတ်ကူးထားတာပဲ ဒေါ်လေးရယ်၊ ဒါပေမယ့်
မမျှော်လင့်ဘဲ မောင်လေးဆုံးသွားတော့ သမီးလက်မ
ထပ်ချင်သေးဘူး၊ ရှေ့နှစ်ထဲလောက်မှပဲ လက်ထပ်မယ်
လို့ စိတ်ကူးထားတယ် ဒေါ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ. . . ဒေါ်လေးက အကြံပေးကြည့်တာပါ ကြားထဲမှာတော့ သွားတာလာတာ သတိထားပေါ့၊ တို တစ်ယောက်က ဘယ်နေရာကနေ ဘယ်လိုပုံစံမျိုးနဲ့ ပေါ်လာ ဦးမယ်မှန်းမှမသိတာ"

"သမီး သူ့ကို မကြောက်ပါဘူး ဒေါ်လေးရယ်၊ စိတ်ရှင် တာပဲ ရှိတာပါ"

"သတိထားတော့ အန္တရာယ်ကင်းတာပေါ့ သမီးရယ် ကဲကဲ. . . သမီးလည်း လုပ်စရာရှိတာလုပ်တော့၊ ဒေါ်လေ လည်း နောက်ဘက်မှာ ဟင်းအိုးတည်ထားလို့ သွာ လိုက်ဦးမယ်"

ဒေါ်လေးက မီးဖိုချောင်ဘက်ကို ထထွက်သွားသည် သူမကတော့ ပူလောင်လှုပ်ခတ်နေသည့်စိတ်တွေကို တည်ငြိမ် သွားအောင် တစ်ယောက်တည်း ငြိမ်သက်စွာထိုင်နေလိုက်ပြီး အပေါ်ထပ်ရှိ မိမိအခန်းရှိရာကို တက်လာခဲ့လိုက်သည်။



လမင်းက အိမ်မှာ ရေပိုက်လိုင်းကြောင်နေတာကြောင့် ရေပိုက်ပြင်သည့်သူကို သူမတို့လမ်းနှင့် နှစ်လမ်းကျော်မှာ သွားခေါ်တာဖြစ်သည်။ နီးနီးနားနားပဲမို့ သူမက ကားမယူတော့ ဘဲ ဒီအတိုင်း လမ်းလျှောက်ကာ သွားခေါ်တာဖြစ်ပြီး အသွားမှာ တော့ ဘာမှမဖြစ်။ ပြဿနာက အပြန်ကျတော့မှ တစ်စစ်စောင် တိုကိုင်ကာ စောင့်နေတော့တာဖြစ်သည်။

ပြဿနာက သူမတို့ရပ်ကွက်ထဲက ကောင်လေးတစ် ယောက်ဖြစ်ပြီး သူမကို လိုက်ကြောင်နေတာကြာပြီဖြစ်ကာ သူမ ဘယ်လောက်ငြင်းငြင်း၊ ပြောလွှတ်လွှတ် လက်လျှော့မသွားခဲ့။ အခွင့်အရေးရသည်နှင့် လှစ်ခနဲဆို သူမအနားကို ရောက်လာ တော့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း သူက သူမအား စာတစ်စောင်ကို မရမက လိုက်ပေးနေတော့တာဖြစ်သည်။

"မယူဘူးလို့ ပြောနေတယ်လေ၊ ဘယ်လိုဖြစ်နေတာလဲ"

"ယူသွားပါဗျာ၊ ကျွန်တော်က မလမင်းကို အရမ်းချစ်တာပါ၊ ကျွန်တော့်ခံစားချက်လေးတွေကို ချရေးထားတာမို့ ယူသွားပေးပါနော်၊ နော်. . . မမ"

ကိုယ့်မောင်လောက်အရွယ်က မိမိကို အသည်းအသန်စာလိုက်ပေးနေသည့်အဖြစ်ကို သူမဘယ်လိုမှ ခံစားပေးလို့မရ၊ ပတ်ဝန်းကျင်ကိုလည်း သူမ ရှက်၏။ ထို့ကြောင့် အသံခပ်အုပ်အုပ်နှင့်ပင် နှင်လည်းနှင် ခြေလှမ်းတွေကိုလည်း မြန်သည်ဆိုတာထက်ကို ပိုမြန်အောင်လျှောက်နေမိသည်။

"ငါ့မှာ လက်ထပ်ရမယ့်ရှိပြီးသားဟဲ့၊ မယူဘူး၊ ဆက်လိုက်မလာနဲ့တော့"

သူမ ဘယ်လိုပြောပြောကောင်လေးက ဘယ်လိုမှ ကျန်မနေခဲ့။ ဘေးကနေ တတွတ်တွတ်နှင့် တကောက်ကောက်ပါလာမြဲပင်။

"ယူသွားပေးပါ မမရယ်. . . နော်. . . "



# အမုန်းဘုံသွား အချစ်ရထား

တစ်ခါမှာတော့ ကောင်လေးက သူမလက်ကို ဖျတ်ခနဲဖမ်းဆွဲကာ စာကို သူမလက်ထဲအရောက်ထည့်ပေးဖို့ လုပ်လာသဖြင့် သူမက လက်ကိုဆောင့်ရုန်းလိုက်ရင်းက. . .

"ဟာ. . . ဘာလုပ်တာလဲ၊ လွှတ်. . . လက်ကို. . . "

"မလွှတ်ဘူး၊ ဒီစာကို မမယူသွားပေးမယ်ဆိုမှ လွှတ်မယ်"

"မယူဘူး၊ ငါ့လက်ကိုလွှတ်၊ လွှတ်စမ်းအခု၊ ငါ လက်ပါမိလိမ့်မယ်နော်"

"မလွှတ်. . . "

နှစ်ယောက်သား ခပ်ကျိတ်ကျိတ်နှင့် ရုန်းရင်းဆန်ခတ်ဖြစ်နေတုန်းမှာပဲ သူမလုံးဝမျှော်လင့်မထားသည့်လူက ရုတ်တရက်ရောက်လာကာ ဘာမပြောညာမပြောနှင့် ကောင်လေးကို ထိုးချလိုက်တော့တာဖြစ်သည်။

"ဟော့ကောင်. . . "

ဆီဇာမင်းမြတ်က ပါးစပ်ထက် လက်က ပိုမြန်နေတော့ သူထိုးချက်ကြောင့် နောက်ဘက်ကို ပက်လက်လန်ကျသွားသည့် ကောင်လေးအား အပေါ်မှတက်ခွကာ ဒေါသတကြီးကို ထိုးနေတော့တာဖြစ်သည်။

"ကဲကွာ. . . ကဲကွာ. . . မင်းကများ မ့ကို လက်ဆွဲရဲတယ်၊ ကဲကွာ ဆွဲဦး၊ ကဲကွာ၊ ကဲကွာ. . . "



www.burmeseclassic.com

www.burmeseclassic.com



သူမက အစတော့ ရပ်ကြောင်ကာ ကြည့်နေမိပြီးမှ အသံတွေကြောင့် အနီးအနားက လူတချို့ပါ ထွက်ကြည့်လာသောအခါမှ ရှက်လာတော့ကာ သတ်ပုတ်အော်ဟစ်နေသည့် သူတို့နှစ်ယောက်ကိုထားခဲ့ကာ ကိုယ့်လမ်းကိုယ် ခပ်မြန်မြန်ပဲ ဆက်လျှောက်လာခဲ့မိတော့သည်။ ကိုယ့်ကြောင့် ယောကျ်ားနှစ်ယောက် လမ်းလယ်ခေါင်ကြီးမှာ အော်ကြီးဟစ်ကျယ်ရန်ဖြစ်နေပါတယ်ဆိုသည့်အဖြစ်ဟာ ဘယ်လောက်ရှက်စရာကောင်းလိုက်ပါသလဲ။

သူမသိက္ခာတွေအားလုံး ဟိုးအောက်ခြေကို ဆွဲချခံလိုက်ရသလို ခံစားရစေလေသည်။ ရှက်စိတ်ကြောင့် လူကလည်း ကတုန်ကယင်ဖြစ်လာရသည်။

"မ. . . မ. . ."

နောက်ကနေ အော်ဟစ်ကာပါလာသည့် ဆီဇာဆော်မြတ်၏ အသံကိုကြားသော်လည်း သူမ လုံးဝလှည့်မကြည့်ဘဲ ခြေလှမ်းတွေကိုသာ ခပ်မြန်မြန် လျှောက်လာခဲ့လိုက်သည်။

"မ. . ."

ရှတ်တရက်နောက်က ပြေးလိုက်ကာ သူမလက်ကို ဖမ်းဆွဲခြင်းခံလိုက်ရသည့်အခါမှာတော့ သူမစိတ်တွေက လွှင့်ထွက်သွားရတော့ကာ လူက ကျင်စက်နှင့်အတို့ခံလိုက်ရသူ





ယောက်လို ကျင်ခနဲဖြစ်သွားပြီးနောက်. . .

"ဟာ. . . ဘာလုပ်တာလဲ၊ ကဲဟယ်. . ."

ဟုဆိုကာ ရှက်လည်းရှက်၊ ကြောက်လည်းကြောက်၊ ဒေါသလည်းထွက် စသဖြင့် ခံစားချက်တွေပေါင်းစုံကာ သူပါးအား အားကုန်လွှဲရိုက်ပစ်လိုက်မိတော့သည်။

"နင်က လူရမ်းကားပဲ၊ လူမိုက်၊ ငါ့ဘဝမှာ မင်းလောက် မိုက်ရိုင်းရမ်းကားတဲ့လူမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

သူမပါးစပ်ကလည်း ဝူးဝူးဝါးဝါးဖြင့် ဘာတွေမှန်းမသိ ဒေါသတကြီး အော်ဟစ်လိုက်မိ၏။

"ကျွန်တော်က. . . ကျွန်တော်က မ,ကို ကူညီတာလေဗျာ"

ပတ်ဝန်းကျင်မှ လူတွေ၏အကြည့်က သူတို့ရန်ပွဲကနေ အာရုံပြောင်းကာ သူမနှင့်သူ့ထံကို ရောက်လာကြ၏။ သူမက ခဲဒီလူတွေဘက်ကို မကြည့်မိအောင် ကိုယ့်ကိုကိုယ်ထိန်းချုပ်ရင်းက. . .

"မလိုဘူး၊ နင့်လိုကောင်မျိုးဆီက ဘာအကူအညီမှ ငါ့အတွက်မလိုဘူး၊ ငါ့ပြဿနာကို ငါ့ဘာသာ ဖြေရှင်းနိုင်တယ်၊ ဆက်လိုက်မလာနဲ့၊ နင်နဲ့ပတ်သက်လာရင် ငါလူသတ်ဖို့ ဝန်မလေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ပြေးထွက်လာခဲ့လိုက်တော့သည်။ ပတ်ဝန်းကျင်၏ မျက်လုံးတွေအောက်မှာ သူမ ကြာကြာမနေချင်ပါ။

ဆီဇာမင်းမြတ်ကတော့ ပြေးထွက်သွားသည့် သူမကို နားမလည်နိုင်ခြင်းကြီးစွာနှင့် ရပ်ကြောင်ကာငေးကြည့်နေမိရင်း ကျန်ခဲ့ရလေသည်။ ကျွန်တော်က မ,ကို ကူညီတာလေဗျာ. . .။ ဒါကို မ,ဘက်က အခုလောက် ခါးခါးသီးသီး တုံ့ပြန်ဖို့ လိုလို့လား မ,ရယ်။ ကျွန်တော့်အပေါ်မှာရှိနေတဲ့ မ,ရဲ့အမုန်းတွေ၊ နာကျည်းချက်တွေက ဘယ်တော့များမှ ပျောက်ကွယ်သွားမှာလဲ။ ကျွန်တော် ဘယ်လိုလုပ်ပေးမှ အဲဒီအရာတွေက ပြေလျော့သွားမှာလဲဗျာ။

သူက တွေးရင်းက ဝမ်းနည်း. . . ဝမ်းနည်းရင်းက ဒေါသထွက်လာ. . . ဒေါသထွက်တော့ စိတ်ကပါ အလိုမကျဖြစ်လာပြီးနောက် အနားမှာရှိနေသည့် ကျောက်ခဲတစ်လုံးကို ခပ်ပြင်းပြင်းပဲ ကန်ထုတ်ပစ်လိုက်မိတော့၏။

"ဟာကွာ. . . ကဲ. . ."



ဒန်းစင်ပေါ်မှာ ပက်လက်လှန်ကာ အင်တာနက်သုံးနေသည့် ဆီဇာမင်းမြတ်အနားသို့ ဦးမြတ်သစ်က လျှောက်သွားကာ တပ်လျက်ဘေးမှာချထားသည့် ခုံမှာဝင်ထိုင်လိုက်သည်။

"ဆီဇာ. . . ရှေ့တစ်ပတ်ထဲ မင်းအမေ မြန်မာပြည်ကို ခဏအလည် ပြန်လာမယ်ပြောတယ်"

"ဟုတ်လား. . . အွန်း(အင်း). . ."

ဆီဇာမင်းမြတ်၏တုံ့ပြန်မှုက ဒီလောက်သာ။ ဦးမြတ်သစ်က မျက်မှောင်ကုပ်လိုက်ရင်း. . .

"မင်း ဝမ်းမသာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

ဒီတော့မှ ဆီဇာမင်းမြတ်၏အကြည့်က ဖုန်းမှခွာကာ ဦးမြတ်သစ်ထံ ရောက်လာသည်။

"ဘာကို ဝမ်းသာရမှာလဲ"

"ဟာ. . . မင်းအမေကို တွေ့ရမှာလေကွာ"


တစ်ချက်ပြုံးသည်။ ဒါပေမယ့် အဲဒီအပြုံးကို ဦးမြတ်သစ် ဘာသာမပြန်တတ်။ ခနိုးခနဲ့အပြုံးလား။ ဒါမှမဟုတ် နာကျင်သည့် အပြုံးလား။

ဆီဇာမင်းမြတ်ကိုယ်တိုင်သာ သိပါလိမ့်မည်။

"ဟင်း. . . အဲဒါနဲ့ပဲ ဝမ်းသာရမှာလား၊ ဦးလေးလည်း ရှုပ်ရှင်တွေ အကြည့်များနေပြီနဲ့တူတယ်၊ ဒရာမာတွေ လာချိုးလို့ပါလား"

ပြီးနောက် အကြည့်က ဖုန်းထံ ပြန်ရောက်သွားတော့သည်။ ဦးမြတ်သစ်ကတော့ သက်ပြင်းတစ်ခုကို ခပ်လေးလေး ချလိုက်မိ၏။ မိဘကို နာကျည်းနေသည့် သားတစ်ယောက်ဟာ မိဘဆိုတာကို မလိုအပ်တော့သော အရာဝတ္ထုတစ်ခုအဖြစ် သတ်မှတ်လိုက်လေပြီလား။








www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဆီဇာမင်းမြတ်က သူ့ဆိုင်ထဲကို သူမ ဝင်လာကတည်းက သူမကို မြင်လိုက်ပြီးဖြစ်သော်လည်း သူမကို သွားနှုတ်ဆက်သေးဘဲ အသာကြည့်နေလိုက်လေသည်။ သူမကလည်း ဝတ်ဝန်းကျင်ကို သိပ်ဂရုမစိုက်ဘဲ ကိုယ့်အာရုံနှင့်ကိုယ်သာ သွင့်နေတတ်သည့်သူမျိုးဆိုတော့ ဆိုင်ထဲမှာထိုင်နေသည့် သူ့ကို မြင်။

ကော်ဖီတစ်ခွက်ကိုမှာကာ အိတ်ထဲမှ ဖုန်းကိုထုတ်ပြီး ကြည့်နေလေတော့သည်။ သူ့အထင် အင်တာနက်သုံးနေတာပဲ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှာ ဘာကိုစိတ်ဝင်စားနေသည်တော့ မသိ။ သူမက အကြည့်ကို ဖုန်းက လုံးဝမခွာဘဲ ကော်ဖီသောက်တာတောင် ကော်ဖီခွက်ကိုမကြည့်ဘဲ လက်နဲ့အသာစမ်းကာ လှမ်းယူကာ တစ်ငုံသောက်လိုက် အသာပြန်တင်ထားလိုက်နှင့် ရှိနေခဲ့တာဖြစ်သည်။ ဒါကိုသူကလည်း သိပ်ကိုလှပသော ကဗျာတစ်ပုဒ်ကို ခံစားသလို ငေးမောခံစားနေခဲ့တာဖြစ်ပါသည်။

ခဏအကြာမှာတော့ သူမက ဝိတ်တာတစ်ယောက်ကို ပိုက်ဆံရှင်းရန်အတွက် "ရှုတ်" ခနဲ လှမ်းခေါ်လိုက်ကာ အကြည့်က ဖုန်းဆီကို ပြန်ငုံ့ကျသွားပြန်သည်။ ဒီတော့မှ သူက သူမဝိုင်းဆီကို သွားဖို့ပြင်နေသည့် ဝိတ်တာလေးအား လက်အသာပြကာ မသွားခိုင်းတော့ဘဲ သူကိုယ်တိုင်ပဲ လျှောက်သွားလိုက်လေသည်။

သူမအနားမှာ သူက ဇတ်တပ်ရပ်လိုက်တော့မှ ငုံ့နေသည့် သူမအကြည့်က ဆတ်ခနဲမော့လာကာ. . .

"ဘယ်လောက်ကျ. . . ဟင်. . . နင်. . . နင် ဘာလာလုပ်ပြန်တာလဲ. . . ဒီကို၊ ထွက်သွား၊ ငါ့အနားကနေ အခုချက်ချင်းထွက်သွား"

သူ့ကိုမြင်လိုက်သည်နှင့် အေးချမ်းနေသည့် သူမမျက်နှာလေးက ချက်ချင်းဆိုသလိုပဲ တင်းမာခက်ထန်သွားတာကို





တွေ့ရသည်မှာ အနည်းငယ်တော့ ဝမ်းနည်းဖွယ် ကောင်းလှ၏။ ဒါပေမယ့် သူက ဒီလိုအဖြစ်ဟာ ရှိုးနေခဲ့ပြီမို့ သူမကို တစ်ချက်သာပြုံးပြလိုက်ရင်းမှ. . .

"အဟင်း. . . ဘယ်ကိုထွက်သွားရမှာလဲ မ,ရဲ့၊ ဒီဆိုင်က ကျွန်တော့်ဆိုင်ပဲဟာ"

"ဘာ. . . ဒီဆိုင်က နင့်ဆိုင်!"

သူမအသံက တအံ့တဩ။ ဆိုင်ထဲကိုလည်း တစ်ချက်ဝေ့ဝဲကြည့်လိုက်သေး၏။

"မ,ဝင်လာကတည်းက ကျွန်တော်မြင်ပါတယ်၊ ကျွန်တော့်ကိုတွေ့ရင် ပြန်ထွက်သွားမှာစိုးလို့ လာနှုတ်မဆက်တာ"

"စကားတွေရှည်မနေနဲ့၊ ဘယ်လောက်ကျလဲ"

သူမက စိတ်မရှည်တော့သလိုဟန်ဖြင့် ဖြတ်ခေါ်လာလေ၏။

"ပိုက်ဆံရှင်းစရာမလိုပါဘူး မ,ရဲ့၊ ကျွန်တော်က မ,သာလိုချင်တယ်ဆိုရင် ဒီကော်ဖီဆိုင်တစ်ခုလုံးကိုတောင် အခုချက်ချင်း မ,ကို ပေးလိုက်ချင်တာ"

သူ့စကားအဆုံး သူမက သူ့ကို စပ်စုပ်ရွံရှာသည့် အကြည့်မျိုးဖြင့် ကြည့်လာကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ရှုလိုက်တာ၊ ဒီမှာ. . . မင်းလိုကောင်မျိုးဆီက ငါဘာမှ မလိုချင်ဘူး၊ ဒီဆိုင်ကိုလည်း မင်းဆိုင်မှန်းမသိလို့ ငါဝင် သောက်မိတာ၊ မင်းဆိုင်မှန်းသာ အစကတည်းကသိရင် ဆိုင်ရှေ့ကတောင် ကားဖြတ်မမောင်းဘူး၊ သဘော ပေါက်"

သူမက ပြောလည်းပြော တစ်သောင်းတန်တစ်ရွက်ကို လည်း စားပွဲပေါ်သို့ ဘုန်းခနဲရိုက်ချချပေးခဲ့ကာ လှည့်ထွက်သွား ဖို့ပြင်သည်။ ဒီတော့ သူက သူမလက်ကို ဖျတ်ခနဲ ဖမ်းဆွဲထား လိုက်ရင်းက. . .

"မ. . . ."

ဟုဆိုကာ တစ်ခုခုပြောဖို့ ပြင်တုန်းမှာပဲ သူမလက်တစ် ဖက်က သူ့ပါးကိုရိုက်ဖို့အတွက် လေပေါ်ကို အော်တိုမြောက် တက်လာသည်။ ဒီတော့ ဆီဇာက သူမလက်ကို တစ်ချက်ကြည့် လိုက်ပြီးနောက် ပြုံးလိုက်ကာ မျက်လုံးတွေကိုမှေးမှိတ်ထားလိုက် ကာ "ရိုက်လေ" ဆိုသည့်ပုံစံမျိုးဖြင့် မျက်နှာကိုမော့ချီပေးထား လိုက်သည်။

ဒါပေမယ့် သူမက ဒီတစ်ခါတော့ သူ့ပါးကိုမရိုက်ဘဲ စားပွဲပေါ်က ရေဖန်ခွက်ထဲကရေဖြင့် သူ့မျက်နှာအား ကောက် ပက်လိုက်လေတော့၏။ အေးခနဲဖြစ်သွားသော ခံစားချက်တစ်ခု





ဖြင့် သူက သူမကို မျက်လုံးများဖွင့်ကြည့်လိုက်မိတော့ သူ့အား မကျေတောက်မတတ် မျက်လုံးမျိုးဖြင့် ကြည့်နေတာကို ဝမ်းနည်း ဖွယ်ကောင်းစွာ တွေ့လိုက်ရလေသည်။

"တောက်. . ."

နောက်တော့ သူမက တောက်တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ပြီးနောက် သူ့လက်ထဲက လက်ကိုဆောင့်ရုန်းလိုက်ကာ လှည့်ထွက်သွားလေတော့၏။ သူမဆိုင်ပြင်ရောက်သွားချိန်မှာ တော့ ဆီဇာက သူမကိုင်သွားသည့် စားပွဲပေါ်မှ ရေဖန်ခွက်က လေးအား အမြတ်တနိုးဖြင့် နမ်းရှိုက်လိုက်မိ၏။

သိလား,မ ။ ကျွန်တော်က ခင်ဗျားကို အဲဒီလောက်အထိ ချစ်တာ။



www.burmeseclassic.com

www.burmeseclassic.com





မျက်နှာချင်းဆိုင်ထိုင်နေပေမယ့် မိမိကို တစ်ချက်မှ မော့ကြည့်မလာသည့် သားဖြစ်သူအားကြည့်ကာ ဒေါ်မြတ်မြတ် နိုင်က သက်ပြင်းကိုသာ အသာကျိတ်ချမိသည်။ မိမိတို့၏ အိမ်ထောင်ရေး ပဋိပက္ခကြားမှာ သားဖြစ်သူဟာ မိဘမေတ္တာဆိုတာကို ဝဝလင်လင် မခံစားခဲ့ရ။ မိမိတို့ကို စိတ်အနာကြီးနာကာ မိဘတွေကို ရှိတာယ်ဟုပင် မသတ်မှတ်တော့ဘဲ မိမိတို့နှင့် ခပ်ကင်းကင်းနေခဲ့တာ ဘယ်လောက်တောင်ကြာသွားပါပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေး ပြိုကွဲမှု၊ မိမိတို့ရဲ့ နောင်အိမ်ထောင်ရေး ထောင်မှုတွေကြားမှာ အရှုက်ရခဲ့ရသည့်သားဟာ ပတ်ဝန်းကျင်၏ အထုအထောင်း၊ မေးငေါ့မှုတွေကိုခံယူကာ ကြာတော့ ထိုလူတွေကို အရွဲ့တိုက်တတ်လာ၊ နောက်တော့ သူဟာ ပတ်ဝန်းကျင်မှာ လူဆိုးတစ်ယောက်အဖြစ် သတ်မှတ်ခြင်းကို ခံခဲ့ရတာ မဟုတ်လား။

အဲဒီလို သတ်မှတ်ခံရလေလေ မိမိတို့ကို ပိုစိတ်နာလေလေ ဖြစ်ဟန်ရှိသည့်သားက မိဘတွေအပေါ် ဟက်ဟက်ပက်ပက် မရှိ။ ဖုန်းလည်းမဆက်၊ မိမိတို့က ဆက်သွယ်လည်း မကိုင်။ အဲ လို မြန်မာပြည်ကို ခဏပြန်လာချိန်မှာတောင် လာမတွေ့သဖြင့် မိမိက သားဖြစ်သူ၏ဆိုင်မှာ သားဖြစ်သူကို လာတွေ့ရခြင်းပင် ဖြစ်သည်။

ဒါပေမယ့် မိမိကိုတွေ့လိုက်ရသည့်သားက ဘာမှထွေထွေ ထူးထူး ခံစားရဟန်မရှိချေ။ မိဘဆိုတာ သူ့အတွက် ဘာမှမဟုတ် တော့လေပြီလား။

"သား. . . အဆင်ပြေရဲ့လား"

"ဘာကိုမေးတာလဲ. . ."

သားဖြစ်သူက မိမိကို မော့ကြည့်မလာဘဲ ဖုန်းကို ကြည့် ပွတ်နေရင်းသာ ပြန်မေးလာသည်။



# အမုန်းတိုက်သွား အချစ်ရထား

"အစစအရာရာပေါ့"

ဒီတော့မှ သားဖြစ်သူက ဖျတ်ခနဲ မော့ကြည့်လာကာ ခပ်ဟဟပြုံးလိုက်ရင်းက ဆိုလာသည်။

"မြင်တဲ့အတိုင်းပဲ၊ အဟင်း. . . ကြားဖူးတာတစ်ခုရှိတယ်၊ မိဘဆိုတာ သားသမီးနှုတ်က ဖွင့်မပြောရင်တောင် သားသမီးမျက်နှာကိုကြည့်ရုံနဲ့ ကိုယ့်သားသမီး ဘယ်လို အခြေအနေရှိတယ်ဆိုတာ သိတယ်တဲ့၊ ကျွန်တော်တို့ က သားအမိတွေပဲ၊ မခံစားမိဘူးလား"

လေသံနှင့်စကားလုံးတွေက ခနဲ့ခနဲ့။ ဒေါ်မြတ်မြတ်နိုင် က သက်ပြင်းကို အသာကြိတ်ချမိပြန်သည်။

"အရာအားလုံးအတွက် သားကို မေမေတောင်းပန်ပါတယ် ကွယ်၊ မေမေ့ကို အခုထိ စိတ်နာနေတုန်းပဲလားဟင်"

"မနာပါဘူး၊ ဘာစိတ်မှ မရှိတော့တာပဲလား၊ နာလို့နာမှန်း မသိတော့အောင် စိတ်က ထုံသွားတာပဲလားတော့ မပြောတတ်ဘူး"

သားဖြစ်သူ၏ စကားက ဒေါ်မြတ်မြတ်နိုင်ကို နင့်ခနဲ နေအောင် ခံစားသွားရစေသည်။

"သားအကောင့်ထဲမှာ မေမေလစဉ်လွှဲပေးထားတဲ့ ပိုက်ဆံ တွေကို သားမသုံးဘူးဆို၊ မြတ်သစ်ကပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်ရင်းမှ. . .

"ကျွန်တော့်ဘာသာ ရပ်တည်နေနိုင်ပါပြီ၊ ဘယ်သူ့အကူ အညီမှ မလိုတော့ပါဘူး"

"မဟုတ်တာပဲကွယ်၊ မေမေဟိုမှာ မိဘဝတ္တရားရှိ. . ."

ဒေါ်မြတ်မြတ်နိုင်၏ စကားမဆုံးသေးခင်မှာပဲ ဆီဇာက လက်ထဲမှာကိုင်ထားသည့် ဖုန်းကို စားပွဲပေါ်တင်လိုက်ရင်းမှ ဖြတ်ပြောလာသည်။

"မိဘဝတ္တရားဆိုတာ ပိုက်ဆံလို့ ထင်နေတာလား"

ဆီဇာ့စကားအဆုံး ဒေါ်မြတ်မြတ်နိုင်က ဘာပြောရမှန်း မသိစွာ မျက်လွှာအသာချလိုက်မိသည်။ အားလုံးအတွက် တောင်းပန်ပါတယ် သားရယ်။ ဒါပေမယ့် သားသမီးကိုမချစ်တဲ့ မိဘဆိုတာတော့ မရှိပါဘူး။ မေမေလည်း သားကို အရမ်းချစ်ပါ တယ်ကွယ်။

"မေမေပြန်တော့ဗျာ. . ."

ဒေါ်မြတ်မြတ်နိုင်က ငြိမ်နေတော့ ဆီဇာက အထက်ပါ စကားကိုပြောကာ စိတ်မသက်မသာဖြင့် ထထွက်သွားသည်။ ဒါပေမယ့် သုံးလေးငါးလှမ်းလောက်လှမ်းပြီးတော့မှ တစ်ခုခုကို သတိရသွားဟန်နှင့် နောက်ကို ပြန်လှည့်ကြည့်လိုက်ကာ. . .

"မိဘဝတ္တရားလို့ စောစောက ပြောလိုက်တယ်နော်"





ဟုတော့ ဒေါ်မြတ်မြတ်နိုင်၏မျက်လုံးတွေက အရောင်တွေ ဖျတ်ခနဲလက်သွားကြကာ ဝမ်းသာသွားဟန်နှင့်. . .

"ဟုတ်တယ်လေ၊ သားဘာလိုချင် ဘာဖြစ်ချင်လို့လဲ၊ မေမေ့ကိုပြော၊ ဘာပဲဖြစ်ဖြစ် မေမေရအောင် ဖြည့် ဆည်းပေးမယ်"

ဒေါ်မြတ်မြတ်နိုင်၏ စကားသံနှင့် အမူအရာတို့က တက်ကြွလွန်းနေကာ သားဖြစ်သူ ဘာပဲလိုအပ်လိုအပ် ရအောင် ဖြည့်ဆည်းပေးဖို့ ဆုံးဖြတ်ထားပုံမျိုး။

ဆီဇာမင်းမြတ်ကတော့ ထိုင်ခုံမှာ ပြန်ဝင်ထိုင်လိုက်ပြီးမှ သူဖြစ်ချင်သည့် ဆန္ဒတစ်ခုကို တစ်လုံးချင်း ခပ်ဖြည်းဖြည်းပြော လိုက်လေသည်။

"ကျွန်တော့်ကို မိန်းမလိုက်တောင်းပေးပါ"




www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဒီနေ့က အလုပ်အားလပ်ရက်မို့ လမင်းက အခန်းထဲမှာ အေးအေးလူလူပဲ စာဖတ်နေခဲ့တာဖြစ်သည်။ ဒါပေမယ့် အဲဒီအချိန်မှာပဲ အဒေါ်ဖြစ်သူက ပြဿနာတစ်ထုပ်ကို ပခုံးမှာထမ်းပြီး အခန်းထဲ ဝင်လာခဲ့လေတော့၏။

"လမင်း. . . သမီး၊ အောက်ထပ်မှာ. . ."

အဒေါ်ဖြစ်သူ၏ ပုံစံနှင့်လေသံက ပျာပျာသလဲမို့ လမင်းက ဖတ်လက်စစာအုပ်ကို ခေါက်ပိတ်လိုက်ရင်းမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ပျာပျာသလဲနဲ့ ဘာဖြစ်လာတာလဲ ဒေါ်လေးရယ်၊ ဘာဖြစ်လို့လဲ အောက်ထပ်မှာ"

ဟု မေးလိုက်မိသည်။ ဒီတော့မှ အဒေါ်ဖြစ်သူက တွန့်ဆုတ်ဆုတ်ဖြင့် ပြောလာသည်။

"ဟို. . . ဟို. . . ဆီဇာမင်းမြတ်နဲ့ သူ့အမေရယ်၊ ရပ်ကွက်လူကြီးတွေရယ် ရောက်နေတယ်"

"ဘယ်လို. . . သူတို့က ဘာလာလုပ်တာလဲ"

မေးလည်းမေး လူကလည်း ပက်လက်လှန်နေရာကနေ ချက်ချင်းကိုပဲ ငေါက်ခနဲ ငုတ်တုတ်ထထိုင်ပြီးသား ဖြစ်သွားရ၏။

"ဟို. . . သမီး. . . သမီးကို လာတောင်းတာတဲ့"

ဒေါ်လေးစကားကို သူမက နားကြားမှားမှားသွားသလားဟု ပြန်တွေးယူရသေးသည်။ ပြီးတော့မှ နောက်တစ်ခါပြန်မေး၊ ဒါပေမယ့် ဒေါ်လေးက နောက်တစ်ခါပြန်ဖြေပေးတော့မှ သူမတသေချာသွားရသလို အံ့လည်းအံ့ဩ၊ ဒေါသတွေလည်း ထွက်သွားရတော့ကာ. . .

"ဘယ်လိုဖြစ်တယ်၊ တောက်. . . လူပါးဝလိုက်တာ၊ အရှက်မရှိတဲ့ဟာတွေ၊ ဒေါ်လေးကလည်း ဘာလို့တံခါးဖွင့်ပေးလိုက်ရတာလဲ၊ ခြံဝမှာကတည်းက သမီးကိုပြောရမှာ၊ အရှက်မရှိတဲ့ဟာတွေ. . . တွေ့မယ်. . ."





ဟုဆိုကာ အခန်းအပြင်ကို ခြေလှမ်းကျဲကြီးတွေနဲ့ လျှောက်ထွက်လာတော့ ဒေါ်လေးကလည်း နောက်ကနေ အပြေးတစ်ပိုင်းနှင့် ပြောဆိုကာ ပါလာသည်။

"ဩော်. . . ရပ်ကွက်လူကြီးတွေပါ ပါနေတော့ ဒေါ်လေးလည်း ဖွင့်ပေးလိုက်တာပေါ့"

လမင်းက ဒေါ်လေးကို ဘာမှပြန်ပြောမနေတော့ဘဲ သူကားတွေကိုသာ တဝုန်းဝုန်းပြေးဆင်းလာခဲ့လိုက်သည်။

ဧည့်ခန်းထဲကိုအရောက်မှာတော့ မင်္ဂလာမရှိသည့်အကောင်က သူနှင့်မလိုက်ဖက်စွာ တိုက်ပုံအင်္ကျီ၊ ပိုးပုဆိုးတို့ကို ဝတ်ဆင်ကာ လူကြီးတစ်အုပ်နှင့် တကယ်ကိုပဲ ရောက်နေခဲ့တာကို တွေ့လိုက်ရတော့သည်။

"ရှင်တို့ ဘာလာလုပ်ကြတာလဲ"

သူမက သူတို့အနားကို မရောက်သေးခင်ကတည်းက အခန်းထုတ်ကာ သူတို့အနားကိုရောက်တော့လည်း ထိုင်ခုံမှာမထိုင်ဘဲ မတ်တပ်အနေအထားနှင့်ပဲ ရပ်နေလိုက်လေသည်။

"မ,ကို လာတောင်းတာလေ"

"ဘာ ! "

သူမနုတ်က ထွက်သွားသည့် "ဘာ!" က အံ့ဩသဖြင့် ထွက်သွားသည့် ဘာမဟုတ်။ ဒေါသကြောင့် ထွက်သွားရသည့်



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!" သာဖြစ်သည်။ သူမက တစ်ခုခုပြောရန်ပြင်လိုက်စဉ်မှာပဲ သကောင့်သားရဲ့ မိခင်ဖြစ်ဟန်တူသည့် အန်တီကြီးဆီက စကားသံထွက်လာသည်။

"ဟို. . . လမင်းထိန်ထိန်သာဆိုတာက ဒီက သမီးလေးလား၊ ဟုတ်လား"

ပြောလာသည့်လေသံက ချိုချိုလေးဖြစ်ကာ အပြုံးကလေးကလည်း ချိုနေပါသေး၏။ သို့သော်လည်း သကောင့်သားနှင့်ပတ်သက်ကာ သူ့မိခင်ဆိုသူကိုလည်း ဘယ်လိုမှ မျက်လုံးထဲမှအမြင်ကြည်ပေးလို့မရ။

"ဟုတ်တယ်၊ ကျွန်မပဲ၊ အန်တီတို့ ကျေးဇူးပြုပြီး ပြန်ရင်ကောင်းမယ်"

သူမစကားအဆုံး အန်တီကြီးက ရပ်ကွက်လူကြီးတွေဘက်တစ်ချက်ကြည့်လိုက်ပြီးမှ. . .

"မဟုတ်. . . မဟုတ်သေးဘူးလေ သမီးရဲ့ အန်တီတို့က သမီးကို သမီးရဲ့အုပ်ထိန်းသူဆီမှာ လာပြီးတော့ တောင်းရမ်းတာလေ သမီးရဲ့၊ အန်တီတို့က. . ."

"အန်တီတို့ကို ပြန်တော့လို့ ကျွန်မပြောနေတယ်နော်၊ အဲဒီလောက်ဆိုရင် သဘောပေါက်လိုက်တော့၊ ကျွန်မ ရပ်ကွက်လူကြီးတွေအရှေ့မှာ မရိုင်းချင်ဘူး"





သူမက သူ့မိခင်စကားကိုလည်း ဆုံးအောင်မစောင့်ဘဲ ကိုယ်ဖြစ်ချင်တာကို ပြောလိုက်သလို သူ့ဘက်ကိုလည်း ဒေါသတကြီး ကြည့်လိုက်မိပြီးနောက်. . .

"မင်း. . . အရှက်မဲ့လှချည်လား၊ ဘာအချိုးချိုးတာလဲ" လို့ မေးထည့်လိုက်တော့ သူက ဘာမှဖြစ်မထားသည့် အပြုံးထည်မျက်နှာပေးလေးဖြင့် ဆိုလာသည်။

"ကျွန်တော်က မ,ကိုချစ်လို့ မိဘားဖဘားပီပီ လာတောင်းတာလေ၊ ဘာဖြစ်လို့လဲမ,ရဲ့"

"ဟား. . . အကုသိုလ်ကောင်ပဲ၊ ပြန်လိုက်တော့၊ ငါ့ဒေါသတွေ ဒီထက်ထွက်မလာခင် ပြန်လိုက်တော့လို့ ပြောနေတယ်နော်"

သူမက ဒေါသကြောင့်ဖြစ်နေကျအတိုင်းပင် အသားတွေ တဆတ်ဆတ်တုန်လာကာ သူ့ကိုတစ်ခုခုလုပ်ပစ်ချင်စိတ်အားနည်းကိုပဲ ချိုးနှိမ်ထားရလေသည်။ သူဘယ်လိုပြောပြီး ခေါ်လာမှန်းမသိသည့် ရပ်ကွက်လူကြီးတွေကတော့ ဘာဝင်ပြောရမှန်းမသိစွာ သူမကိုတလှည့် သူတို့သားအမိကိုတစ်လှည့်ကြည့်ကာ ကြောင်နေကြ၏။

"နေပါဦးကလေးမရဲ့၊ မင်းနဲ့ အန်တီ့သားက ချစ်သူတွေ မဟုတ်ဘူးလား၊ အန်တီတို့က မင်းကို မင်းတောင်းသလောက် တင်တောင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မိခင်၏စကားက သူမမျက်နှာကို ရေနွေးပူဖြင့် အဝ
ခံလိုက်ရသလို ပူလောင်ခံရခက်သွားစေရကာ သူမမျက်လုံး
မှာလည်း လူကြီးတွေ၊ ဘာတွေဆိုတာကို မမြင်ရတော့။ သူ
သိသည်က သူတို့ကို အညှံမခံလိုက်ရရေးနှင့် သူမအိမ်ထဲ
မြန်မြန်ပြန်ထွက်သွားစေရေးသာဖြစ်တော့သည်။

ထို့ကြောင့် သူမက သူ့မိခင်ကိုလည်း ခပ်မာမာ
ကြည့်ပေးလိုက်ကာ. . .

"ရှင်. . . ငွေစကားမပြောနဲ့၊ ကျွန်မမှာ လက်ထပ်ရ
သူရှိပြီးသား။ ရှင်တို့မှာရှိတဲ့ စည်းစိမ်တွေ အကုန်လုံး
တင်တောင်းပါမယ်ဆိုရင်တောင် အနှိတိုးသားကို ကျွန်
မယူဘူး"

ဟုပြောကာ အစာမကြေသေးသည့် စိတ်နှင့်အတူ
ဘက်သို့ပါ တစ်ဆက်တည်း လှည့်ကြည့်လိုက်ရင်းမှ မသတီသ
ပုံစံဖြင့်. . .

"ရွံလွန်းလို့"

ဟု ပြောချလိုက်သည်။ သူမစကားက အနည်းငယ်
သွားသည့်ထင်။ သူက မျက်နှာတစ်ချက်ပျက်သွားသလို (
လေးသာဖြစ်ပြီး အဲဒီပျက်ယွင်းသွားသည့်မျက်နှာကို သူ
ချက်ချင်းပင် ဘာမှမဖြစ်သည့်ပုံစံမျိုးဖြင့် အပြုံးတစ်ခုနှင့် ကော





ပစ်လိုက်သည်) သူ့မိခင်ကလည်း ထိုင်နေရာမှ ဝုန်းခနဲထရပ်လာ
တော့သည်။

"မိန်းကလေး. . . မင်းစကားတွေက ရင့်လှချည်လား"

"ကျွန်မက ဒီထက်တောင်ပိုပြောချင်တာ၊ ရပ်ကွက်လူ
ကြီးတွေရှိနေလို့"

"မင်း. . . မင်း. . ."

အစပိုင်းတော့ ချိုချိုချိုချိုနှင့် ရှိနေခဲ့သည့် ဘွားတော်ဟာ
လည်း အခုတော့ သူမကို တဖွဲ့တသြတွေဖြစ်၊ ဒေါသတွေထွက်
တာ မျက်နှာကလည်း ခက်ထန်လာပြီးနောက် ဘာပြောရမှန်း
လည်း မသိစွာဖြင့် တရှူးရှူးတရှဲရှဲဖြစ်နေလေတော့၏။

ဒီအချိန်မှာပဲ ဒေါ်လေးက သူမတို့အခြေအနေကို ဝင်
ထိန်းလာသည်။

"တော်. . . တော်ကြပါတော့ရှင်၊ ဒီကအစ်မတို့ ပြန်လိုက်
ပါတော့နော်၊ ရပ်ကွက်လူကြီးတွေကိုလည်း အားနာပါ
တယ်ရှင်၊ ကျေးဇူးပြုပြီးတော့ ပြန်လိုက်ကြပါတော့၊
အခုလိုလာပြီးတော့ နားဖောက်တာတို့ ကျွန်မတို့ဘက်
က လက်မခံနိုင်လို့ပါ၊ ပြန်ကြပါတော့နော်"

ဒေါ်လေးရဲ့စကားအဆုံးမှာ ရပ်ကွက်လူကြီးတွေက
ျက်နှာမသာမယာဖြင့် ထထွက်သွားကြသလို ဘွားတော်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူမကို ဒေါသချောင်းချောင်းထွက်နေသည့် အကြည့်မျိုးဖြင့်ကြည့်ကာ ထွက်သွားတော့၏။ ဒါတောင် ပါးစပ်က သူမကို ပြောဖြင့်အောင် ပြောသွားပါသေးသည်။

"ရိုင်းလိုက်တာ"

ဘွားတော်နှင့် ရပ်ကွက်လူကြီးတွေက အပြင်ရောက်သွားကြသော်လည်း သကောင့်သားက ထိုင်ရာကမထသေး။

"ပြန်တော့လို့ပြောနေတယ်လေ၊ နားလေးနေလား"

တံခါးပေါက်ရှိရာကို လက်ညှိုးထိုးကာ အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည့် သူမစကားအဆုံးကျမှသူက. . .

"ပြန်မှာပါ မ,ရဲ့"

ဆိုကာ ထရပ်သည်။ နောက်တော့မှ ခြေလှမ်းခပ်သေးသေးလေးဖြင့် လှမ်းထွက်သည်။ မထုံတက်သေးပုံစံကြောင့် သူမ ဒေါသတွေက ပိုပိုထွက်လာတော့ကာ တစ်ခုခုလုပ်ပစ်ချင်စိတ်တွေကလည်း ထိန်းမနိုင်သိမ်းမရအောင်ပင် ဖြစ်နေရသည့်အခါ ဒင်းက ခြေလှမ်းသုံးလေးလှမ်းမျှ လှမ်းထွက်အပြီးမှာပဲ နောက်ကိုပြန်လှည့်ကြည့်လာကာ ပြုံးစစဖြင့်ပြောလာသည်က. . .

"မ,က ကျွန်တော့်ကိုရွံပေမယ့် ကျွန်တော်ကတော့ မ,ကို အရမ်းချစ်တယ် သိလား"

"ဘာ. . . နင်. . . နင်. . . အာ. . ."





ဒင်းစကားကြောင့် သူမက စိတ်တွေကို လွှတ်ပေးလိုက်ကာ သူ့မျက်နှာကို ကုတ်ဆွဲဖို့ သူရှိရာကို ပြေးကပ်သွားလိုက်မိသော်လည်း အခေါ်ဖြစ်သူက. . .

"လမင်း. . . တော်ပြီသမီးရယ်၊ စိတ်ထိန်းပါ. . . လွန်ကုန်မယ်"

ဟုဆိုကာ ဆွဲထားသဖြင့် အထ,မမြောက်လိုက်ချေ။ ဒါကိုပင် သူက မမှုသည့်အထာဖြင့် သွားကာနီးမှာ မျက်စိတစ်ဖက် မှိတ်ပြသွားသေးသောအခါ သူမစိတ်ထဲမှာ ဘယ်လိုမှသည်းခံလို့မရတော့ဘဲ အာခေါင်ခြစ်ကာ ရင်ပွင့်ထွက်မတတ် အော်ပစ်လိုက်မိတော့သည်။

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com





"အဲဒီမိန်းကလေး အတော်ရိုင်းတာပဲ၊ ဘာဖြစ်လို့များ ဒီလိုမိန်းကလေးကိုမှ သွားကြိုက်ရတာလဲသားရယ်"

စိတ်အလိုမကျဟန်ဖြင့် ရေရွတ်လိုက်သည့် မိခင်ဖြစ်သူ တားကြောင့် ဆီဇာမင်းမြတ်က အသာပြုံးလိုက်မိသည်။

"သူငြင်းမယ်ဆိုတာ အစကတည်းက သိပြီးသားပါ၊ သွားတောင်းချင်လို့ကို တမင်သွားတောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံး မိခင်ဖြစ်သူက နားမလည်သလို ကြည့်လာလေ၏။ ဒါပေမယ့် ဘာမှတော့မပြော။ သက်ပြင်းကိုသာ ချလိုက်ရင်း. . .

"မေမေတော့ သူ့ကို သဘောမကျဘူးသားရယ်"

ဟုဆိုလာသဖြင့် သူက နာကျင်စွာ ပြုံးလိုက်မိပြန်သည်။ မိဘတွေကျတော့ သဘောကျတာလုပ်သွားကြပြီး မိမိအလှည့်ကျတော့ ကိုယ်သဘောကျတာကိုလုပ်ခွင့်၊ ကိုယ်သဘောကျ သည့်သူကို ယူခွင့်မရှိရတော့ဘူးတဲ့လား။

အဟင်း. . . အနည်းငယ်တော့ ရယ်စရာကောင်းမနေ ဘူးလား မေမေရယ်။

"မေမေ သဘောကျဖို့မလိုပါဘူး၊ ကျွန်တော် သဘောကျ ဖို့ပဲ လိုတာပါ"

စိတ်ထဲမှာခံစားရရင် ဘယ်တော့မှ ရင်ထဲမှာ မျိုသိပ် ထားတတ်သည့် သူ့စကားအဆုံး မိခင်ဖြစ်သူက မျက်နှာတ ချက်ပျက်ယွင်းသွားရပြီးမှ သူ့ကို ဖျောင်းဖျသလိုကြည့်လာ ရင်း. . .

"ဒီမိန်းကလေးနဲ့တော့ မဖြစ်နိုင်ဘူးထင်တယ်သား၊ ဒီ လောက်မောက်မာနေတာ၊ သူ့ကိုရရင်တောင် သားပျော် ရမယ်ထင်လို့လား၊ မေမေတော့ မထင်ဘူး၊ တခြားမိန်း ကလေးတစ်ဦးဦးကို ပြောင်းစဉ်းစားကြည့်ပါလား သား ရဲ့



# အမုန်းဘုံသွား အချစ်ရထား

ဒီမိန်းကလေးကလွဲရင် သားကြိုက်တဲ့မိန်းကလေးကို လက်ညှိုးထိုးလိုက်၊ မေမေ့မှာရှိသမျှ စည်းစိမ်တွေ အကုန်ကုန်ချင် ကုန်သွားစမ်းပါစေ၊ မေမေရအောင် တောင်း ပေးမယ်၊ သူ့ကိုတော့ ဖြစ်နိုင်ရင် လက်လျှော့လိုက်ပါ လားသားရယ်"

ဟု ဆိုလာ၏။ သူခေါင်းယမ်းလိုက်မိသည်။ လောကမှာ ကျွန်တော်အလိုအပ်ဆုံးဖြစ်တဲ့ တစ်ခုတည်းသောအရာပါ မေမေ။ ကျေးဇူးပြုပြီး လက်လျှော့ဖို့တွေ၊ တားမြစ်ဖို့တွေ မလုပ်ပါနဲ့။

"မရတော့ဘူး၊ ကျွန်တော့်နှလုံးသားပါးစပ်က သူမှသူဖြစ် နေတာ၊ နောက်ပြန်လှည့်ဖို့ စိတ်ကူး လုံးဝမရှိဘူး၊ ကမ္ဘာ ပေါ်မှာ ကျွန်တော်ချစ်တဲ့မိန်းမဟာ တစ်ယောက်တည်း ပဲရှိတယ်၊ အဲဒီတစ်ယောက်တည်းသော မိန်းမဟာ သူပဲ၊ သူက ကျွန်တော့်ရင်ကိုခွဲမယ့် ဓားတစ်စင်းဖြစ်နေရင် တောင် ကျွန်တော်ကတော့ အဲဒီဓားကို တယုတယ နမ်းရှိုက်နေဦးမှာပဲ. . ."

ပြောပြီးနောက် သူက ထိုင်ရာမှ ထထွက်လာခဲ့လိုက် တော့သည်။ မ,ကို ပိုင်ဆိုင်ချင်သည့်စိတ်အား ဘယ်သူမှ တား ဆီးမရ။ လက်ခံမည်လည်းမဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com





ပြန်တွေးလေတိုင်း တအံ့နွေးနွေးဖြစ်နေရသည့် ကိစ္စကို ပြောပြအပြီးမှာတော့ ကိုဘုန်းကလည်း သူမနည်းတူပင် တအံ့ဩတွေဖြစ်၊ စိတ်တွေတိုလာလေတော့သည်။

"ဟား. . . ဒီကောင်တော်တော် မျက်နှာပြောင်တိုက်ရဲတာပဲ၊ အံ့ဩတယ်ကွာ"

"ဟုတ်တယ်၊ သူက ရပ်ကွက်လူကြီးတွေကိုပါ ခေါ်လာတာ၊ အဲဒီလိုလုပ်ရင် လမင်းက လက်ခံမယ်များ ထင်နေ



www.burmeseclassic.com

www.burmeseclassic.com



လားမသိဘူး၊ သူ့အမေကလည်း မာရေကျောရေနဲ့
လူကို လာဝယ်နေတဲ့အတိုင်းပဲ၊ ကြိုက်သလောက်ပြော၊
တင်တောင်းမယ်ဆိုတာက ပါသေးတယ်"

သူမစကားအဆုံးမှာပဲ ကိုဘုန်းက သူမလက်ကလေးကို ညင်ညင်သာသာနှင့် တယုတယကိုင်လာရင်းမှ. . .

"သူက ဘယ်တော့မှ လက်လျှော့မယ်ကောင်မဟုတ်ဘူး
လမင်း၊ တစ်နည်းမဟုတ်တစ်နည်းနဲ့ လမင်းကိုရဖို့ ကြံ
နေဦးမှာပဲ၊ ကိုယ် လမင်းကို စိတ်မချဘူးကွာ၊ ကိုယ်တို့
လက်ထပ်ရအောင်ပါ လမင်းရယ်. . . နော်၊ ကိုယ့်ကို
လက်ထပ်ခွင့်ပေးပါတော့၊ ကိုယ်လမင်းကို တစ်သက်
လုံး စိတ်ချမ်းသာအောင် ထားမှာပါ၊ ကိုယ့်အချစ်ကို
ယုံတယ်ဆိုရင် လက်ထပ်ခွင့်ပေးပါတော့ လမင်းရယ်. . .
နော်"

ဟု ဆိုလာတော့ သူမက ကိုဘုန်း၏မျက်ဝန်းတွေကို ကြည့်လိုက်မိသည်။ ကိုဘုန်းနှင့်သူမ၏ ချစ်သူသက်တမ်းဟာ မနည်းတော့ချေ။ တစ်ယောက်အကြောင်းကိုလည်း တစ်ယောက်က အားလုံးနီးပါးသိထားပြီးသား။ ကိုဘုန်းကို သူမ အကြွင်းမဲ့ချစ်သလို ကိုဘုန်း၏ သူမအပေါ်ထားသောချစ်ခြင်းတရားကိုလည်း သူမ အကြွင်းမဲ့ယုံကြည်သည်၊ မောင်လေးရှိစဉ်တုန်းကလည်း





မောင်နှမနှစ်ဦးသာရှိသည့်ဘဝမို့ မောင်လေးကိုငဲ့ကွက်ကာ အချိန်တွေဆွဲခဲ့သလို မောင်လေးမရှိတော့သည့်အခါမှာလည်း မောင်လေးစိတ်နှင့် ယူဖို့ကို နောက်ဆုတ်ထားခဲ့ရသည်။

တကယ်ဆို သူမတို့ လက်ထပ်သင့်နေတာ ကြာခဲ့ပြီဖြစ်ပါသည်။ နှစ်ယောက်စလုံးဟာ ငယ်ကြတော့တာလည်း မဟုတ်သလို အခုလိုအနှောက်အယှက်ကလည်း ရှိလာခဲ့သည့်အခါမှာတော့ သူမကဘာကိုမှ ထပ်မံစဉ်းစားကာ အချိန်ဆွဲမနေချင်တော့ဘဲ ချစ်ရသူ၏ရင်ခွင်မှာပဲ အားကိုးတကြီး ခိုဝင်ပစ်လိုက်တာ နွေးထွေးလုံခြုံစွာနေထိုင်ဖို့ ဆုံးဖြတ်လိုက်တော့၏။

ထိုအတွေးနှင့်အတူ သူမက ကိုဘုန်း၏ တောင်းဆိုချက်ကို အပြုံးတစ်ခုနှင့် ခေါင်းညိတ်လိုက်ပါတော့သည်။

"ဟား. . . ဝမ်းသာလိုက်တာလမင်းရယ်၊ ကိုယ်အရမ်း
ဝမ်းသာတာပဲ၊ လက်ထပ်ဖို့ကိစ္စကို ကိုယ်အမြန်ဆုံး
စီစဉ်လိုက်မယ်နော်၊ နော်. . . လမင်း"

ကိုဘုန်းက ဝမ်းသာအားရဖြင့် သူမအား ရင်ခွင်ထဲဆွဲသွင်းကာ ခပ်တင်းတင်း ဖက်ထားလာလေတော့သည်။ သူမသည်လည်း ချစ်သူနှင့်အတူ ထူထောင်ရတော့မည့် ဘဝတစ်ခုအတွက် ရင်ခုန်စိတ်လှုပ်ရှားကာ နှလုံးသားက နွေးထွေးလာရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ရာခင်ကို

ကျွန်မ မမှားပါဘူးနော်။ ဘယ်လောက်ပဲ ထက်မြက်တဲ့ မိန်းမတစ်ယောက်ဖြစ်ပါစေ၊ အချိန်တန်တော့လည်း ကိုယ့်အပေါ် မှာ မြတ်နိုးတန်ဖိုးထားမယ့် ချစ်ခြင်းတွေပြည့်နေတဲ့ ယောကျ်ား တစ်ယောက်ရဲ့ ရင်ခွင်တစ်ခုတော့ လိုအပ်တာပဲမဟုတ်ပါလား။








www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဒေါ်ဝေဝေလှိုင်က ခြံတံခါးမှာ နှင်းဆီပန်းတစ်စည်း လာထားနေသည့် ဆီဇာမင်းမြတ်ကို အိမ်ထဲကနေ လှမ်းမြင်လိုက်လေသည်။ အစတော့ ဖာသိဖာသာနေလိုက်ဦးမလို့ပင်။ ဒါပေမယ့် လူကြီးပီပီ လူငယ်တစ်ယောက်(သူဘယ်လောက်ပဲဆိုးဆိုး) အလကားနေရင်း ဘာမဟုတ်သည့် ကိစ္စလေးမှာ အချိန်တွေ ကုန်နေတာကို မဖြစ်စေချင်တာနှင့်ပဲ သူရှိရာကို ထွက်လာခဲ့လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်. . . လမင်းမရှိဘူး၊ နေပြည်တော်ကို ခရီးသွားတယ်"

ခြံတံခါးသံပန်းမှာ ပန်းစည်းကို တိတ်ဖြင့် ခဲရာခဲဆစ်ကပ်နေရင်းကနေ မိမိစကားကြောင့် ကောင်လေးက မျက်မှောင်ကုပ်ကာ ကြည့်လာရင်းမှ. . .

"ဗျာ. . . မ,က နေပြည်တော်ကို ဘာသွားလုပ်တာလဲ"

"အလုပ်ကိစ္စပါ၊ ပြီးတော့ မောင်ရင့်ကိုပြောရဦးမယ်၊ လမင်းကို မနှောက်ယှက်ပါနဲ့တော့ကွယ်၊ အန်တီ တောင်းပန်ပါတယ်"

ကောင်လေးက စိတ်ပျက်လက်ပျက်ပုံစံမျိုးဖြင့် ကြည့်လာ၏။ ပုံစံက တကယ့်ကိုပဲ ဂျစ်ကန်ကန်ပုံစံဖြစ်သည်။

"ဟား. . . ကျွန်တော်က ဘယ်မှာနှောက်ယှက်နေလို့လဲ၊ ကျွန်တော်က မ,ကို ချစ်တာလေ၊ ချစ်လို့ ချစ်ခွင့်ပန်တာ၊ အဲဒါ နှောက်ယှက်တာလား"

"ဩော်. . . သူကမှ မင်းကို မချစ်တာပဲကွယ်၊ ဘာဖြစ်လို့ ကိုယ့်ကိုပြန်ချစ်မလာနိုင်မယ့်လူတစ်ယောက်ရဲ့ အနားမှာ အချိန်ကုန်ခံပြီးတော့ တွယ်ကပ်နေချင်ရတာလဲ၊ လောကမှာ မိန်းမတွေ အများကြီးပါကွယ်"





"ဟား. . . လာပြန်ပြီ နောက်တစ်ယောက်၊ မိန်းမတွေ များမှန်းတော့ သိတာပေါ့၊ ဒါပေမယ့် ကျွန်တော်ချစ်တာက မ,တစ်ယောက်တည်းလေ"

ပြောရင်း ကောင်လေးက အားပါလာဟန်နှင့် သူ့ရင်ဘတ်ကို တဘုန်းဘုန်းထုပြလာရင်းက. . .

"ဟောဒီရင်ဘတ်ကြီးက ချစ်တာ လမင်းထိန်ထိန်သာဆိုတဲ့ မ,တစ်ယောက်တည်းကိုဗျာ၊ ရှင်းလား"

ဟုဆိုလာသည်။ ပုံစံက ခပ်ကြွမ်းကြွမ်းကြီးမို့ ဒေါ်ဝေဝေခိုင်တောင် အနည်းငယ် တွန့်ဆုတ်သွားမိရသည်။ ဒါပေမယ့် ပြောလက်စနှင့်တော့ မထူးတော့ပြီမို့ ဆက်ကာသာ ပြောရတော့သည်။

"အန်တီတောင်းပန်ပါတယ်ကွယ်၊ လမင်းလည်း မကြာခင်ပဲ သူချစ်သူနဲ့ လက်ထပ်တော့မှာပါ၊ သူ့ကို လက်လျှော့လိုက်ပါတော့"

ပြောကာမှ ပိုဆိုးသွားတော့သည်။ "လက်ထပ်တော့မယ်"ဆိုသည့်စကားက သူ့ကိုအကြီးအကျယ် ရှော့ခ်ရသွားစေဟန်ဖြင့် ခြံပန်းတံခါးမှာ ခန္ဓာကိုယ်ပူးကပ်သွားသည်အထိ ရှေ့တိုးကပ်လာတော့ကာ. . .

www.burmeseclassic.com



"ခင်ဗျား ဘာပြောလိုက်တယ်၊ စောစောက စကားကို ပြန်ပြောစမ်းပါ"

"လက်လျှော့လိုက်ပါတော့လို့ ပြော . . ."

မိမိစကားမဆုံးသေးခင်မှာပဲ ကောင်လေးက ဒေါသတကြီး နှင့်ဖြတ်အော်သည်။ အမူအရာကလည်း တကယ့်ကို သတ်တော့ဖြတ်တော့မည့် ပုံစံမျိုးနှင့်။

"အဲဒီစကားကို မဟုတ်ဘူး၊ အဲဒီရှေ့က စကားကို ပြောတာ"

"လက် . . . လက်ထပ်တော့မယ်လို့ ပြောတာလေ သူနဲ့သူချစ်သူ မောင်ဘုန်းထက်မြတ်တို့ မကြာခင် လက်ထပ်တော့မှာ၊ အဲဒါကြောင့်မို့လို့ အန်တီက . . ."

"မထပ်ရဘူး၊ လုံးဝ လက်မထပ်ရဘူး၊ ကျွန်တော်က လွဲပြီး ဘယ်ကောင်မှ မ,ကို လက်ထပ်ခွင့်မရှိဘူး၊ မ,ဟာ ကျွန်တော့်အတွက်ပဲ ဖြစ်ရမယ်"

ဒေါသတကြီးဟန်နှင့် အော်ပြောနေရင်းကနေ ကောင်လေး၏လေသံက ချက်ချင်းဆိုသလိုပဲ ပုံစံတစ်မျိုးပြောင်းသွားလေ သံက နိမ့်ကျသွားရပြီးနောက် သွားကြားထဲကထွက်သော လေသံမျိုးဖြင့် မိမိကို အေးစက်စက်ကြည့်လာတော့ကာ . . .

"အဲဒီမင်္ဂလာပွဲကို ကျပ်ရအောင် ဖျက်ပြမယ်"





ပြောပြီးနောက် ချာခနဲ လှည့်ထွက်သွားလေ၏။ ဒါပေမယ့် နှစ်လှမ်းသုံးလှမ်း လှမ်းပြီးတော့မှ နောက်ကို ပြန်လှည့်လာပြန်ကာ သံပန်းတံခါးမှာတိတ်နဲ့ သူကပ်ထားသည့် ပန်းစည်းကို ခပ်ကြမ်းကြမ်းဆွဲယူဆွဲပစ်လိုက်ကာ သံပန်းတံခါးနှင့် ဒေါသတကြီး ရိုက်ခွဲပစ်လိုက်လေတော့သည်။

"အာ . . . ကဲကွာ . . . ကဲကွာ . . . ကဲကွာ . . ."

စိတ်မှ ပုံမှန်ရှိသေးရဲ့လားဆိုသော အတွေးနှင့် ဒေါ်ဝေဝေလှိုင်က အနည်းငယ်ကြောက်သွားရကာ နောက်ဘက်သို့ပင် ခြေသုံးလေးလှမ်းခန့် ဆုတ်လိုက်မိ၏။ နှင်းဆီပန်းပွင့်ဖတ်အကြွေတွေက ခြံရှေ့မှာ ဖွဲခနဲဖွဲခနဲ လွင့်စင်ထွက်ကုန်သည်။ ကောင်လေးက စိတ်ရှိလက်ရှိ ရိုက်ပစ်ပြီးတော့မှ လက်ထဲမှ ကျန်နေသည့် ပန်းတွေမရှိတော့သော ပန်းစည်းငုတ်တိုကို မြေပေါ်မှာချနင်းကာ ခြေလှမ်းကျဲကြီးတွေဖြင့် ထွက်သွားလေတော့သည်။

ဒေါ်ဝေဝေလှိုင်ကတော့ ရင်ဘတ်ဖိကာ ထိတ်လန့်ရင်း ကျန်ခဲ့ရ၏။ မိမိက လက်လျှော့လိုက်စေချင်သဖြင့် ပြောလိုက်ခြင်းဟာ ပေါက်ကွဲရန် တာစူနေတဲ့ ဗုံးတစ်လုံးကို စနက်တံဖြုတ်ပေးလိုက်သလို ဖြစ်နေခဲ့လေပြီလား။



www.burmeseclassic.com

www.burmeseclassic.com





"ဒါဆို သူက လက်ထပ်တော့မှာပေါ့၊ မင်းဘာဆက်လုပ်မယ်စိတ်ကူးထားလဲ"

မင်းမျိုးက တအံ့တသြဖြင့် ရေရွတ်မေးမြန်းလိုက်ခြင်းသာဖြစ်သော်လည်း မ, လက်ထပ်တော့မယ်ဆိုသည့်စကားကြားရတိုင်း သူ့အသည်းကို တဆစ်ဆစ်နာလာစေ၏။

"ဘာလုပ်ရမှာလဲ၊ အဲဒီမင်္ဂလာပွဲကို မရ,ရအောင်ဖျက်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မလုပ်ပါနဲ့လားကွာ၊ မင်းကို သူပိုမုန်းသွားပါဦးမယ်"

"အဟက်. . . အမုန်း၊ ဟုတ်လား၊ သူ့ဆီက ငါ့အတွက် အမုန်းဆိုတာ မဆန်းတော့ပါဘူးကွာ၊ မုန်းစမ်းပါစေ၊ ဒီထက်ပိုမုန်းသွားလည်း ဘာမှပိုမထူးပါဘူး၊ အဓိကက သူ့ကို ငါပိုင်ဆိုင်ခွင့်ရဖို့ပဲ၊ ငါကလွဲပြီး သူ ဘယ်သူ့ကိုမှ လက်မထပ်ရဘူး"

ရာဇာမျိုးက မဟုတ်သေးဘူးဆိုသည့် အထာဖြင့် ခေါင်းယမ်း လိုက်ရင်းက. . .

"မင်းကို သတ်ပစ်ချင်လောက်အောင် မုန်းပါတယ်လို့ ပြောထားတဲ့ မိန်းမတစ်ယောက်ကို မင်းအနားမှာ မင်း တစ်သက်လုံး ခေါ်ထားရဲတယ်ပေါ့၊ မင်းပဲ နာကျင်နေ ရမှာလေ၊ ငါသာဆိုရင်တော့ ခေါ်ထားရဲမှာမဟုတ်ဘူး ဆီဇာ"

"နာစမ်းပါစေ၊ ငါပြုံးပြုံးကြီး ခံယူလိုက်မယ်၊ သူမုန်းလို့ နာကျင်ခံစားရမှာထက် သူ့ကိုမပိုင်ဆိုင်လိုက်ရလို့ နာကျင်ခံစားရမှာက ငါ့အတွက်ပိုဆိုးတယ်ကွ၊ ငါ့ အတွက်တော့ အချစ်ဆိုတာ ရယူပိုင်ဆိုင်ဖို့ပဲ"

မင်းမျိုးနှင့် ရာဇာဦးတို့က စိတ်မသက်မသာဖြစ်သွားကြ ပုံဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။ ဟင်း. . . သူ





တို့မှ မခံစားဖူးတာ။ ကိုယ့်အသည်းတွေ ပေါက်ထွက်မတတ်ချစ် နေရတဲ့ မိန်းကလေးက တခြားသူတစ်ယောက်ရဲ့ ရင်ခွင်ထဲကို တစ်သက်တာခိုဝင်တော့မယ့် ခံစားချက်မျိုးကို သူတို့မှ မခံစားဖူး ကြတာပဲ။

"တချို့ကိစ္စတွေမှာ ကိုယ်က ဆက်လျှောက်ချင်သေး ပေမယ့် လမ်းဆုံးနေတာမျိုးလည်း ရှိတတ်သေးတယ် လေ ဆီဇာရာ၊ ငါတို့က မင်းအတွက်ပြောတာပါ"

ရာဇာဦးက ကိုယ့်စိတ်ကို အနည်းငယ်ထိန်းချုပ်လို့ ရလို ရငြား မျှော်လင့်ချက်မျိုးဖြင့် ဆိုလာပြန်၏။ ဒါပေမယ့် ဘယ်လိုမှ လက်ခံပေးလိုက်လို့မရ။ ကိုယ့်ရဲ့ချစ်စိတ်က ငယ်ထိပ်ကို ရောက် နေခဲ့ပြီဖြစ်သည်။

"လမ်းဆုံးပြီလို့ ဘယ်သူပြောလဲ၊ လမ်းဆုံးရင် ငါ့ဘာ သာ လမ်းသစ်ဖောက်ပြီး လျှောက်မယ်၊ မင်းတို့ကြားဖူး ပါတယ်၊ ကစားပွဲတစ်ခုမှာ ပွဲသိမ်းခရာမမှုတ်ခင် နောက် ဆုံးစက္ကန့်အထိ ပွဲရဲ့အဖြေဟာ အပြောင်းအလဲဖြစ်နိုင် သေးတယ်ဆိုတာလေ၊ အခုက ပွဲမပြီးသေးပါဘူး၊ ပွဲက အခုမှ အရှိန်မြင့်လာတာ၊ ပွဲသိမ်းခရာ မှုတ်တဲ့အချိန်မှာ အောင်နိုင်သူဟာ ငါပဲဖြစ်ရမယ်. . ."

ပြောပြီးနောက် ဆီဇာက စားပွဲပေါ်မှာ တင်ထားသည့်


www.burmeseclassic.com

ရာဇဝင်ကို

ပန်းအိုးထဲမှ နှင်းဆီပန်းလေးကိုလက်ဖြင့် တင်းကြပ်စွာ ဆုပ်ခြေပစ်လိုက်သည်။ နှင်းဆီက ဆူးနှင့်နှင်းဆီမို့ ဆီဇာ့လက်များကြားမှ သွေးတွေက မြင်မကောင်းအောင် ယိုစီးကျလာ၏။ ဒါပေမယ့် လက်က ဆူးဒဏ်ဟာ သူ့ကို နာကျင်တယ်လို့ မခံစားစေရဘဲ နှလုံးသားကသာ တဆတ်ဆတ်တုန်အောင် နာနေခဲ့လေ၏။

ဘုန်းထက်မြတ်နှင့် လမင်းတို့က အင်တာနက်မှာရှိသည့် ဖိတ်စာပေ့ချ်တစ်ခုထဲဝင်ကာ ဖိတ်စာဒီဇိုင်းတွေကို နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ ရွေးထုတ်နေမိကြစဉ်မှာပင် အနားကိုလူတစ်ယောက် လာရပ်သဖြင့် မော့ကြည့်လိုက်မိကြလေသည်။

www.burmeseclassic.com



အနားကို ရောက်လာသူက ဆီဇာမင်းမြတ်. . .။

"မင်း. . . ဘာလာလုပ်ပြန်ပြီလဲ၊ ထွက်သွား. . . ခု ထွက်သွား"

အလိုမကျသလိုပြောလိုက်သည့် ဘုန်းထက်မြတ်၏ စကားအဆုံးမှာပဲ ဆီဇာမင်းမြတ်က လွတ်နေသောခုံတစ်လုံးမှာ ဝင်ထိုင်ချလိုက်ပြီးနောက်. . .

"မသွားဘူး၊ မ,တို့ လက်ထပ်တော့မယ်ဆို၊ အဲဒါဟုတ်လား"

"အဲဒါ မင်းနဲ့ ဘာဆိုင်လဲ"

ဆီဇာမင်းမြတ်က ဘုန်းထက်မြတ်အား စားတော့ဝါးတော့မတတ် အကြည့်မျိုးဖြင့် ကြည့်လိုက်ရင်းက စားပွဲကိုလည်း ဘုန်းခနဲပုတ်ချလိုက်ကာ. . .

"ကျုပ်မေးနေတာ မ,ကို၊ ခင်ပျား ကြားထဲက ဝင်မဟောင်နဲ့"

"ဟေ့ကောင်. . . မင်းစကားပြောတာ မမိုက်ရိုင်းနဲ့၊ ဒါ ငါ့ချစ်သူကွ"

"ခင်ပျားကို ဝင်မပြောနဲ့လို့ ပြောနေတာ နားမပါဘူးလား"

ဆီဇာမင်းမြတ်က ပြောလည်းပြော ထိုင်နေရာကနေလည်း





ထရပ်လိုက်ကာ ခန္ဓာကိုယ်ကိုကုန်းလိုက်ပြီးနောက် ဘုန်းထက်မြတ်၏အကျႌကို ရင်ဘတ်ကနေစုဆောင့်ဆွဲလိုက်ကာ ထိုးမယ်တန်ပြင်လေသည်။ ဘုန်းထက်မြတ်ကလည်း ထိုင်ရာကနေ ဝုန်းခနဲထရပ်လိုက်ကာ သူ့အကျႌကိုကိုင်ထားသည့် ဆီဇာမင်းမြတ်၏လက်ကို ဆွဲဖြုတ်လိုက်ကာ ထိုးဖို့ဟန်ပြင်လိုက်သည်။

ဒီအချိန်မှာပဲ လမင်းက ထရပ်လိုက်ကာ. . .

"ဟဲ့. . . ဟဲ့. . . နင်ဘာလုပ်တာလဲ၊ လွှတ်စမ်း လက်ကို၊ ကိုဘုန်း. . . ကိုဘုန်း အသာနေ၊ လမင်း ပြောမယ်"

သူမက ဘုန်းထက်မြတ်အကျႌကို စုဆွဲထားသည့် ဆီဇာမင်းမြတ်၏လက်ကို ဆွဲဖြုတ်လိုက်သလို၊ ဘုန်းထက်မြတ်ကိုလည်းပြော၊ သူတို့နှစ်ယောက်ကြားကိုလည်း ဝင်ရပ်လိုက်ကာ ဆီဇာမင်းမြတ်ဘက်ကို လှည့်ရင်ဆိုင်လိုက်ပြီးနောက်. . .

"ဟုတ်တယ်၊ ငါတို့ လက်ထပ်တော့မယ်၊ နင်သိချင်တာ ဒါပဲမဟုတ်လား၊ သွားတော့"

"မဖြစ်ရဘူး၊ ခင်ပျားတို့ လက်မထပ်ရဘူး၊ မ. . . မ,သူ့ကိုလက်မထပ်ရဘူးနော်၊ မ,ကျွန်တော့်ကိုပဲ လက်ထပ်ရမယ်၊ မ,ဟာ ကျွန်တော့်အတွက်ပဲ ဖြစ်ရမယ်"

ဆီဇာမင်းမြတ်က အရူးတစ်ယောက်လို သွေးရူးသွေးတန်း ကြီးအော်သည်။ လမင်းက သရော်တော်တော်ပြုံးလိုက်ရင်း း. . .

www.burmeseclassic.com



"ဟင်း. . . ရုပ်ရှင်တွေ လာရိုက်နေပြန်ပြီ၊ သွားသေ

လိုက်၊ သိလား၊ နင့်ကို ငါက ဘာကိစ္စလက်ထပ်ရမှာလဲ"

ဆီဇာမင်းမြတ်က စောစောက ဒေါသတွေထွက်ကာ

အော်ဟစ်ထားသော်လည်း အခုကျတော့ လေသံပျော့လေ

ပြောင်းသွားရကာ. . .

"ကျွန်တော်က မ,ကို သိပ်ချစ်နေလို့ပေါ့၊ မ,ကို ကျွန်တော်

က ရှူးမတတ်ချစ်နေတာ မ,သိပါတယ်မ,ရယ်၊ ကျွန်တော်

ကို မရက်စက်ပါနဲ့နော်၊ ကျွန်တော့်ကိုပဲ လက်ထပ်

မ,ရယ်၊ နော်. . ."

"အရူး. . . နင်က အရူး"

"ဟုတ်တယ်၊ ကျွန်တော်က အရူး၊ ရူးလွန်းရင် ဘာမ

လုပ်တတ်တယ်နော် မ၊ ကျွန်တော် အသာတကြ

ပြောနေတုန်းမှာ လက်ထပ်မယ့်ကိစ္စကို ဖျက်သိမ်းလို

ပါ၊ ရှေ့ဆက်တိုးလာရင် ကျွန်တော့်အဆိုးမဆိုနဲ့နော်

ဆီဇာမင်းမြတ်၏ လေသံနှင့်ပုံစံက အခုကျတော့ စိ

လူသတ်ကားတွေထဲမှာ တွေ့ရကြားရလေ့ရှိသည့် လူသ

သမားတစ်ယောက်လိုပုံစံမျိုး ဖြစ်လာလေသည်။ ဒီတစ်ခါ

ဘုန်းထက်မြတ်က လမင်းပခုံးပေါ် လက်တင်ကာ သူ့ဘေးသ ည်။

ကိုဆွဲယူကာ ယှဉ်ရပ်ထားစေလိုက်ရင်းက ဝင်ပြောသည်။





"မင်းက ငါတို့ကို လာခြိမ်းခြောက်နေတာလား၊ ဟက်ဟက်

စိတ်တော့မကောင်းဘူး၊ မင်းကဏ္ဍကပြီးသွားပြီ၊ မင်း

လစ်လိုက်တော့"

ဘုန်းထက်မြတ်၏ စကားအဆုံး ဆီဇာမင်းမြတ်မျက်နှာ

ာတည်တင်းသွားကာ သူတို့နှစ်ယောက်ကို မမှိတ်မသုန်စိုက်

ကြည့်နေလေသည်။ ခဏကြာတော့မှ ဆီဇာမင်းမြတ်မျက်နှာက

ာည်တင်းနေရာကနေ နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက်တည်း

ာဖြည်းဖြည်း ကော့တက်ပြုံးလာကာ. . .

"ဟက်. . . ကောင်းပြီလေ၊ ခင်ဗျားတို့က ရှေ့ဆက်မယ်

ဆိုလည်းလုပ်ကြပေါ့၊ ကျုပ်ကတော့ ခင်ဗျားတို့လက်

ထပ်ပွဲကို ရအောင်ဖျက်မှာပဲ"

ဆီဇာမင်းမြတ်စကားအဆုံး လမင်းကလည်း နှုတ်ခမ်းတွေ

ို ပွင့်ဟမသွားစေရန် စေ့ပိတ်ထားရင်းကနေ သဘောတကျ

ာမင်ပြုံးပေးလိုက်ရင်း. . .

"ဟင်း. . . နင်ခြောက်တိုင်း ကြောက်တဲ့အထဲမှာ ငါတို့

မပါဘူး၊ သိလား၊ နင့်လောက်တော့ စာရင်းကို မရှိတာ"

ဟု ဆိုလိုက်သည်။ ဆီဇာက ခေါင်းတဆတ်ဆတ်ညိတ်

"အိုခေလေ. . . စောင့်ကြည့်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေ အားလုံးက ဆုံသွားကြသည်။ ဒါပေမယ့် သုံးဦးသုံးဖလှယ်မှာ မျက်လုံးနှစ်လုံးက တစ်ဖက်၊ မျက်လုံးလေးလုံးက တစ်ဖက်ဖြစ်သည်။








www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အဲဒီရဲ့နောက်ပိုင်းနေ့တွေမှာတော့ ဘုန်းထက်မြတ်နဲ့ သမင်းတို့က မင်္ဂလာဆောင်အတွက် ဖိတ်စာအပ်ခြင်း၊ မင်္ဂလာ တ်စုံအပ်ခြင်း၊ ဟိုတယ်ချိတ်ခြင်း၊ မင်္ဂလာခန်းဝင်ပစ္စည်းတွေ ယ်ခြင်း၊ လက်ထပ်လက်စွပ်ရွေးခြင်းစသဖြင့် များစွာသော ဝ်စရာများဖြင့် အပြင်ကိုနေ့တိုင်းထွက်ရတော့ကာ အလုပ်ရှုပ် ွားကြလေတော့၏။ အဲဒီလို သူမတို့သွားလေရာနောက်ကို ည်း ဆီဇာမင်းမြတ်က တကောက်ကောက်လိုက်နေတော့တာ သူမတို့ကို ခံစားချက်မဲ့သော မျက်လုံးတွေဖြင့် မမှိတ်မသုန်



www.burmeseclassic.com

www.burmeseclassic.com



အမြဲကြည့်နေတော့တာဖြစ်သည်။ ဘာစကားမှတော့ လာမပြော။ သူမတို့နှင့် မလှမ်းမကမ်းမှာ အမြဲရှိနေကာ တစ်ခုခုကို ကြံစည်နေပုံမျိုးပါပင်။

ဒီတော့ သူမတို့မှာ တစ်ဖက်က မင်္ဂလာပွဲကို စီစဉ်ရသလို ပွဲကိုပျက်အောင်ဖျက်မယ်လို့ ကြုံးဝါးထားသည့် သူ့စကားကြောင့် သူ့ကိုလည်း လွှတ်ပေးမထားရဲဘဲ သတိထားနေရတော့လေ၏။



လမင်းက မင်္ဂလာပွဲကျရင် ဖိတ်ရမည့် မိမိဘက်က အသိမိတ်ဆွေတွေကို မေ့ကျန်ခဲ့တာမျိုး မရှိရလေအောင် စာရွက်တစ်ရွက်မှာ တစ်ယောက်ချင်း နာမည်ချရေးကာ မှတ်နေမိတုန်းမှာပဲ အခန်းထဲကို ဒေါ်လေးဝင်လာသည်။

"သမီးရေ. . . ခြံရှေ့မှာ ဆီဇာမင်းမြတ်ရောက်နေပြန်ပြီ၊ ဘာလုပ်ဦးမယ်မသိဘူး"

ဒေါ်လေးစကားကြောင့် လမင်းက ကျွတ်ခနဲတစ်ချက်စုပ်သပ်လိုက်ကာ ထိုင်ရာမှထပြီးနောက် ပြတင်းတံခါးလိုက်ကာစကို အသာမ,ကာ ခြံရှေ့ဘက်ကို အသာချောင်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဟုတ်ကိုပဲ ဆီဇာမင်းမြတ်ရဲ့ကားက သူမတို့ခြံရှေ့မှာ ရပ်ထားကာ အဲဒီရပ်ထားသည့် ကားအမိုးပေါ်မှာမှ ခြေချိတ်ကာထိုင်ရင်း သူမရှိရာ အခန်းဘက်ကို မမှိတ်မသုန်စိုက်ကြည့်နေသော ဒင်းကို တွေ့လိုက်ရလေသည်။

"ထားလိုက် ဒေါ်လေးရယ်၊ သူဘာသာ ပြန်လိမ့်မယ်၊ ခေါင်းထဲ ထည့်မနေနဲ့"

"အေးအေး. . . ဒါဆို ဒေါ်လေး အိပ်တော့မယ်နော်"

"ဟုတ်. . . ဒေါ်လေး"

ဒေါ်လေးပြန်ထွက်သွားတော့မှ သူမလည်း ခုတင်ပေါ်မှာ ပြန်ဝပ်လျှားမှောက်ကာ နာမည်စာရင်းကို ပြန်ချရေးနေလိုက်သည်။ အလုပ်ထဲမှာ စျာန်ဝင်သွားသည့်နောက်မှာတော့ သူမတ ခြံရှေ့က အယုတ်တမာကိုလည်း မေ့လျော့သွားရတော့၏။

လူတွေ ကုန်သလောက်နီးပါး ရေးချပြီးသွားစဉ်မှာတော့ သူမက လက်တွေကိုဆန့်တန်းလိုက်ကာ အပျင်းကြောတစ်ချက် ထုတ်လိုက်သည်။ ကုပ်ကို ဘယ်ညာယိမ်းကာ ချိုးလိုက်ပြီး နောက်တော့မှ အိမ်ရှေ့ဘက်ကိုသတိရသွားကာ ခုတင်ပေါ်က ဆင်းပြီး လိုက်ကာစကြားကနေ အသာ ချောင်းကြည့်မိစဉ်မှာ တော့ အစောပိုင်းတုန်းက တွေ့ရသည့် ပုံစံမျိုးဖြင့်ပင် ကားပေါ် ကနေ သူမရှိရာ အခန်းဘက်ကို မမှိတ်မသုန်စိုက်ကြည့်နေသော ဆီဇာမင်းမြတ်ကို တွေ့လိုက်ရလေသည်။





ဘုရားရေ. . . သူ. . . သူရှိနေသေးပါလား။

အတွေးနဲ့အတူ သူမက နံရံကပ်နာရီဆီကို တစ်ချက်လှမ်းကြည့်လိုက်မိတော့ ညတစ်နာရီထိုးနေပြီ။ အခုထိ သူမပြန်သေး။ သူဘာတွေများ ကြံစည်နေတာပါလိမ့်။ အို. . . သူ့ဘာသာ ဘာပဲကြံကြံပေါ့။ သူက ဘာများ လုပ်နိုင်မှာမို့လို့လဲ။

နောက်တော့သူမက သူ့ကို ခေါင်းထဲက ထုတ်ထားလိုက်ကာ အိပ်ချင်လာပြီမို့ အိပ်ရာထဲဝင်ပြီးနောက် မကြာခင်မှာပဲ အိပ်ပျော်သွားလေတော့သည်။

ဒီလိုနှင့် မနက်မိုးလင်းလို့ အိပ်ရာကထကာ မျက်နှာသစ်ဖို့ လုပ်တော့မှ သူမက ခြံရှေ့ကသူ့ကိုသတိရကာ ဘာရယ်မဟုတ် တစ်ချက်ကြည့်လိုက်မိစဉ်မှာတော့ သူက ညက ပုံစံအတိုင်းနဲ့ပင် (နည်းနည်းလေးတောင် လှုပ်ရဲ့လားမသိ) ရှိနေသေးတာကို တွေ့လိုက်ရလေသည်။

ဘုရားရေ. . . သူရှိနေသေးပါလား။ သူမက အထိတ်တလန့်ဖြစ်သွားရကာ လိုက်ကာကို ပြန်စေ့လိုက်စဉ်မှာပဲ တံခါး ခေါက်သံ သုံးလေးချက်ထွက်လာပြီးနောက် ဒေါ်လေးက အခန်း ထဲဝင်လာလေတော့သည်။

"သမီးတွေ့လား၊ အိမ်ရှေ့မှာ ရှိနေတုန်းပဲ"

"တွေ့တယ် ဒေါ်လေး၊ အခုပဲ ကြည့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ညလုံး မပြန်ဘူးသိလား၊ ညသုံးနာရီလောက်က ဒေါ်လေးထကြည့်သေးတယ်၊ အခုလိုပဲ မလှုပ်မယှက် ကြီးထိုင်နေတာ၊ သူ တစ်ခုခု ကြံစည်နေတာလား မသိဘူးသမီးရယ်၊ သူ့ပုံကြည့်ရတာ ကြောက်စရာကြီး"

ဒေါ်လေးက ဆီဇာမင်းမြတ်၏လုပ်ရပ်ကြောင့် အနည်ငယ် စိုးရိမ်နေပုံမျိုးဖြစ်ကာ သူမသည်လည်း အခုကျမှ ဆီဇာမင်းမြတ်ကို ထိတ်လန့်စ ပြုလာခဲ့လေသည်။ ယောကျ်ားသားတစ်ယောက်ဟာ တစ်ညလုံး အိမ်မပြန်ဘဲ မိမိရဲ့အခန်းဆီကို မမှိတ်မသုန် ကြည့်နေခဲ့သည့်အဖြစ်ဟာ တွေးကြည့်လျှင် ဘယ်လောက်တောင် ကြက်သီးထစရာ ကောင်းလိုက်ပါသည်လဲ တကယ့်ကိုပဲ သူရူးသွားပြီလား။

နောက်တော့ သူမက စိတ်ထဲမှာ တုန်လှုပ်လာရပြီး ကိုဘုန်းကိုပဲ လှမ်းဖုန်းဆက်ကာ ခေါ်လိုက်မိတော့သည်။

"ဟယ်လို. . . ကိုဘုန်း၊ လမင်းပါ"



ဘုန်းထက်မြတ်က လမင်းတို့ခြံရှေ့ကို ရောက်သည်နှင့် ကားဟွန်းကို နှစ်ချက်လောက်တီးလိုက်ပြီးနောက် ကားပေါ်က ဆင်းလိုက်ကာ ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲ အကဲခတ်[illegible]က်စဉ်မှာပဲ လမင်းက ခြံတံခါးသော့တွဲကိုကိုင်ကာ ဖွင့်ထွက်[illegible]လာလေသည်။

"ဟိုကောင်ရှိတယ်ဆို၊ ဘယ်ရောက်သွားလဲ လမင်း"

လမင်းက ပဝ့်သက်တစ်ခုကို ရှိုက်လိုက်ရင်း. . .

"ပြန်သွားပြီ၊ အခုလေးတင်ပဲ ပြန်သွားတာ၊ တစ်ညလုံး ခြံရှေ့မှာ ရှိနေတာ"

ဟုဆိုလာ၏။ သူက လမင်းကို စိတ်မချသလို ကြည့်လိုက်[illegible]သည်။ ဟိုအရူးက ဘာတွေ ကြံစည်နေတယ်မသိ။



www.burmeseclassic.com

www.burmeseclassic.com



"ညကတည်းက ကိုယ့်ကို ဖုန်းဆက်လိုက်ပြီးရော လမင်းရယ်"

"လမင်းက သူတစ်ညလုံးနေမယ် မထင်ဘူးလေ၊ အစောပိုင်းကတွေ့နေပြီး လမင်းက အိပ်သွားတာ၊ မနက်လင်းလို့ ကြည့်လိုက်တော့မှ တစ်ညလုံး မပြန်ဘူးဆိုတာ သိတာ၊ အဲဒါနဲ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေလို့ ကိုဘုန်းကို လှမ်းခေါ်လိုက်တာ"

"ဒီကောင် တစ်ခုခုကြံနေတာတော့ သေချာတယ်လမင်း ဒီနေ့အချိန်ရသလောက် ကိုယ် လမင်းနဲ့အတူနေပေးမယ်၊ နောက်နေ့တွေကျရင်လည်း လမင်းတစ်ယောက်တည်း အပြင်မထွက်နဲ့၊ တစ်ခုခုဆို ကိုယ့်ကိုဖုန်းဆက်ကွာ၊ လမင်းကို ကိုယ်စိတ်မချဘူး၊ မင်္ဂလာပွဲကိုသွားရင်လည်း ကိုယ်ပဲ လာကြိုပေးမယ်၊ ဟုတ်ပြီလား"

"အင်း. . ."

နောက်တော့မှ သူက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်ပြီး ကားပေါ်ပြန်တက်ကာ ကားကိုခြံထဲအထိမောင်းဝင်လာခဲ့လိုက်လေသည်။



# အခန်း (၁၄)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

**(မင်္ဂလာဆောင်သည့်နေ့...)**

လမင်းတို့ခြံထဲကနေ ထွက်လာသည့်ကားပေါ်မှာ ဘုန်းထက်မြတ်နှင့် လမင်းတို့က သတို့သမီး၊ သတို့သားဝတ်စုံတွေနှင့် ပါလာကြသည်။ ဘုန်းထက်မြတ်က ကားကိုကိုယ်တိုင်မောင်းလာတာဖြစ်ကာ မကြာခင်ပိုင်ဆိုင်ရတော့မည့် ချစ်သူလေး၏ မျက်နှာကို ကြည့်မဝဘဲဖြစ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



လမင်းတို့ကား သူမတို့လမ်းကြားထဲကနေ လမ်းမကြီးပေါ်ကို တက်သွားစဉ်မှာတော့ သူမတို့လမ်းထိပ်မှာ အသင့်စောင့်နေသည့် တက္ကစီတစ်စီးက နောက်ကနေ ထပ်ချပ်မကွာလိုက်ပါလာလေ၏။ ထိုတက္ကစီပေါ်မှာပါလာသည်က ဆီဇာမင်းမြတ်။

ဆီဇာမင်းမြတ်က သူ့ကားကို ယူလာရင် သူမတို့ရိပ်မိမှာစိုးသဖြင့် တက္ကစီတစ်စီးငှားကာ လိုက်ပါလာခြင်းဖြစ်ကာ အခွင့်အရေးကို ချောင်းကာပါလာခဲ့၏။ ဒါကို ရှေ့ကားပေါ်က လမင်းနဲ့ ဘုန်းထက်မြတ်တို့ကတော့ မသိရှာ။ မင်္ဂလာပွဲဆင်နွှဲကာနီးမို့ စိတ်တွေလှုပ်ရှားနေကြကာ နှစ်ယောက်သားတစကားတပြောပြောနှင့် ရှိနေခဲ့တာဖြစ်လေသည်။

ဒီလိုနှင့် စတိုးဆိုင်တစ်ခုရှေ့အရောက်မှာတော့ ဘုန်းထက်မြတ်က ကားကိုခဏရပ်ကာ စနိုးတာဝါဝယ်ဖို့ ဆင်းသွားလေသည်။ ဘုန်းထက်မြတ်က သတို့သားဆိုပေမယ့် အပေါ်က တိုက်ပုံတွေ ခေါင်းပေါင်းတွေလည်း မဝတ်ထားသေးဘဲ အောက်က ချိတ်ပုဆိုးနှင့် အပေါ်ကလည်း စတစ်အကျီကိုသာ ဝတ်ထားသေးတာ မို့ဆင်းသွားလို့ အဆင်ပြေသော်လည်း သူမကတော့ သတို့သမီးဝတ်စုံကို ဝတ်စုံပြည့်ဝတ်ထားတာမို့ ကားပေါ်မှာပဲ ကျန်နေခဲ့လိုက်လေသည်။



# အမုန်းဘုံသွား အချစ်ရထား

ဒီမှာတင်ပဲ ကျားချောင်းချောင်းနေတဲ့ ဆီဇာမင်းမြတ်အတွက်က မဟာအခွင့်အရေးကြီးဖြစ်သွားကာ ဘုန်းထက်မြတ် စတိုးဆိုင်ထဲ ဝင်သွားသည်နှင့်တစ်ပြိုင်နက် သူက တက္ကစီပေါ်ကနေ ခပ်မြန်မြန်ပဲဆင်းလိုက်ကာ သူမတို့ကားထဲကို ကားမောင်းသူဘက်မှ ဝင်ထိုင်လိုက်လေသည်။

အဲဒီအချိန် ကားထဲမှာရှိနေခဲ့သည့် လမင်းက အောက်က ထိုင်မသိမ်းအစကို ပေသွားမှာစိုးသဖြင့် ငုံ့ကိုင်းကာ အစတွေကို သိမ်းနေခဲ့တာဖြစ်သည်။ သူမဘေးကိုလူတစ်ယောက်ဝင်ထိုင်လာတာကို ရိပ်ခနဲအတွေ့မှာတော့ သူမက ဘုန်းထက်မြတ်ပြန်လာတယ်ပဲ အထင်နှင့် မော့ကြည့်လိုက်ရင်းက. . .

"တာဝါဝယ်တာ မြန်လှချည်လား၊ ဟင်. . . နင်. . . နင်က ဘယ်လိုလုပ် ဒီကားပေါ်. . . အူး. . . ဥူး. . . ဥူး. ."

သူ့ကိုတွေ့ကာ ထိတ်လန့်တကြားနှင့်အော်ဟစ်ဖို့ကြိုးစားလိုက်သည့် သူမကို ဆီဇာက အသင့်ယူလာသည့် မေ့ဆေးတို့ထားသော အဝတ်ဖြင့်အုပ်ကာ မေ့မျောသွားစေလိုက်သည်။ သူမက အစတော့ ရုန်းကန်ကာ ဥူးဥူးဝါးဝါးနှင့် အော်ဟစ်နေသော်လည်း သိပ်မကြာလိုက်သည့် အချိန်အတွင်းမှာပင် မေ့ဆေးအရှိန်ဖြင့် မေ့မျောသွားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

ဒီတော့မှ ဆီဇာမင်းမြတ်က သဘောတကျဖြင့် လေတစ်ချက်ကို ရှိုးခနဲချွန်လိုက်ကာ ကားကိုမောင်းထွက်လိုက်လေသည်။ ကံကြမ္မာက သူ့ဘက်မှာ ရှိနေလေတော့ ဘုန်းထက်မြတ်ကလည်း ကားသော့ကို ဖြုတ်မသွားဘဲ သော့ပေါက်မှာ ဒီအတိုင်း တန်းလန်းထားခဲ့ခြင်းနှင့်ကြုံလိုက်ရတာ ဖြစ်ပါသည်။

စတိုးဆိုင်ထဲကနေ ဘုန်းထက်မြတ်ပြန်ထွက်လာစဉ်မှာတော့ ကားက ရပ်ထားသည့်နေရာမှာ မရှိတော့ချေ။



ဆီဇာမင်းမြတ်မောင်းလာသည့် ကားက မြို့ပြင်လမ်းမပေါ်မှာ တရိပ်ရိပ်ပြေးနေသည်။ ဆီဇာ့ဘေးက ခုံပေါ်မှာကတော့ လမင်းက သတိလစ်လျက်အနေအထားဖြင့်ပါလာ၏။ ဒက်ရှ်ဘုတ်ပေါ်မှာရှိသည့် လမင်း၏ဖုန်းကတော့ အဆက်မပြတ်မြည်နေတာ အတော်ကြာပြီ။

ဆီဇာက စိတ်ရှုပ်လာသည်နှင့် ထိုဖုန်းကိုယူကာ ပါဝါပိတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာသောအချိန်မှာတော့ သူမက လူးလွန့်ကာ သတိပြန်ရလာလေ၏။ သူမက သတိရရချင်းမှာတော့ အဖြစ်အပျက်ကို ဇဝေဇဝါ။ ခေါင်းကိုကိုင်ကာ သူမဘာဖြစ်နေတယ်ဆိုတာကို ပြန်တွေးယူနေပုံပင်။ နောက်တော့မှ သူမအကြည့်က သူ့ဘက်ကို ရောက်လာပြီးနောက် သူ့ကိုအတွေ့မှာတော့ သရဲတစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသလို ထိတ်လန့်တုန်လှုပ်သွားရင်းက. . .

"ဟင်. . . နင်. . . နင်ငါ့ကို ဘယ်ခေါ်လာတာလဲ"

ဆီဇာက သဘောတကျ ပြုံးလိုက်ကာ ခပ်အေးအေး လေသံမျိုးဖြင့်ပင် ဘာမှမထူးခြားသည့် ဖြစ်ရိုးဖြစ်စဉ်တစ်ခုကို ပြောပြသည့်အတိုင်း ပြောလိုက်သည်။

"မ,ကို ကျွန်တော် ကားတင်ပြေးလာတာလေ၊ အခု ပဲခူးတောင်ကျော်လာပြီ"

သူမမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားကြကာ သူ့အား စားတော့ဝါးတော့မတတ် ကြည့်လာပြီးနောက်. . .

"ဘာ. . . ဘာပြောတယ်၊ လူယုတ်မာ၊ နင် လူယုတ်မာ ရပ်. . . ကားကို အခုရပ်စမ်း"

သူမက ပြောလည်းပြော၊ ပြောနေရင်းကနေလည်း စိတ်ကို မထိန်းနိုင်တော့ဟန်ဖြင့် သူ့အားလက်သီးဆုပ်တွေနှင့် တဘုန်းဘုန်း ထုလာတော့သည်။





"နင့်ကို ကားရပ်လို့ ပြောနေတယ်လေ၊ ရပ်. . အခုရပ် ကားကို"

"မရပ်ဘူး၊ ကျွန်တော် မ,ကို ခိုးလာခဲ့တာ၊ ဘယ်နည်းနဲ့မှ လက်လွှတ်အဆုံးအရှုံးမခံနိုင်ဘူး၊ ဒီလိုမှမလုပ်ရင် မ,ကို ကျွန်တော်ဆုံးရှုံးရတော့မှာလေ၊ မ,ကို တခြားလူတစ်ယောက်ရဲ့ရင်ခွင်ထဲ ဘယ်တော့မှ ထည့်မပေးလိုက်နိုင်ဘူး၊ မ,ဟာ ကျွန်တော့်အတွက်ပဲ ဖြစ်ရမယ်၊ မ, ကျွန်တော့်ကိုပဲ လက်ထပ်ရမယ်"

"မထပ်ဘူး၊ နင့်လို အရူး အရိုင်းအစိုင်းကောင်ကို ဘာကိစ္စလက်ထပ်ရမှာလဲ၊ ရပ်. . . ကားကို အခုရပ်၊ မရပ်ရင် ငါ ခုန်ချလိုက်မှာနော်"

သူမက တံခါးကို ဆွဲဖွင့်ဖို့လုပ်သည်။ ဒါပေမယ့် တံခါးက လော့(ခ်)ချထားသဖြင့် ဘယ်လိုမှဖွင့်လို့မရ။ ပတ်ဝန်းကျင်ကိုလည်း အကူအညီရလိုရငြားကြည့်၏။ ဒါပေမယ့် တရိပ်ရိပ် ပြေးနေသည့် ကားပေါ်က အဖြစ်အပျက်ကို ဘယ်သူကများ သိနိုင်မှာတဲ့လဲ။

"နင့်ကို ကားရပ်လို့ပြောနေတယ်လေ၊ အခုလောက်ဆို ဒေါ်လေးနဲ့ကိုဘုန်း ငါ့အတွက် စိတ်ပူနေလောက်ပြီ၊ ငါ ပြန်မယ်၊ ရပ်. . . ကားကိုရပ်"



www.burmeseclassic.com

www.burmeseclassic.com



“မရပ်ဘူး မ၊ ကျွန်တော် မ,ကို တစ်ဘဝလုံးစာအတွက်

ခေါ်လာတာ၊ ဘယ်နည်းနဲ့မှ ပြန်မလွှတ်ဘူး၊ ကျွန်တော်

ကိုပဲ ပြန်ချစ်လိုက်ပါမ,ရယ်၊ ဘယ်ကောင်မှ မ,ကို ကျွ

တော့်လောက် မချစ်နိုင်ပါဘူး၊ ကျွန်တော့်ကိုပဲ ပြန်ချ

လိုက်ပါမ,ရယ်. . . နော်. . . ”

“မချစ်ဘူး၊ နင့်ကို သေတောင်မချစ်ဘူး၊ မုန်းတယ်

နင့်ကို ငါ အရမ်းမုန်းတယ်၊ ရပ်. . . ကားကို အခုရပ်ဟာ

ရပ်”

သူမက မျက်ရည်တွေစီးကျကာ ခေါင်းကို ဘယ်ညာ

ရမ်းရင်း အာခေါင်ခြစ်ကာ အော်သည်။ ဒါပေမယ့် သူ့မှာ သူမ

လက်လွှတ်လိုက်ဖို့ ဘယ်တုန်းကမှ အစီအစဉ်မရှိ။ ခေါ်လာ

တည်းက တစ်ဘဝစာအတွက် ခေါ်လာခဲ့တာဖြစ်သည်။

သူမက သွေးပျက်နေသူတစ်ယောက်လို အော်ဟစ်ပြော

ကာ သူ့ကို အားရှိသမျှဖြင့် ရိုက်ပုတ်တွန်းထိုးလာတော့ သူ့

ကားကို အာရိုက်စိုက်ပြီးမောင်းဖို့ရာ အခက်တွေ့လာသည်။

“မ. . . ငြိမ်ငြိမ်နေလေဗျာ၊ ကားမှောက်ပြီး နှစ်ယော

စလုံး သေကုန်လိမ့်မယ်”

မင်္ဂလာမိတ်ကပ်လိမ်းထားသည့် သူမမျက်နှာက မိတ်ကပ်

တွေဟာ ချွေးတွေဖြင့်ပေပွကုန်ကြကာ အိုင်းလိုင်နာအမည်း





ထားသည့် သူမမျက်လုံးတို့မှလည်း မျက်ရည်များကြောင့် အမည်းရောင်စီးကြောင်းကြီးတွေက မျက်လုံးကနေ ပါးပေါ်ကို ကျဆင်းလာတော့သည်။

“သေမယ်၊ နင့်လိုကောင်ကို ယူမယ့်အစားတော့ သေသွားတာပဲ ကောင်းတယ်၊ ဖယ်. . . ”

သူမဟာ သေမထူးနေမထူးပုံစံမျိုးဖြင့် သူ့ဘက်ကို ညွတ်ကိုင်းလာကာ သူ့လက်ထဲမှ ကားစီယာတိုင်ကို ဆွဲလုကာ လှည့်လာတော့ သူ့မှာ အထိတ်တလန့်ဖြင့် လက်တစ်ဖက်က သူမကို တွန်းထုတ်ရသလို ကျန်လက်တစ်ဖက်ကလည်း ကားကို ပြန်ထိန်းရ၏။

“မ, မလုပ်နဲ့လေဗျာ၊ ဟာ. . . မလုပ်နဲ့လေ၊ မ. . . ”

ဒါပေမယ့် သူမက မရ။ သူ့လက်ထဲက စီယာတိုင်ကို ဆွဲလုကာ လမ်းဘေးသို့ ထိုးချဖို့လုပ်ရင်း ရူးသွပ်သွားသူတစ်ယောက် ဘာကိုမှ မကြောက်တော့သလို ပုံစံမျိုးဖြစ်လာတော့သည်။

“သေမယ်၊ နှစ်ယောက်စလုံး သေကြမယ်၊ အဲဒါမှ ငါ့မောင်အတွက်ပါ ကလဲ့စားချေပြီးသားရမှာ. . . ”

ကားက လမ်းပေါ်မှာ တည့်တည့်မပြေးတော့ချေ။ ဟိုဘက်ပြေးသွားလိုက်၊ ဒီဘက်ပြေးသွားလိုက်နှင့် ဖြစ်နေတော့၏။ သူကလည်း ကားကိုမရ,ရအောင်ပြန်ထိန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာတင်ပဲ စီယာတိုင်ကို ဆွဲလုလို့မထူးခြားသည့်အခါ သူမက သူ့ပခုံးအား ရုတ်တရက် ကုန်းကိုက်လာတော့၏။

"အား. . ."

အကြိုးတကြီးနှင့် အားကုန်ထုတ်ကာ ကိုက်သည်ဖြစ် ရာ သူ့မှာ နာကျင်လွန်းသဖြင့် အာခေါင်ခြစ်ကာ အော်ပစ်လိုက်မိသည်။ ပြီးတော့ ရုတ်တရက်အကိုက်ခံလိုက်ရတာမို့ နာကျင်ထိတ်လန့်သွားရကာ စီယာတိုင်ဆီမှာ အာရုံလွတ်သွားသည့် သူ့လက်ထဲကနေ သူမက စီယာတိုင်ကို နောက်တစ်ခါ ပြန်ဆွဲလုကာ လှည့်ပြန်သည်။ ဒီတော့ သူ့မှာ နာကျင်တာကိုလည်း မမှုအား။ ကားမတိမ်းမှောက်ဖို့ကိုပဲ အာရုံစိုက်ကာ ပြန်ထိန်းရလေတော့သည်။

"သေမယ်၊ ငါလည်းသေမယ်၊ နင့်ကိုပါ အပါခေါ်မယ်"

"မလုပ်ပါနဲ့မ,ရယ်၊ မလုပ်နဲ့၊ မ. . ."

နှစ်ယောက်သား တွန်းထိုးနေကြတုန်းမှာပဲ ရှေ့တည့်တည့်ဆီမှ ကုန်တင်ကားတစ်စီးက သူ့မျက်လုံးထဲသို့ ရိုပ်ခနဲတိုးဝင်လာလေသည်။ သူ့ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရကာ. . .

"မ. . . ရှေ့မှာ ကားလာနေတယ်၊ လွှတ်ပါ မ,ရယ်၊ မ. . . ဟာ. . ."



# အမှန်းတုံသွား အချစ်ရထား

သူ့အာပြောက နောက်ကျသွားရကာ ကားက မျက်နှာချင်းဆိုင်လာနေသည့် ကုန်တင်ကားကြီးဆီသို့ တန်းတန်းမတ်မတ်ပြေးဝင်သွားတော့၏။ သူက ကားဘရိတ်ကို နင်းဖို့ကြိုးစားသော်လည်း ကားက အရှိန်ပါနေတာကြောင့် မမီတော့ချေ။

"အား. . ."

သူမက ထိတ်လန့်တကြားဖြင့် မျက်လုံးများကို မှေးမှိတ်ပစ်လိုက်ကာ အော်သည်။ ဒီအချိန်မှာပဲ သူက ဘယ်လိုမှ ရပ်တန့်ဖို့မမီတော့သည့် ကားကို ထိန်းချုပ်ဖို့မကြိုးစားတော့ဘဲ သူမ အထိမနာဖို့ကိုပဲ အာရုံစိုက်လိုက်တော့ကာ သူမခန္ဓာကိုယ်ပေါ်ကို သူ့ခန္ဓာကိုယ်ဖြင့်မှောက်ချကာ ကာကွယ်ပေးထားလိုက်တော့လေသည်။

"မ. . ."

ကားနှစ်စီး အရှိန်ပြင်းပြင်းဖြင့် ခေါင်းချင်းဆိုင်ကာ တိုက်မိသံက ပတ်ဝန်းကျင်မှာ ကြောက်မက်ဖွယ်ကောင်းစွာ ထွက်ပေါ်လာလေသည်။ ဘရိတ်နင်းသံ၊ ကတ္တရာလမ်းနှင့် ကားတာယာပွတ်ဆွဲသံ၊ မှန်ကွဲသံများဖြင့် ဆူညံပွက်လောရိုက်သွားတော့သည်။

* * * * *



www.burmeseclassic.com

www.burmeseclassic.com





ကားခေါင်းခန်းတံခါးတွေပွင့်ထွက်ကုန်သလို ကားမှန်တွေလည်း ရစရာမရှိအောင် ကြေမွကုန်ပြီး မီးခိုးတွေ တအူအူထွက်နေသည့် ကားပေါ်မှာ လမင်းက ကြောင်စီစီမျက်လုံးများဖြင့် အကြီးအကျယ် ရှော့ခ်ရလျက်ရှိသည်။ သူမနဖူးမှ သွေးတွေကလည်း မြင်မကောင်းအောင် စီးကျလျက်ရှိ၏။ အဲဒီလိုဖြစ်နေသည့် သူမ၏ပေါင်ပေါ်မှာတော့ ဆီဇာမင်းမြတ်က သွေးအလူးလူးဖြင့်ရှိကာ သူမကို မော့ကြည့်နေရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မ. . . မ. . . ဘာဖြစ်သွားသေးလဲဟင်. . . အ. . ."

ဆီဇာက အသက်ရှူမဝတော့ဟန်ဖြင့် လေကိုအငမ်းမရ ရှူကာ အားယူနေ၏။ သူ့ပါးစပ်ထဲ၊ နှာခေါင်းထဲနှင့် မျက်လုံးများကြားမှလည်း သွေးတွေက စွေးစွေးနီကာစီးကျနေ၏။ ဒါပေမယ့် သူက သူ့ဝေဒနာတွေကို ဂရုမထား။ သူမကိုသာ ကြည့်နေရင်းက. . .

"ကျွန်. . . ကျွန်တော်က မ,ကို အ. . . အရမ်းချစ်လို့ပါ မ,ရယ်. . အ. . ."

ဆီဇာက သူပြောချင်တာတွေကို အငမ်းမရပြောနေပေမယ့် လမင်းကတော့ အသိစိတ်မဲ့နေသူတစ်ယောက်လို ဘာစကားမှ ပြန်မပြောနိုင်ဘဲ သူမပေါင်ပေါ်မှာ ပက်လက်အထားဖြင့် ရှိနေသည့် သူ့အား ကြောင်စီစီမျက်လုံးများဖြင့်သာ ကြည့်နေလေတော့သည်။ သူမမျက်လုံးများမှလည်း မျက်ရည်တွေ စီးကျနေ၏။ ဒါပေမယ့် သူမငိုနေတာလည်း မဟုတ်ချေ။ ထုံထိုင်းကာဆွံ့အနေတာမျိုးဖြစ်၏။

"ဒီဇာတ်လမ်းမှာ. . . ကျွန်. . . ကျွန်တော်က ဒသဂီရိလိုလူဆိုးတစ်ယောက်ပါ မ,ရယ်၊ အ. . . အချစ်ရေးမှာ. . . မင်းသား မဟုတ်ပေမယ့်. . . ကျွန်တော့်ကိုယ် ကျွန်တော်ထက်တော့. . . မ,ကိုပိုချစ်ခဲ့ပါတယ် မ,ရယ်"





ပြောပြီးနောက် ဆီဇာက အားယူပြုံးလိုက်ကာ လမင်းရဲ့ပါးကို ထိကိုင်လိုဟန်ဖြင့် လက်တစ်ဖက်က မြောက်တက်လာလေသည်။ ဒါပေမယ့် ဆီဇာ့လက်က သူမ၏ ပါးဆီကို မရောက်လိုက်ချေ။ လမ်းတစ်ဝက်ကနေပဲ အောက်ကိုပြန်ပြုတ်ကျသွားကာ ဇက်ကျိုးပြီး ငြိမ်သက်သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com





လမ်းမပေါ်မှာက ခေါင်းချင်းတည့်ကာ တိုက်မိလျက်သား ရှိနေသည့် ကားနှစ်စင်း။ ကုန်တင်ကားကြီးပေါ်က ဒရိုင်ဘာက သတိလစ်မေ့မျောနေ၏။ ကားကလေးပေါ်မှာကတော့ ကြောင်စီစီမျက်လုံးများဖြင့် ရှိနေသည့် လမင်း။ သူမပေါင်ပေါ်မှာက အသက်မဲ့နေပြီဖြစ်သည့် အချစ်လူမိုက်ကလေးတစ်ယောက်။

ပြီးတော့ လမင်းထိုင်နေသော ကားဘက်ခြမ်း၏ အပြင်မှာတော့ ချစ်လူမိုက်ကလေးရဲ့ ဝိညာဉ်က ဝမ်းနည်းကြေကွဲစွာဖြင့် ချစ်ရသူ သူမအား ငေးကြည့်တိုင်တည်နေ၏။

"တကယ်တော့ ကျွန်တော်ဟာ အချစ်ရဲ့ကျေးကျွန် တစ်ယောက်ပါ၊ အချစ်ကသာ လက်ယပ်ခေါ်မယ်ဆို ရင် ဘယ်လိုအခက်အခဲ ဘယ်လိုအတားအဆီးတွေပဲရှိ ရှိ သူ့ဆီကိုရောက်အောင် သွားချင်တဲ့လူမျိုးပေါ့၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com





ကြောင့် မ,ရဲ့အချစ်ကိုရဖို့အတွက်ဆိုရင် ကျွန်တော်ဝ
ယုန်ငယ်လေးတစ်ကောင်လို ဖြူစင်သင့်ရင် ဖြူစင်
သလို ဘီလူးတစ်ကောင်လို ကြမ်းတမ်းသင့်တယ်ထ
ရင်လည်း ကြမ်းတမ်းခဲ့ပါတယ် မ,ရယ်၊ ကျွန်တော်
ထင်တာက မ,ကျွန်တော့်ကို ဘယ်လောက်ပဲမုန်းနေ
စေ၊ ကျွန်တော်ကသာ အချစ်ပေးရင် မ,ရဲ့ အမုန်းတွေ
နဲ့ထုံမွှန်းနေတဲ့ နယ်မြေတစ်ခုကိုဖျက်ဆီးပြီး မ,ရဲ့ အချ
တွေကို သိမ်းပိုက်နိုင်လိမ့်မယ်လို့ပေါ့၊ တကယ်တမ်း
တော့ ကျွန်တော်စီးနင်းခဲ့တဲ့ အချစ်ရထားဟာ မ,ရဲ့
အမုန်းဘုံကို မကျော်လွှားနိုင်ခဲ့ပါဘူး၊ ဒါပေမယ့် ကျွန်တော်
ကျေနပ်တယ်မ,ရဲ့၊ ဘာလို့လဲဆိုတော့ မ,အချစ်
ကျွန်တော်မရခဲ့ပေမယ့်လို့ ကျွန်တော့်အချစ်ကိုတော့
မ,သိအောင် ကျွန်တော် ချပြနိုင်ခဲ့လို့လေ၊ တစ်
တရံကျတော့ အချစ်ဆိုတာ ကိုယ်က ချစ်နေရရုံလေး
လည်း ပြီးပြည့်စုံနေတတ်တဲ့ ခံစားချက်ကလေးတစ်
ဖြစ်တယ်ဆိုတာ ကျွန်တော်သိလိုက်ရပြီလေ၊ ကျွန်တော်
မရှိတဲ့ဘဝမှာ ပျော်ပါစေ မ,ရယ်. . .”

လူမိုက်ကလေး ဘယ်လောက်ပြောနေပါစေ။ သူချစ်
သည့် သူမကတော့ လူမိုက်ကလေးရဲ့စကားတွေကို ဘယ်တော့
မှ ကြားနိုင်တော့မည်မဟုတ်ချေ။



သူမက အသက်မဲ့နေသည့် လူမိုက်ကလေးအား ကြောင်စီ
စီမျက်လုံးများဖြင့် ငုံ့ကြည့်နေကာ မျက်ရည်တွေ အသံတိတ်စီး
ကျနေ၏။ ခဏကြာတော့မှ သူမက အသံထွက်ကာ ဝမ်းနည်း
ဝက်လက်ငို၏။ အဲဒီလိုငိုနေရင်းကနေပဲ သူမ၏ နှုတ်ခမ်းများက
တဖြည်းဖြည်းချင်း ပြုံးလာပြန်တော့သည်။ ထိုသို့ပြုံးနေရာက
နေပဲ သူမက ခေါင်းမော့လှန်ကာ ရူးသွပ်သွားသူတစ်ယောက်လို
အားရပါးရ ရယ်၏။ ရယ်နေရင်းကနေပဲ ရုတ်တရက် ငိုပြန်၏။

ထို့နောက် သူမ ရယ်ပြန်လေသည်။

ဘဝအမောများ ပြေပျောက်နိုင်ကြပါစေ. . .

လေးစားလျက်. . . .

ရာဇဝင်ကို

2 : 09 (pm)

18 - 2 - 2015

Wednesday.



www.burmeseclassic.com

www.burmeseclassic.com








အသစ်ဆုံးနှင့်ရဲ့ မာယာတွေကြားမှာ
အချစ်ရှုံးခဲ့တယ် အလူးအလဲပဲ...
အင်းပေါ့လေ...
ငါက အရှုံးပဲပါ။

အဲဒီလို အရှုံးတစ်ပိုင်းခံစားချက်တွေနဲ့...
ငါက အီးလှူးဆိုင်းတီးပြီး ကပြခဲ့တာတောင်
နှင်ကတော့ အပြုံးမပျက်...
ပိုထက်တောင် ဆရာကျလွန်းခဲ့ပါတယ်။

မနာပါဘူးလို့ ငါကြွေးကြော်ခဲ့ပေမယ့်
အပြေးတော်တော့နှင်က...
ရင်ခွင်အသစ်တစ်ခုဆီကို
ပိုထက် အရှင်ရောက်ခဲ့တာနော်။

ငါက ဝှန်းဒိုင်းကြခဲ့ပေမယ့်...
နှင်က အပြုံးမိုင်းပဲခွဲပြခဲ့တော့
လှုပ်ရှင်းအမြင်မှာ...
ငါဟာ အရှိုင်းအနိုင်းတစ်ကောင်ဖြစ်...
အဲဒီလောက်တောင် နှင်က သစ်တာလေ...





အခုတော့...
ဒီဇာတ်လမ်းရဲ့ အတက်အကျမှာ
ငါက ဒသာတော့ ဒသာ
ဒီပေမယ့်...
ခေါင်းတစ်လုံးနဲ့ ဒသာ။ ။

ရာဇဝင်တို



www.burmeseclassic.com